# ပုဒ္ဓဒဘသိ

ဒဂုန်

## ဦးသုမန

ဝဏ္ဏဒီပ

၆၄

ဒဂုဏ် – ဦးသုမန

# ဗုဒ္ဓအသိ

ဓမ္မဒါန

[ ရှင်ရာဟုလာ–တည်းဖြတ်သည် ]

အပုံး-ခွင့်ပြုအမှတ် ၁၂၁၈

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၆၃၈)

ကျမ်းပြု- ဒဂုဏ်အရှင်သုမန

စာအုပ်အမည်- ဗုဒ္ဓအသိ

အကြိမ်- ပထမအကြိမ်

အုပ်ရေ- ၂၀၀၀

၁၉၈၀-ခုနှစ် ဖေဖော်ဝါရီလ

ထုတ်ဝေသူ- ဦးကုသလ ကင်းလွတ်ခွင့်အမှတ်(၂၄၈)
အေးရိပ်သာပရိယတ္တိစာသင်တိုက်၊
ဆ/ခ ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊
သဃ်န်းကျွန်း။ ရန်ကုန်မြို့။

ပုံနှိပ်သူ- ဦးခင်ဝင်း (၀၁၄၀၅) သူရိန်ပုံနှိပ်တိုက်
အမှတ် ၁၃၊ ဝတ်ကျောင်းလမ်း၊ ရေကျော်
ရန်ကုန်မြို့။

ဓမ္မဒါန

တည်းဖြတ်သူ- ရှင်ရာဟုလာ

# မာတိကာ


| အမှတ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | တည်းဖြတ်သူအမှာ | – | ၁ |
| ၂။ | နိဒါန်း | – | ၃ |
| ၃။ | သင်္ခါရ | – | ၅ |
| ၄။ | အကျိုးသတ္တသင်္ခါရခန္ဓာ | – | ၆ |
| ၅။ | ဇာတိဒုက္ခ | – | ၇ |
| ၆။ | ဇရာဒုက္ခ | – | ၈ |
| ၇။ | ဗျာဓိဒုက္ခ | – | ၉ |
| ၈။ | ဇရာနှင့်ဗျာဓိ | – | ၁၀ |
| ၉။ | မရဏဒုက္ခ   မရဏနှစ်မျိုး | – | ၁၃ |
| ၁၀။ | ဥတုဇခန္ဓာ | – | ၁၆ |
| ၁၁။ | ဒုက္ခသစ္စာ | – | ၁၆ |
| ၁၂။ | သစ္စာလေးပါး | – | ၁၈ |
| ၁၃။ | မဂ္ဂင်ရှစ်ပါး | – | ၁၈ |
| ၁၄။ | သစ္စာလေးပါး ရှင်းလင်းချက် | – | ၁၉ |

| အမှတ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | ဒုလ္လဘတရားငါးပါး | – | ၁၉ |
| ၁၆။ | သဒ္ဓါလေးမျိုး | – | ၂၃ |
| ၁၇။ | လူသမုတိ သစ္စာ | – | ၂၄ |
| ၁၈။ | သမုတိပေါ်ပုံ | – | ၂၅ |
| ၁၉။ | သမုတ်ရှိရုပ်နာမ် | – | ၂၆ |
| ၂၀။ | သမ္မာဒိဋ္ဌိတရားလေးပါးနှင့် ပြည့်စုံပုံ | – | ၃၀ |
| ၂၁။ | ဗြဟ္မာ့ဝိဟာရတရားလေးပါး | – | ၃၁ |
| ၂၂။ | ဝိသုဒ္ဓိခုနှစ်ပါး | – | ၃၂ |
| ၂၃။ | ဝိသုဒ္ဓိခုနှစ်ပါး အဓိပ္ပါယ် | – | ၃၃ |
| ၂၄။ | သမ္မာဒိဋ္ဌိတရား အဓိပ္ပါယ် | – | ၃၃ |
| ၂၅။ | သဗ္ဗသင်္ခါရက္ခန္ဓာ | – | ၃၄ |
| ၂၆။ | အာယတန ဆယ့်နှစ်ပါး | – | ၃၄ |
| ၂၇။ | ခန္ဓာ | – | ၃၄ |
| ၂၈။ | ဓာတ်ဆယ့်ရှစ်ပါး | – | ၃၅ |
| ၂၉။ | ဥဂ္ဂဟပရိယတ် | – | ၃၉ |
| ၃၀။ | သဝနပရိယတ် | – | ၃၉ |
| ၃၁။ | ဓာရဏပရိယတ် | – | ၄၀ |
| ၃၂။ | နာမရူပ ပရိစ္ဆေဒဉာဏ် | – | ၄၂ |
| ၃၃။ | သံသရာလည်ပုံ | – | ၄၂ |
| ၃၄။ | သက္ကာယ ခန္ဓာ | – | ၄၄ |
| ၃၅။ | ဥပါဒါနက္ခန္ဓာ | – | ၄၄ |
| ၃၆။ | ကိလေသာသုံးပါး | – | ၄၇ |

| အမှတ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၇။ | အနုသယကိလေသာ ကိန်းပုံ | – | ၄၀ |
| ၃၈။ | စူဠဝေဒလ္လသုတ်ပါဠိတော်အဆင့် | – | ၅၂ |
| ၃၉။ | ပရိယုဋ္ဌာနနုသယ ကိန်းပုံ | – | ၅၅ |
| ၄၀။ | အဝိဇ္ဇာနုသယ ကိန်းပုံ | – | ၅၆ |
| ၄၁။ | ဝဋ်သုံးပါး | – | ၅၇ |
| ၄၂။ | ဝဋ်သုံးပါး၌ သစ္စာလေးပါး | – | ၅၈ |
| ၄၃။ | ဒုက္ခသစ္စာ ရှုပွါးပုံ | – | ၅၉ |
| ၄၄။ | လောကသုံးပါး | – | ၆၀ |
| ၄၅။ | ရုပ်လေးမျိုး | – | ၇၅ |
| ၄၆။ | ကံကြောင့်ဖြစ်တဲ့ရုပ် | – | ၇၅ |
| ၄၇။ | စိတ်ကြောင့်ဖြစ်တဲ့ရုပ် | – | ၇၆ |
| ၄၈။ | ဥတုဇရုပ် | – | ၇၇ |
| ၄၉။ | အာဟာရဇရုပ် | – | ၇၈ |
| ၅၀။ | ရုပ်အကြောင်း နာမ်အကျိုး | – | ၇၈ |
| ၅၁။ | နာမ်အကြောင်း ရုပ်အကျိုး | – | ၇၉ |
| ၅၂။ | ရုပ်နာမ် အနိမိတ္တ | – | ၈၀ |
| ၅၃။ | ပဋ္ဌာနရှု၌ဖြစ်တဲ့ ရုပ်နာမ်၌သစ္စာလေးပါး | | ၈၁ |
| ၅၄။ | ဓမ္မာရုံ နာမ်ရုပ်၌ သစ္စာလေးပါး | – | ၈၂ |
| ၅၅။ | နာမ်ရုပ်၌ သစ္စာလေးပါး | – | ၈၂ |
| ၅၆။ | သမထ | – | ၈၃ |
| ၅၇။ | အတ္တကိလမထခန္ဓာ | – | ၈၄ |
| ၅၈။ | အတ္တကိလမထဖြစ်နေပြီလို့ပြောနိုင်ပါမည်လော | | ၈၅ |

## မာတိကာ


| အမှတ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၉။ | ထွက်သဘော ဝင်သဘော | – | ၈၆ |
| ၆၀။ | အရှင်သာရိပုတ္တရာနှင့်ရှင်ရာဟုလာ | – | ၈၇ |
| ၆၁။ | သမထ ဝိပဿနာ | – | ၉၀ |
| ၆၂။ | မိန်းမငယ်တဦးအပေါ် ရဟန်းငယ်တပါးအမြင် | | ၉၂ |
| ၆၃။ | သမထ အလုပ် | – | ၉၃ |
| ၆၄။ | ပရိကမ် | – | ၉၄ |
| ၆၅။ | သမထ သမ္မုတိရုပ်နာမ်သိ | – | ၉၅ |
| ၆၆။ | သာဓက | – | ၉၆ |
| ၆၇။ | သမထမှ ဝိပဿနာသို့ | – | ၉၇ |
| ၆၈။ | သဘာဝယုတ္တိ | – | ၉၉ |
| ၆၉။ | သမထမှ ဝိပဿနာသို့ ရှုပွါးနည်း | – | ၁၀၀ |
| ၇၀။ | သဘော သဘာဝ လက္ခဏာ | – | ၁၀၂ |
| ၇၁။ | သစ္စာလေးပါး | – | ၁၁၁ |
| ၇၂။ | သတိပဋ္ဌာန် တရားလေးပါး | – | ၁၁၄ |
| ၇၃။ | ကာယာနုပဿနာ သတိပဋ္ဌာန် | – | ၁၁၅ |
| ၇၄။ | စိတ္တာနုပဿနာ သတိပဋ္ဌာန် | – | ၁၁၆ |
| ၇၅။ | ဝေဒနာ နုပဿနာ သတိပဋ္ဌာန် | – | ၁၁၆ |
| ၇၆။ | ဓမ္မာ နုပဿနာ သတိပဋ္ဌာန်း | - | ၁၁၇ |
| ၇၇။ | မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံပုံ | - | ၁၂၁ |
| ၇၈။ | သမ္ပဒါတရားလေးပါးနှင့် ပြည့်စုံပုံ | - | ၁၂၂ |
| ၇၉။ | ဗြဟ္မစိုရ်တရားလေးပါးနှင့်ပြည့်စုံပုံ | - | ၁၂၃ |
| ၈၀။ | ဝိသုဒ္ဓိခုနစ်ပါးနှင့်ပြည့်စုံပုံ | - | ၁၂၄ |

| အမှတ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၁။ | ပုညကြိယာ | - | ၁၂၄ |
| ၈၂။ | သိရမည့်တရားသုံးမျိုး | - | ၁၃၀ |
| ၈၃။ | အပေါင်း အနှုတ် | - | ၁၃၁ |
| ၈၄။ | စေတနာဒါန နိရောဓဒါန | - | ၁၃၃ |
| ၈၅။ | ကုသိုလ်သုံးမျိုး | - | ၁၃၄ |
| ၈၆။ | ဝဋ္ဋနိဿိတ ဒါနနှင့် ဝိဝဋ္ဋနိဿိတဒါန အကျိုးပေး ကွာခြားပုံ | - | ၁၄၄ |
| ၈၇။ | ဉာဏ်ကုသိုလ် | - | ၁၄၅ |
| ၈၈။ | ပုညကြိယာ ဆယ်ပါး၏အရည်အသွေး | - | ၁၄၇ |
| ၈၉။ | စရိုက်ခြောက်ပါး | - | ၁၄၉ |
| ၉၀။ | လိုက်နာကျင့်သုံးရမည့် စရိုက်သုံးပါး | - | ၁၅၀ |
| ၉၁။ | ဥေယျဓမ် တရားငါးပါး | - | ၁၅၁ |
| ၉၂။ | အာနဉ္ဇာဘိ သင်္ခါရ | - | ၁၅၃ |
| ၉၃။ | အာရုပ္ပကမ္မဋ္ဌာန်းလေးပါး | - | ၁၅၃ |
| ၉၄။ | သုံးဆယ့်တဘုံ | - | ၁၅၄ |
| ၉၅။ | ရူပဆယ့်ခြောက်ဘုံ | - | ၁၅၄ |
| ၉၆။ | ကာမသုဂတိခုနစ်ဘုံ | - | ၁၅၅ |
| ၉၇။ | အပါယ်လေးဘုံ | - | ၁၅၅ |
| ၉၈။ | ဘုံအလိုက် အကျိုးပေးပုံ | - | ၁၅၅ |
| ၉၉။ | ဝိကာရ | - | ၁၅၆ |
| ၁၀၀။ | လက္ခဏာ | - | ၁၅၆ |
| ၁၀၁။ | နိဗ္ဗာန် | - | ၁၅၇ |

| အမှတ် | အကြောင်းအရာ | |
|---|---|---|
| ၁၀၂။ | ပညတ် | - |
| ၁၀၃။ | ပဋိဃရုံ ဝိညာဏ် သမ္ပယုတ်အမှုန်လေးပါး | |
| ၁၀၄။ | ဓမ္မာရုံသညာသမ္ပယုတ်၌ အမှုန်လေးပါး | - |
| ၁၀၅။ | မိစ္ဆာမဂ္ဂင်၌ အမှုန်လေးပါး | - |
| ၁၀၆။ | မူလနှစ်ပါး | - |
| ၁၀၇။ | ကာလသုံးပါး | - |
| ၁၀၈။ | အစပ်သုံးပါး | - |
| ၁၀၉။ | အလှာလေးလှာ | - |
| ၁၁၀။ | အခြင်းအရာ (၂၀) | - |
| ၁၁၁။ | ဝဋ်သုံးပါး | - |
| ၁၁၂။ | ကာယိကဒုက္ခ | - |
| ၁၁၃။ | စေတသိကဒုက္ခ | - |
| ၁၁၄။ | ဝိရတီသုံးပါး | - |
| ၁၁၅။ | နိဂုံးချုပ် အာသိသပတ္ထနာဂါထာ | - |


မာတိကာ ပြီး၏။

## တည်းဖြတ်သူအမှာ—

ဤ'ဗုဒ္ဓအသိ'စာအုပ်ကို ရေးသားသူ ဆရာတော်က ဤစာမူကို မရေးမီကပင် "စာအုပ်တအုပ် ရေးချင်တယ် တည်းဖြတ်ပေးပါ"ဟု အမိန့်ရှိခဲ့ပါသည်။ ကျွန်ုပ်က ဆရာတော်စာမူဖြစ်အောင်ရေးပါ၊တပည့်တော်ကြိုးစား ဆောင်ရွက် ပေးပါမယ်" ဟု ဂတိပြုလိုက်ပါသည်။ ဤသို့ဖြင့် တနှစ်နီးပါးကြာသောအခါ ကျွန်ုပ်ထံသို့စာ မူရောက်လာပါသည်။

"ဗုဒ္ဓအသိ"၌

(၁) ခန္ဓာငါးပါး၊ ရုပ်နာမ် တရားများကို လူတိုင်း နားလည်နိုင်ရန် "စကားပြော"ဖြင့် ရေးသား ထားသည်ကိုတွေ့ရှိပါသည်။

(၂) ခန္ဓာငါးပါး၊ လက္ခဏာရေးသုံးပါး၊ရုပ်နာမ်ဓမ္မ များကို ဗုဒ္ဓသိသည့်အတိုင်း ဟောကြားထားခဲ့ သမျှအနက်၊ဗုဒ္ဓဘာသာဝင်များ သိသင့်သိထိုက် သောအချက်အလက်တို့ကို ထုတ်နှုတ်တင်ပြထား သည်ကို တွေ့ရပါသည်။

## တည်းဖြတ်သူ အမှာ

(၃) ဆရာတော်၏စေတနာ၊ ဘာသာရေးဆိုင်ရာကျမ်းဂန်များ ကျွမ်းကျင်နှံ့စပ်မှုအရေးအသားခေတ်မီမှု စသည်တို့ကို တွေ့ရပါသည်။

ဆရာတော်သည် သာမဏေဘဝမှသည် ယနေ့တိုင် အောင်သက်တော်(၆၀)ကျော်မျှသာသနာ့ဝန်ထမ်းရင်း ပိဋကတ် ကျမ်းဂန်များ၊ တခြားဘာသန္တရ ဗဟုသုတများကို လေ့လာလိုက်စားခဲ့သူ ဆရာတော် တပါးဖြစ်ရာ၊ ဤစာအုပ်၌ ဆရာတော်၏ အနှစ်နှစ် အလလက ကိန်းဝပ်နေသောပိဋကတ် အဆီအနှစ်များကို ခေတ်မီသော အရေးအသားဖြင့်တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ဤစာအုပ်၌ ချွတ်ယွင်းချက် တစုံတရာ တွေ့ရှိပါက၊ စာရေးသူ ဆရာတော်၏ ချွတ်ယွင်းချက်မဟုတ်ပဲ၊ တည်းဖြတ်သူ ကျွန်ုပ်၏ချွတ်ယွင်းချက်သာဖြစ်ပါကြောင်း ကြို တင်ဝန်ခံထားအပ်ပါသည်။

ရှင်ရာဟုလာ

၂၂-၆-၇၈

# နိဒါန်း

**စာရေးသူ၏ဆန္ဒ**

ကျွန်ုပ်သည် (ဗုဒ္ဓအသိ) ဟူသော ဤစာအုပ်ငယ်ကို သက္ကရာဇ် ၁၃၃၉ ခု ဒုတိယဝါဆိုလဆန်း (၃)ရက်နေ့မှစတင်ရေးသားခဲ့သည်။ နတ်တော်လဆန်း (၁၀) ရက်နေ့တွင် အပြီးသို့ ရောက်ခဲ့ပါသည်။

စာရေးသူသည် မိမိသိထားပြီး ဖြစ်သော ဗုဒ္ဓတရားတော်များကို အများသူတို့အား သိစေလိုသော ဆန္ဒအလွန်ပြင်းပြခဲ့သည်။ သိနိုင်သောနည်းမှာ စာအုပ်ရေးသား၍ ဖြန့်ချီသောနည်းမှတပါး အခြားမရှိဟုယုံကြည်ခြင်းဖြင့် ရေးသားခဲ့သည်။ဤစာအုပ်ငယ်ကို လေ့လာဘတ်ရှုသူအပေါင်းတို့အား ဝိပဿနာအရာ၌ သိသင့်သိထိုက်သော အချက်အလက်များကို ဤစာအုပ်သည်ပေးစွမ်းနိုင်လိမ့်မည်ဟုလည်းမုချယုံကြည်ပါသည်။ ။

**ဒဂုဏ် အသျှင်သုမန**

**အနတ္တဝါဒီကျောင်း**

**နဝရလမ်း၊ (၉) ရပ်ကွက်**

**သာကေတမြို့။**

# ဗုဒ္ဓအသိ

ဗုဒ္ဓံ ဓမ္မံ သံဃံ အဟံဝန္ဒာမိ၊

ရတနတ္တယ မိဒံ မေ သီသေ တိဋ္ဌတု။ ။

အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓံ ဓမ္မံ သံဃံ၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣဒံ ရတနတ္တယံ၊ ဤရတနာသုံးပါးသည်။ မေ၊ ငါ၏။ သီသေ၊ ဦးခေါင်း၌။ တိဋ္ဌတု၊ တည်ပါစေသောဝ်။ ။

## သင်္ခါရ

သင်္ခါရတရားဆိုဒါ နှစ်မျိုးရှိတယ်။ ဒီနှစ်မျိုးကတော့ သတ္တသင်္ခါရနှင့် သဗ္ဗသင်္ခါရတို့ဖြစ်တယ်။ သတ္တသင်္ခါရဆိုဒါ ခန္ဓာငါးပါးကို သတ္တဝါလို့ ခေါ်ဝေါ်သမုတ် အမည်ပေးထားခြင်းပင်ဖြစ်တယ်။ အဲဒီ သတ္တဝါဆိုတဲ့အမည်နဲ့ လူဖြစ်လိုက် နတ်ဖြစ်လိုက် ခွေး ဝက် ကျွဲ နွားဖြစ်လိုက်နဲ့ ဘဲ ဘုံသုံးပါးမှာ လည်ပတ် ဖြစ်နေရခြင်းပင် ဖြစ်တယ်။ သဗ္ဗသင်္ခါရဆိုတာ အဝိဇ္ဇာ

တဏှာနှစ်ပါးကြောင့် စိတ်အာရုံမှာဖြစ်ပေါ်လာတဲ့ သက္ကာယ ခန္ဓာနှင့် ဥပါဒါန်ခန္ဓာနှစ်ပါးဖြစ်တယ်။ သတ္တသံခါရခန္ဓာဟာ အကျိုးခန္ဓာဖြစ်တယ်။ သဗ္ဗသံခါရခန္ဓာဟာ အကြောင်းခန္ဓာ ဖြစ်တယ်။

ဒီသံခါရခန္ဓာနှစ်ပါးတို့အနက် သတ္တသံခါရ ခန္ဓာဟာ ဘဝ ပစ္စယာဇာတိ ဆိုတဲ့ ဒေသနာအရ ဘဝကြောင့် ရရှိထားတဲ့ အကျိုးခန္ဓာဖြစ်တယ်။ သဗ္ဗသံခါရ ခန္ဓာဟာ အကြောင်းခန္ဓာ ဖြစ်တယ်။ အကြောင်းခန္ဓာဟာ လည်တဲ့ခန္ဓာ အကျိုးခန္ဓာ ဟာ သံသရာ မလည်တဲ့ခန္ဓာဖြစ်တယ်။ ။

## အကျိုးသတ္တသံခါရခန္ဓာ

ဘဝပစ္စယာဇာတိ ဆိုတဲ့အတိုင်း ဘဝဟူသော အကြောင်း ကြောင့် ရရှိထားတဲ့ခန္ဓာဟာ ဇာတိဆိုတဲ့ အကျိုး သတ္တသံခါရ ဖြစ်တယ်။ ဘဝဆိုတာ ကမ္မဘဝ ကုသိုလ် အကုသိုလ်ကံ ဖြစ် တယ်။ ဇာတိဟာ ဒုက္ခသစ္စာဖြစ်တယ်။ ဒီနေရာမှာ ဇာတိဆိုတာ အမိဝမ်းမှာ ပဋိသန္ဓေယူရတာကို ဆိုလိုတယ်။

ဒါကြောင့် ဇာတိဒုက္ခလို့ ဟောတော်မူခြင်း ဖြစ်တယ်။ တနည်းအားဖြင့် အတိတ် အကြောင်းအရာ ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရားငါးပါးကို ရလာခြင်းဖြစ်တယ်။ အတိတ် အကြောင်းငါးပါးကတော့ အဝိဇ္ဇာ သံခါရတဏှာ ဥပါဒန် ကမ္မဘဝတို့ ဖြစ်ကြတယ်။ ပစ္စုပ္ပန် အကျိုးတရားငါးပါးက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ ဖြစ်ကြတယ်။

အတိတ်အကြောင်းတရားငါးပါးဟာ သမုဒယသစ္စာ ဖြစ်တယ်။ ပစ္စုပ္ပန် အကျိုးငါးပါးဟာ ဒုက္ခသစ္စာဖြစ်တယ်။ သို့သော် အများသိတာကတော့ ကုသိုလ်ကံကြောင့် လူဖြစ်တယ်။ နတ်ဖြစ်တယ်။ အကုသိုလ်ကံကြောင့် ခွေး ဝက် ကျွဲ နွား စသည်ဖြစ်တယ်လို့ သိထားကြတယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့မသိကြဘူး။ မသိဒါ အဝိဇ္ဇာဖြစ်တယ်။

ဒါဖြင့် မသိတဲ့အဝိဇ္ဇာကြောင့် သတ္တဝါဖြစ်နေရတယ်။ ပြုပြင်မှုသင်္ခါရကြောင့် အိုနာ သေ ကွဲ ဖြစ်နေရဘယ်။ တောင်းတ သာယာမှုတဏှာကြောင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်နေရတယ်။ စွဲလန်းမှု ဥပါဒါန်ကြောင့် အဖို အမ ဖြစ်နေရတယ်။ ဒါကြောင့် အာရုံတွေအမျိုးမျိုးကြံပြီး ဘုံသုံးပါးမှာလည်ပတ်ပြီး သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်အဖွဲ့မှာ လမ်းဆုံးနေကြရတယ်။

## ဇာတိဒုက္ခ

ဒုက္ခဟာ ခံနိုင်ခဲသော ဆင်းရဲဖြစ်တယ်။ အမိဝမ်းတွင်း၌ ပဋိသန္ဓေ တည်နေရမှုမှာလည်း ခံနိုင်ခဲသော ဆင်းရဲဖြစ်ခြင်းကြောင့် ဇာတိပိဒုက္ခာဟု ဟောတော်မူခြင်းဖြစ်တယ်။

မိခင်ဖြစ်သူ သွားလာမှု အနေအထိုင် ကြမ်းကြုတ်တဲ့အခါမျိုး အအေး အပူ အစပ်ဆိုတဲ့ အစာအဟာရများကို စားသောက်တဲ့အခါမျိုးတို့မှာ အလွန်ဆင်းရဲခြင်းကို ခံစားရတယ်။ မိခင်စားတဲ့အဟာရတို့သည်လည်း မစင် ဘင်ပုတ် ချေး သလိပ်

တွေဖြစ်ပြီး အမြဲ မကောင်းသော အနံ့အသက်တို့ဖြင့် ပြည့်နေတယ်။ ဒါကြောင့် အမိဝမ်းဗိုက်ဟာ မစင်ဘင်ပုပ်တွင်းကြီးနှင့်တူတယ်။ ဒီလို မစင်ဘင်ပုပ်တွင်းကြီးသဖွယ်ဖြစ်တဲ့ အမိဝမ်းထဲမှာ ကိုးလကျော် ဆယ်လနီးပါး ကိန်းအောင်းနေရသည်မှာ ခံနိုင်ခဲသောဆင်းရဲကို ခံစားနေရခြင်းဖြစ်တယ်။ ဤမျှ ခံနိုင်ခဲသောဆင်းရဲကို ခံစားရကြသော်လည်း လူ့ဘဝကို မငြီးငွေ့နိုင်ကြဘူး။ ကုသိုလ်ကောင်းမှုကို ပြုလုပ်တဲ့အခါ လူချမ်းသာကိုတောင်းကြတယ်။ အမှန်တော့ လူ့ဘဝဆိုဒါ ချမ်းသာမရှိဘူး။ ဇာတိဒုက္ခပြီးရင် ဇရာဒုက္ခက လာပြန်တယ်။

## ဇရာဒုက္ခ

ဇရာဆိုဒါ ရွေ့လျော ဖောက်ပြန်မှုသဘောကို ဇရာလို့ခေါ်တယ်။ ဒီခန္ဓာကြီးဟာ အမြဲ ရွေ့လျောဖောက်ပြန်နေတဲ့သတ္တသင်္ခါရအကျိုးခန္ဓာကြီးဖြစ်တယ်။ ဒီခန္ဓာကြီး ပိန်တဲ့အခါပိန်တယ်။ ဝတဲ့အခါလည်း ဝ လာပြန်တယ်။ အားခွန်ဗလတွေလည်း ဆုတ်လာတယ်။ အသားအရေတွေ တွန့်လာတယ်။ သွားတွေ ကိုက်လာတယ်။ နာလာတယ်။ ဆံပင်တွေကလဲဖြူ၊ မျက်စိကလဲမှုံ၊ နားကလဲထိုင်း၊ ခါးကလဲကုန်းလာတယ်။ ဒီသဘောတွေဟာ ဇရာနှိပ်စက်မှုကြောင့် ဒုက္ခ ဒေါမနဿ ဆိုတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုတွေ ဖြစ်ရပြန်တယ်။ ဒီဇရာဒုက္ခကို မလွန်မြောက်နိုင်ကြဘူး။

ဒါကြောင့် ဇရာတရားကို သံဝေဂ ရစေရန် နှလုံးသွင်းဆင်ခြင်ဘို့ရန်ကား-ဇရာဓမ္မောမှိဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ဇရာဓမ္မော၊ ငယ်မူယိုယွင်း ဖေါက်ပြန်ခြင်း ဆိုတဲ့ ဇရာတရားသည်။ အမှိ၊ မုချမသွေ ဖြစ်ရချေ၏။ ဇရံ၊ ဇရာတရားကို။ မယာ၊ ငါသည်။ အနတီတောတိ၊ ဘယ်နည်းနှင့်မှ မလွန်မြောက်နိုင်ဟု။ အဘိဏှံ၊ နေ့ညမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် သုံးသပ် အောက်မေ့အပ်၏။

## ဗျာဓိဒုက္ခ

လက်ရှိ ခန္ဓာဟာ သတ္တသခါရ အကျိုးခန္ဓာ ဖြစ်တယ်။ ဒီအကျိုးခန္ဓာကြီးပေါ်မှာ ရောဂါဝေဒနာတွေဟာ အမြဲနှိပ်စက်လျက်ရှိနေတယ်။ ယင်းဖြစ်ပေါ်လာသော ရောဂါကို ဗျာဓိလို့ခေါ်တယ်။ ခံစားမှုကိုတော့ ဝေဒနာလို့ခေါ်တယ်။ သို့သော်အမူမဲ့အမှတ်မဲ့ နေတဲ့အခါ သာမန်ရောဂါတွေကို အမှတ်မထင်ကြဘူး။ ဒါကြောင့် ဒီခန္ဓာကြီးကို ချမ်း သာ နေ တယ် လို့ထင်ကြတယ်။

အမှန်တော့ ချမ်း သာ နေတာ တော့ မဟုတ်ဘူး။ အမြဲဆင်းရဲနေတယ်။ ဒီခန္ဓာကြီးမှာ တောင့်ခြင်း တင်းခြင်း ညောင်းညာကိုက်ခဲခြင်းဆိုတဲ့ ရောဂါ ဝေဒနာတွေ အမြဲနှိပ်စက်နေတယ်။ မခံမရပ်နိုင်အောင် ဖျားနာခြင်း ရောဂါကျရောက်နှိပ်စက်လာတဲ့အခါမျိုးလောက်ကိုသာ ရောဂါလို့ အမှတ်ရကြတယ်။ ဒီလို

အခါ ကာယိကဒုက္ခ ကိုယ်ဆင်းရဲခြင်း စေတသိကဒုက္ခ စိတ်ဆင်းရဲခြင်းတို့ ဖြစ်လာတယ်။ ဒါကြောင့်လဲ ဗျာဓိပိဒုက္ခောလို့ ဟောတော်မူတယ်။ ဗျာဓိဒုက္ခဖြစ်လာတဲ့အခါ သံဝေဂဉာဏ်ဖြစ်ရန် နှလုံးသွင်း ဆင်ခြင်ရမှာကတော့ ဗျာဓိ ဓမ္မောမှိဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ ဗျာဓိဓမ္မော၊ ရောဂါမကင်း ဖျားနာခြင်း ဆိုတဲ့ဗျာဓိဘရားကြီးသည်။ အမှိ၊ မုချမသွေ ဖြစ်ရချေ၏။ ဗျာဓိံ၊ ဖျားနာခြင်းဆိုတဲ့ ဗျာဓိတရားကို။ မယာ၊ ငါသည်။ အနတီတောတိ၊ ဘယ်နည်းနှင့်မှ မလွန်မြောက်နိုင်ဟူ၍။ ပစ္စဝေက္ခိတဗ္ဗံ။ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

သို့သော် ဒီအသိကား ဖြစ်ပေါ်လာတဲ့ အကျိုးတရားလောက်ကိုသာ သိသော အများသိသာဖြစ်တယ်။

## ဇရာနှင့်ဗျာဓိ

ဇရာတရားဆိုတာ မျက်စိမှုံခြင်း နားထိုင်းခြင်း ဆံပင်ဖြူခြင်းစသည်တို့ဖြစ်တယ်။ ဗျာဓိ တရားဆိုတာ နာဖျားခြင်းတောင့်တင်း ကိုက်ခဲခြင်း စသည်တို့ဖြစ်တယ်။ ဒီဖြစ်ပေါ်မှုသဘောတရားဟာ အကြောင်းခံတရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးများဖြစ်တယ်။ ဒီလိုအကျိုးမျှကိုသာ သိရုံမျှဖြင့်အကျိုးမများသေးဘူး။ အကြောင်းကိုပါ ပိုင်နိုင်စွာ သိမှအကျိုးများကြပါလိမ့်မည်။ ။

ဒီဇရာတရားနှင့် ဗျာဓိတရားတို့ ဘာကြောင့် ဖြစ်ပေါ်လာရသလဲဆိုတာ အကြောင်းတရားကို ရှာကြည့်တဲ့ အခါမယ်

ပထဝီ အာပေါ ဝါယော တေဇောဆိုတဲ့ မဟာဘူတ ရုပ်လေး ပါးကို တွေ့ရတယ်။ ဒီတရားလေးပါး ရှိနေရင် အဆင်း အသံ အနံ့ အရသာဆိုတဲ့ ဥပါဒါ ရုပ်များဟာလဲ ရှိမြဲဖြစ်တယ်။ ဒီမဟာဘူတရုပ်ဆိုတဲ့ ခုတ်လေးပါး မရှိရင် အဆင်း အသံ စတဲ့ တရားတွေဟာလဲ မရှိနိုင်ဘူး။ ။

## မဂ္ဂဒုက္ခ

ဗျာခါ အဆုံးမှာမဂ္ဂဆိုတဲ့တရားက ပေါ်လာတယ်။ မဂ္ဂဆိုဒါ ဆုံးရှုံးပျက်စီးခြင်း သဘောဖြစ်တယ်။ ဒီခန္ဓာကြီးဟာ တနေ့နေ့မှာ ပျက်စီး ဆုံးရှုံးရမှာ အမှန်ဘဲ၊ ဒီပျက်စီးဆုံးရှုံး ဒါကိုဘဲ သေတယ်လို့ခေါ်တယ်။ သေတဲ့အခါမှာလဲ ပတ်ဝန်း ကျင် အသိုင်းအဝိုင်းတို့မှာ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့တရားတွေဖြစ်ကြရပြန်တယ်၊ဒါကြောင့်မဂ္ဂမှိ ဒုက္ခံလို့ ဟောတော်မူတယ်။ ဤမဂ္ဂတရားမှာလဲ အောက်ပါ အတိုင်း နှလုံးသွင်းရမယ်။ ဆင်ခြင်ရမယ်။

မဂ္ဂဓမ္မောမှိ မဂ္ဂံ အနတီတောတိ အဘိဏှံပစ္စဝေက္ခိတဗ္ဗံ။ ဘိက္ခဝေ၊တို့။ မဂ္ဂဓမ္မော၊ သေခြင်း သဘောသည်။ အမှိ၊ ဖြစ်ချေ၏။ မဂ္ဂံ၊ ကို။ မယာ၊သည်။ အနတီတောတိ၊ မလွန် နိုင်ဟူ၍။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ အပ်၏။ ။

## မဂ္ဂနှစ်မျိုး

မဂ္ဂဟာ ဝေါဟာရ မဂ္ဂ ခဏိကမဂ္ဂရယ်လို့ နှစ်မျိုး ရှိတယ်၊ ဝေါဟာရမဂ္ဂဟာ ပညတ်သေ မဂ္ဂမျိုးဖြစ်တယ်၊

ခဏိက မရဏမျိုးဟာ ပရမတ်သေ မရဏမျိုး ဖြစ်တယ်၊ ဝေါဟာရ မရဏမျိုးဆိုတာက လူများ အခေါ်အဝေါ် အားဖြင့် ဦးလှသေသည် ဦးဖြူသေသည် စသည်အားဖြင့်သုံးနှုန်းပြောဆိုခြင်း ဖြစ်တယ်။

ခဏိကမရဏဆိုဒါ ပရမတ္ထရုပ်နာမ်တို့ ဖြစ်ပျက်ခြင်း သဘော ဖြစ်တယ်။ မရှိပညတ် ရှိပရမတ် ရုပ်နာမ်ဆိုတဲ့အတိုင်း ချုပ်ငြိမ်းခြင်းဖြစ်တယ်။ အရှိမရှိဆိုတဲ့သဘောနှင့် ပတ်သက်ပြီး ဥပမာပြရရင် ငရုပ်သီးရဲ့သဘာဝကိုပြလိုပါတယ်၊ ငရုပ်သီးဆိုလျှင်ပူတယ် စပ်တယ်ဆိုဒါ လူတိုင်း သိပါတယ်၊ ဒီငရုပ်သီးကို နှစ်ပိုင်းချိုးလိုက်စမ်းပါ ချိုးပြီးငရုပ်သီးကို လက်တနေရာမှာ တို့ကပါ၊ ပြီးလျှင် ဆပ်ပြာနှင့် တိုက်ဆေးလိုက်ပါ၊ အတန်ကြာတဲ့အခါ ဒီနေရာက ပူလာပါလိမ့်မည်

ပူလာတဲ့အခါ ပူမည်။ အပူခံနေရတဲ့ သူက ငရုပ်သီး ပူနေတယ်လို့ပြောမှာ အမှန်ဖြစ်တယ်။ သို့သော် ပူနေတဲ့ နေရာမှာ ငရုပ်သီး မရှိပါဘူး။ ပူတာကို မတွေ့မမြင်ရပါဘူး။ ခံစားမှု သဘောဖြင့်သာ သိနိုင်ပါတယ်။ ပူနေတဲ့ သဘောက ရုပ် ပရမတ်။ သိတာက နာမ်ပရမတ်။ ငရုပ်သီး နာမည်က ပညတ် ဖြစ်တယ်။

ဒီခန္ဓာမှာ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရလို့ ဒွါရခြောက်ပေါက်ရှိတယ်။ တပေါက် တပေါက်စီမှာ အကြည်ရုပ်တခုစီ ရှိတယ်။ မျက်စိအကြည်ရုပ် နားအကြည်ရုပ် နှာခေါင်းအကြည်ရုပ် လျှာအကြည်ရုပ် ကိုယ်

အကြည်ရုပ် မနော အကြည်သိမှု တို့ဖြစ်ကြတယ်။ ဒီအကြည်ရုပ်တွေဟာ ရုပ်ပရမတ် နာမ်ပရမတ်တွေ ဖြစ်ကြတယ်။

ဒီ အကြည်ရုပ် ခြောက်ခုကို မှီပြီးဖြစ်တဲ့ နာမ်တရားဆိုဒါလဲ ရှိတယ်။ အပြင်ပ အလင်းရောင်ရဲ့ ဆွဲအားကြောင့် အဆင်းရိပ်ဟာ မျက်စိ အကြည်မှာ လာထင်တယ်။ အဲဒါကို မျက်စိနှင့် အဆင်းကို မြင်တယ်လို့ခေါ်တယ်။ မျက်စိနှင့် အဆင်းကိုမြင်တဲ့ အခါ မြင်သိစိတ်ဖြစ်တယ်။

ဝါယောဓာတ်၏ ဆွဲအားကြောင့် နားအကြည်ရုပ် အပေါ်မှာ အပြင်ပ အသံရိပ် လာထင်တယ်။ အဲဒါကို ကြားတယ်လို့ခေါ်တယ်။ ကြားသိစိတ် ဖြစ်တယ်။ အပြင်ပ လေဟုန်နှင့် ပါလာတဲ့ အနံ့ တခုခု နှာခေါင်းအကြည်ရုပ်ပေါ်မှာ လာထင်တယ်။ အဲဒါကို နံတယ်လို့ ခေါ်တယ်။ နံတဲ့အခါလဲ သိစိတ်ဖြစ်တယ်။

အစာအဟာရ တခုခုကို လျှာပေါ်မှာ တင်ပြီး ဝါးလိုက်တဲ့ အခါမှာလဲ လျှာအကြည်ရုပ်ပေါ်မှာ ချိုချဉ်ငံခါးစတဲ့ အရသာ ရိပ်ထင်တယ်။ အဲဒီ အခါမှာ စားသိစိတ်ဖြစ်တယ်။ ကိုယ်ခန္ဓာနှင့်တခုခု အရာဝတ္ထုတို့ ထိတွေ့မိတဲ့ အခါမှာလဲ ပျော့တယ် မာတယ်ဆိုတဲ့ အရိပ်သည် ကိုယ် အကြည်ရုပ်မှာ လာထင်တယ်။ အဲဒီအခါမှာ ထိသိစိတ်ဖြစ်တယ်။

ဖွေဖွေရာရာ ကြံစီတဲ့ အခါမှာလဲ သိမှုပုံရိပ် အမျိုးမျိုးဟာ မနောအကြည်သိမှုအဖြစ် ထင်လာတယ် အဲဒီအခါမှာလဲ မြင်သိ

စိတ်ဖြစ်တယ်။ ဒီအကြည်ရုပ်နှင့် သိစိတ်ဆိုတဲ့ သဘောဟာလဲ ပြုတ်သီးဟာ ပူတယ်ဆိုဒါနှင့် အတူတူပါဘဲ။

ကြည့်တဲ့ သိတဲ့ သဘောတွေက ရုပ်ပရမတ် နာမ်ပရမတ်။ ကြည့်တယ်သိတယ်ဆိုဒါက နာမည် နာမပညတ်တရားဖြစ်တယ်။ ပညတ်မရှိတရား။ ပရမတ်အရှိတရားဖြစ်တယ်။ ရှိဒါသေမှာလား မရှိဒါသေမှာလား စဉ်းစားပါ။ စဉ်းစားဒါက သမ္မသင်္ကပ္ပ။ အမှန်သိတာက သမ္မာဒိဋ္ဌိဉာဏ် ဖြစ်တယ်။ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်လိမ့်မည်။

လူတယောက်ဟာ သေခါနီးသော ကာလမှာ ဒီပရမတ်ရုပ် ပရမတ်နာမ်တရားတွေချုပ်တော့ မျက်စိတွေ ပြာတယ်၊ အနားမှာရှိတဲ့ လူကိုပင် မမြင်တော့ဘူး၊ မြင်သိစိတ် မဖြစ်တော့ဘူး၊ အသံကိုလဲ မကြားတော့ဘူး၊ ကြားသိစိတ် မဖြစ်တော့ဘူး။ အနံ့ကိုလဲ ရှူရှိုက်လို့ မရတော့ဘူး၊ ဆိုးမွှန်း ကောင်းမွှန်းသိတဲ့ နံ့သိစိတ် မဖြစ်တော့ဘူး၊ လျှာကလဲ အရသာခံမရသည့်အတွက် ချိုချဉ်စသည်ကိုသိတဲ့ စားသိစိတ် မဖြစ်တော့ဘူး၊ ထိလို့လဲ ထိသိစိတ် မဖြစ်တော့ဘူး ကြားလို့လဲ ကြားသိစိတ်ဆိုဒါ မဖြစ်တော့ဘူး။

မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် စသည်ရှိပါလျက်၊ သိစိတ်တွေ မဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပရမတ် ရုပ်နာမ်တရားတွေ ချုပ်သွားလို့ဖြစ်တယ်။ ယင်းကဲ့သို့ပရမတ် ရုပ်နာမ်တို့ ချုပ်သည်ကို သေတယ်လို့ခေါ်တယ်။

ဒါကြောင့် ဣဒါနိ ပရမတ္ထေန ဒိပေတုံ ခန္ဓာယေဝဘိဇ္ဇန္တိ နသတ္တော နာ မ ကောစိမရတိ၊ ခန္ဓေသု ပန ဘိဇ္ဇမာနေသု သတ္တောမရတိ၊ ဘိဇ္ဇေသု မတောတိ ဝေါဟာရော ဟောတိ။ (သမ္မောဟ ဝိနောဒနီ၊ သစ္စဝိဘင်း-၇၇)

ဣဒါနိ၊ ယခုအခါ၌။ ပရမတ္ထေန၊ ပရမတ္ထသဘောအားဖြင့်၊ ဒီပေတုံ၊ ပြခြင်းငှာ။ ခန္ဓာဘေဒေါတိအာဒိံ။ ခန္ဓာဘေဒေါ အစရှိသော စကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ ဟိသစ္စံ၊ မှန်၏။ ခန္ဓာယေဝ၊ ခန္ဓာတို့သည်သာလျှင် ဘိဇ္ဇန္တိ၊ ပျက်စီးကုန်၏။ သတ္တောနမ၊ သတ္တဝါ အမည်ရှိသော။ ကောစိ၊ တစုံတယောက်သည်။ နမရတိ၊ မသေ။ ပန၊ ဆက်၍ဆိုဦးအံ့။ ခန္ဓေသု၊ ခန္ဓာတို့သည်။ ဘိဇ္ဇမာနေသု၊ ပျက်စီးကုန်သည်ရှိသော်။ သတ္တော၊ သတ္တဝါသည်။ မတော၊ သေလေပြီ။ ဣတိ၊ ဤသို့။ ဝေါဟာရော၊ ခေါ်ဆိုခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤအသိကား ဗုဒ္ဓအသိ ဖြစ်တယ်။ ဦးဖြူ ဦးလှ သေတယ်လို့ သိတဲ့ အသိဟာ အများသိ ဖြစ်တယ်၊ ဒါကြောင့် ဒီလိုရှုလုံးသွင်းရမည်–မေ၊ ငါ၏။ ဇီဝိတံ၊ ရုပ်ဇီဝိတ နာမ် ဇီဝိတဆိုတဲ့ ပရမတ် ရုပ်နာမ်တို့သည်။ အဓုဝံ၊ မမြဲ။ မေ၊ ငါသည်။ အဝဿံ၊ မချွတ်။ မရိတဗ္ဗမေဝ၊ သေရမည်သာတည်း။ မေ၊ ငါ၏။ ဇီဝိတံ၊ ရုပ်နာမ်ပရမတ်သည်။ မရဏပရိယောသာနံ၊ သေခြင်းသည်သာ အဆုံးရှိ၏။ မေငါ၏။ ဇီဝိတံ၊ ပရမတ္ထ ရုပ်နာမ်သည်။ အနိယတံ၊ မမြဲ။ မရဏံ၊ သေခြင်းသည်။ နိယတံ၊ မြဲ၏။ (ဓမ္မပဒ)

## ဥတုဇခန္ဓာ။

ရုပ်ပရမတ် နာမ်ပရမတ်တို့ချုပ်သွားတဲ့အခါ၊ အတုံးအတစ်ဖြစ်တဲ့ ရုပ်ကောင်ကြီး ကျန်နေတယ်၊ ဥတုဇရုပ်လို့ ခေါ်တယ်။ ဥတုဆိုဒါ ပူသဘော အေးသဘောကို ခေါ်တယ်။ ကြွင်းကျန်တဲ့ ရုပ်ကောင်ကြီး၌မှာ ပူမှုအေးမှုတို့၏ ပြုပြင်မှုကိုသာ ခံယူစရာ ရှိတော့တယ်။

ဖောင်းရင် ဖောင်းမည် ပိန်ယင် ပိန်မည်၊ ပုပ်ယင် ပုပ်မည်၊ သိုးယင်သိုးမည်၊ နောက်ဆုံးသင်္ချိုင်းကုန်းမှာ လမ်းဆုံးနေတယ်။ သံသရာသို့လိုက်ပါနိုင်တဲ့ခန္ဓာမဟုတ်။ ဖောင်းပွတတ်တဲ့ အတွက် အသုဘ မတင့်မတယ် ခန္ဓာလို့ ခေါ်တယ်။ မသေခင်ထုံးက ဒီခန္ဓာဟာ ဥတုဇခန္ဓာ မဟုတ်ဘူးလားဆိုတော့ ဥတုဇခန္ဓာ ဟုတ်ပါတယ်။

## ဒုက္ခသစ္စာ

ဒါပေမဲ့ မသေခင်ကလည်း ဥတုဇရုပ်ပေမဲ့အခြားခန္ဓာများ ရှိနေသေးတဲ့အတွက် ပုပ်သိုးခြင်း မရှိဘူး၊ ပုပ်သိုးခြင်း မရှိပေမဲ့ သုခ ခန္ဓာတော့ မဟုတ်ဘူး။ ဒုက္ခခန္ဓာ အသုဘ ခန္ဓာသာ ဖြစ်တယ်။ ဒီ အသုဘ ဒုက္ခခန္ဓာကို အသုံးမကျဆိုပြီး မညှင်းဆဲရဘူး။ ဆေးဝါး အစာအဟာရတို့ဖြင့် စောင့်ရှောက်ပေးရမည်။ ဒီခန္ဓာကို မလိုလားလို့ ခေါးနှင့်ထိုးသတ်ရင်လဲ သူ့အစား လာဦးမှာဘဲ။

ဒီခန္ဓာကြီး သန်စွမ်းမှ လိုရာအလုပ်ကို လုပ်နိုင်မှာ ဖြစ်တယ်။ ဒီခန္ဓာကြီးကို ညှင်းပန်း ညှင်းဆဲခြင်းကြောင့် လောကီ လောကုတ္တရာ အကျိုးဖြစ်ထွန်းစရာ မရှိ၊ ဆုတ်ယုတ်စရာသာ ရှိတယ်။ ဒါကြောင့် ဒီခန္ဓာကြီးနှင့် ပတ်သက်ပြီး ရှုပွားရမည့် တရားများကိုသာ အကြိမ်ကြိမ် အဖန်ဖန် ရှုပွားသင့်တယ်။

ဒီခန္ဓာကြီးဟာ သုခဒုက္ခနှစ်ပါးတို့တွင် ဘယ်ဘက်မှာအလေးစီးနေသလဲဆိုဒါ ရှေဦးစွာ စဉ်းစားကြည့်ပါ။ ဇာတိဒုက္ခမကင်းတဲ့အတွက် ဇရာဗျာဓိ မရဏ ဒုက္ခတို့ နယ်ပယ်တွင်းမှာ ရှိနေကြောင်း သိရှိနိုင်တယ်။ ဒါကြောင့် ဖောက်ပြန်မှု တရားတွေ အမြဲဖြစ်နေခြင်းသဘောက လက္ခဏာအားဖြင့် အနိစ္စလက္ခဏာ ဖြစ်တယ်။ ယင်း အနိစ္စလက္ခဏာသည်ပင် ဆင်းရဲမှုဒုက္ခ မကင်းသောကြောင့် သစ္စာဖွဲ့လျှင် ဒုက္ခသစ္စာဖြစ်တယ်။ ဒါကြောင့် အနိစ္စလက္ခဏာ ဒုက္ခသစ္စာဖြစ်တယ်။

တဖန် သဘောအနေနှင့်ကြည့်လျှင်ဒုက္ခလက္ခဏာရှိနေတယ်။ ဒုက္ခလက္ခဏာဟာလည်း ဆင်းရဲကြောင်း အမှန်ဖြစ်တဲ့အတွက် ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ။ ထိုဆင်းရဲ မမြဲခြင်း သဘောတွေဟာ သူ့သဘောနှင့်သူဖြစ်ပြီး အတ္တဇီဝမှ ကင်းဆိတ်နေတဲ့အတွက် အနတ္တလက္ခဏာဖြစ်တယ်။ သစ္စာဖွဲ့လျှင် အနတ္တလက္ခဏာ ဒုက္ခသစ္စာဖြစ်တယ်။

ဒီခန္ဓာကြီးကို လက္ခဏာရေး သုံးပါးနဲ့ ရှုပါးကြည့်လျှင် လဲဒုက္ခသစ္စာမှာ လမ်းဆုံးနေတယ်။ ဒုက္ခသစ္စာ ခန္ဓာကြီး စ်နေ

တယ်။ဒီဒုက္ခသစ္စာတရားကြီးကို မိမိတို့အာရုံဉာဏ်မှာ ပေါ်လာအောင် ရှုပွါးပေးရမည်။ ဒီလိုရှုပွါးပေးခြင်းသည်သာလျှင်ရဲ့ တိရစ္ဆာန်ပေတ္တာစတဲ့ ဘုံဌာနတို့မှ လွတ်ကင်းနိုင်မည်ဖြစ်တယ်။

## သစ္စာလေးပါး

ဒုက္ခသစ္စာကို ယထာဘူတဉာဏ်ကျအောင် ရှုပွါးနေရာမှာ အခိုက်အတန့်အားဖြင့် သမုဒယသစ္စာကိုပယ်ဆဲ၊ နိရောဓသစ္စာကို မျက်မှောက်ပြုဆဲ၊ မဂ္ဂသစ္စာကို ပွါးဆဲဖြစ်တယ်။ ဒါကြောင့် ဒုက္ခသစ္စာကိုပွါးရာမှာ ကျန်သစ္စာသုံးပါးတို့ဟာလဲ ငွင်းဆက်သဘောဖြင့် အလိုအလျှောက် ပြီးသွားနိုင်တယ်။

## မဂ္ဂင်ရှစ်ပါး

ဒုက္ခသစ္စာတရားကို သတိထားပြီး တည်ကြည်သော သမာဓိဖြင့် ရှုပွါးနေမှုဟာ သမ္မာကမ္မန္တမဂ္ဂင်၊ ကာယဒုစရိုက်တရားသုံးပါး ကင်းစင်နေတယ်။ ထိုအခိုက်အတန့်မှာ ဝစီဒုစရိုက်တရားလေးပါး မရှိခြင်းဟာ သမ္မဝါစာမဂ္ဂင်။ ဒုက္ခသစ္စာကို သိခြင်းဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တယ်။ ကာယဒုစရိုက်တရားသုံးပါ ဝစီဒုစရိုက်တရားလေးပါးတို့ ငြိမ်းနေခြင်းဟာ သမ္မာအာဇီဝမဂ္ဂင်ဖြစ်တယ်။

သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပ သမ္မဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့မဂ္ဂင်တရားကိုယ်ရှစ်ပါးနှင့်လဲ ပြည့်စုံနေတယ်။ ဒါကြောင့် ဒီလိုရှုပွါးသူတို့ဟာ သိ

လဖြူစင်ခြင်း သီလပြည့်စုံခြင်းဖြစ်၍ ဘယ်နည်းနှင့်မျှ အပါယ် သို့မသွားနိုင်တော့ဘူး။

## မဂ္ဂင်ရှစ်ပါးသရုပ်

သမာဒိဋ္ဌိ မှန်ကန်သောအသိ။
သမ္မာသင်္ကပ္ပ မှန်ကန်စွာကြံစည်မှု။
သမ္မာဝါစာ ဒုစရိုက်လေးပါးမှ လွတ်အောင်ပြောဆိုမှု။
သမ္မာကမ္မန္တ ကာယဒုစရိုက်သုံးပါးမှ လွတ်အောင်ပြုလုပ်မှု။
သမ္မာအာဇီဝ သက်မွေးစင်ကြယ်မှု။
သမ္မာသတိ မှန်ကန်သောနှလုံးသွင်းခြင်း။
သမ္မာဝါယမ မှန်ကန်စွာ ကြိုးစားခြင်း။
သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း။

## သစ္စာလေးပါးရှင်းလင်းချက်

ဒုက္ခသစ္စာတရားကို တကယ်ပညာသိအဖြစ်သို့ ရောက်အောင် ရှုပွါးရာမှာ သမုဒယသစ္စာ (တဏှာ မာန ဒိဋ္ဌိ) ချုပ်နေတယ်။ ယင်းတဏှာ မာန ဒိဋ္ဌိချုပ်နေခြင်းသည်ပင် နိရောသစ္စာကို မျက်မှောက်ပြုဆဲဖြစ်၍ မဂ္ဂသစ္စာကို ပွါးဆဲဖြစ်တယ်။

## ဒုလ္လဘတရားငါးပါး

ဒုက္ခသစ္စာတရားကို ပွါးများအားထုတ် နေသော သူဟာ ဒုလ္လဘတရားငါးပါးနှင့်လဲ ပြည့်စုံနေတယ်။ ဘယ်လိုပြည့်စုံသလဲ

ဆိုတော့ ဒုက္ခသစ္စာတရားကို အတ္တဇီဝမှ ကင်းဆိတ်နေတဲ့အဖြစ်ကို ဉာဏ်အမြင်ပေါက်အောင် ရှုပွါးနေတဲ့အခါ သာသနာဆိုတဲ့ ဗုဒ္ဓ၏အဆုံးအမဖြစ်သော သစ္စာလေးပါးတရားနှင့် ပြည့်စုံနေခြင်းမျိုးဟာ ဗုဒ္ဓဝါဒ ဒုလ္လဘတရားနှင့် ပြည့်စုံနေခြင်း ဖြစ်တယ်။

ဒီလိုပြည့်စုံနေမှုကြောင့် စိတ်နေသဘောထား အသိဉာဏ်တွေ စင်ကြယ်နေမှုဟာ မနုဿတ္တဘာဝ ဒုလ္လဘဆိုတဲ့ တရားနှင့် ပြည့်စုံနေတယ်၊ ဒီနေရာမှာ မနုဿတ္တဆိုတဲ့ စကားနှင့် စပ်ပြီး လေးလေးနက်နက် စဉ်းစားသင့်တယ်၊ မနုဿတ္တဆိုသောစကားဟာ ပါဠိစကားဖြစ်နေတယ်၊ မြန်မာလို လူလို့ပြန်ဆိုကြတယ်။ သို့သော် မနုဿကို ပုဒ်ခွဲကြည့်လျှင်၊ မန ဥဿ-လို့ ဖြစ်လာတယ်၊ မနစိတ်၊ ဥဿ စင်ကြယ်ဒါ။ ဒါကြောင့် ပေါင်းလိုက်ယင် စိတ်ထားစင်ကြယ်သောလူလို့ အဓိပ္ပါယ်ရရှိတယ်။

စိတ်နေသဘောထား စင်ကြယ်သောလူသည်သာလျှင် မနုဿတ္တဘာဝ ဒုလ္လဘကိုရတယ်။ ဒီလိုမှတ်ထားပါ၊ မနုဿတ္တဘာဝ ဒုလ္လဘ စာရင်းဝင်သူသာလျှင် လူလည်း ဖြစ်နိုင်တယ်၊ နတ်လဲ ဖြစ်နိုင်တယ်၊ စာရင်းမဝင်သူမှာ လူမဟုတ်တဲ့အတွက် သေရင်လူမဖြစ်နိုင်ဘူး။

အသံတူသော်လဲ အဆံမတူ ဆိုတဲ့စကားအရ သဏ္ဌာန်အသွင်တူရုံနှင့် လူလို့မဆိုနိုင်ဘူး။ ဒါကြောင့် ဗုဒ္ဓဟာ လူမဟုတ်သူနှင့် လူဆိုသူနှစ်မျိုးကို ခွဲပြသွားတယ်။ လူမဟုတ်သူကို အန္ဓပုထုဇဉ်၊ လူဟုတ်သူကို ကလျာဏပုထုဇဉ်လို့ ခွဲပြသွားတယ်။

ကလျာဏ ပုထုဇဉ်ဟာ မနုဿတ္တဘာဝ ဒုလ္လဘ စာရင်းဝင်သောသူဖြစ်ပြီး လူ့အဆင့်အတန်းမှီသူ ဖြစ်တယ်၊ အန္ဓပုထုဇဉ်မှာ မနုဿတ္တဘာဝ ဒုလ္လဘစာရင်းက လွတ်နေတယ်၊ လူ့အဆင့်အတန်းမမှီသူဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် အန္ဓသဒ္ဒါဟာ မိုက်တယ် မှောင်တယ်လို့ အဓိပ္ပါယ်ရရှိတယ်။ စိတ်အာရုံမှာ မသူတော်တရားဖြစ်တဲ့ လောဘဒေါသမောဟတရားတို့နှင့် မိုက်မှောင်နေသည်ကို ဆိုတယ်။ ဒါကြောင့် အန္ဓပုထုဇဉ်ဟာ အသွင်တူသော်လဲ အသွေးမတူသူဖြစ်တယ်၊ ဒါကြောင့်လဲ ရှေးပညာရှိတို့ကထိုပုထုဇဉ်မျိုးကို လူတိရိစ္ဆာန်လို့ အမည် ပေးသွားကြတယ်။

ဒီစကားထဲမှာလူဆိုဒါ အန္ဓအမျိုးအစားဖြစ်တယ်၊တိရိစ္ဆာန်ဆိုဒါ တိရိစ္ဆာန ဖြစ်တယ်။ တိ-ဆိုဒါသုံး ရိစ္ဆာန-ဆိုဒါ ခန်းခြောက်ခြင်း၊ သူတော်ကောင်းတရားသုံးပါး ခန်းခြောက်ပြီး မသူတော်တရားသုံးပါး စိုပြေနေသူလို့လဲ အချို့ဆရာတို့ ဘာသာပြန်ကြတယ်။

တနည်းအားဖြင့် တိရ–ဖီလာ–ဂစ္ဆ–သွား နေ ခြင်း၊ ဒါကြောင့် သူတော်ကောင်းတရားကို ဖီလာပြုပြီး သွားနေသူဖြစ်တယ်။ လူ့အသွင် လူ့အသွေးမတူတဲ့ အန္ဓလူစားမျိုး သေရင် လူမဖြစ်နိုင်ဘူးလို့ မှတ်ကြရမည်။

သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘ ဆိုဒါ သူတော်ကောင်းတရားမှာ ယုံကြည်စောင့်ရှောက်နိုင်ခြင်းဖြစ်တယ်။ ဒုက္ခသစ္စာတရားကို ယုံ

၁၄၃၃၄

ကြည်သောစိတ်ဖြင့် စောက်ချပြီးသိအောင် ရှုပွားနေခြင်းဟာ သဒ္ဓါသမ္ဗောဇ္ဈင်္ဂဒုလ္လဘတရားနှင့် ပြည့်စုံနေခြင်း ဖြစ်တယ်။

ပဗ္ဗဇိတဘာဝဒုလ္လဘဆိုဒါ အာရုံမှာကျရောက်လာတဲ့ တဏှာ မာန ဒိဋ္ဌိတို့မကပ်ငြိရအောင် နှင်ထုတ်တဲ့သဘောဖြစ်တယ်။ ဒုက္ခ သစ္စာတရားကိုရှုပွားနေသူမှာ တဏှာမာနဒိဋ္ဌိတို့အနှောင်အဖွဲ့ လွတ်နေတယ်။ ဒါကြောင့် ပဗ္ဗဇိတဘာဝဒုလ္လဘနှင့်လဲ ပြည့်စုံ နေတယ်။

ပဗ္ဗာဇယံ အတ္တနောမလံ၊ တသ္မာ ပဗ္ဗဇိတောတိ ဝုစ္စတိ။ (ဓမ္မပဒ/၄၁)

အတ္တနော၊ မိမိ၏။ မလံ၊ တဏှာ မာနဒိဋ္ဌိ တည်းဟူ သော အညစ်အကြေးကို။ ပဗ္ဗာဇယံ၊ နှင်ထုတ်အပ်၏။ တသ္မာ ထိုကြောင့်။ ပဗ္ဗဇိတောဘိ၊ ပဗ္ဗဇိတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤနေရာမှာ ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံပြီး၊ ဝိနည်း သိက္ခာပုဒ်အရနေပြီး၊ တဏှာမာနဒိဋ္ဌိတို့ရဲ့အနှောင်အဖွဲ့မှ လွတ် အောင် အားထုတ်တဲ့ ပဗ္ဗဇိတဟာ ရဟန်းတော်တို့ရဲ့ ပဗ္ဗဇိတလို့ မှတ်သားကြရမည်။

ငါးပါးသီလ ရှစ်ပါးသီလစတဲ့အကျင့်တို့ကို ကျင့်သုံးခြင်း ဖြင့် တဏှာမာနဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့မှလွတ်အောင် တရားအားထုတ်ခြင်းဟာ လူတို့ရဲ့ ပဗ္ဗဇိတလို့ မှတ်ကြရမယ်။

သဒ္ဓမ္မသဝနံ အတိဒုလ္လဘံလို့၊ အတိသဒ္ဒါနှင့် ဟောထား တယ်။ သူတော်ကောင်းတရားကို နာကြားရဘို့ အလွန်ခဲယဉ်း

တယ်လို့ ဆိုထားတယ်။ သူတော်ကောင်းတရားဆိုရာမှာ ဘယ်တရားကို ဆိုသလဲလို့ တွေးခေါ်စရာ ဖြစ်လာတယ်။ တဦးတယောက်သော ပုဂ္ဂိုလ်ရဲ့ အပြုအမူဖြစ်တဲ့ ဒါန သီလ ပြုလုပ်ကျင့်သုံးပုံနှင့် စပ်ဟပ်ပြီး ဟောထားတဲ့ တရားများ ရှိတယ်။ ယင်းတရားမျိုးကိုမယူရဘူး။ ဘာကြောင့်လဲဆိုရင် အတိသဒ္ဓါနှင့် ဟောထားတဲ့အတွက်ဖြစ်တယ်။

အတိသဒ္ဓါကို ထောက်ရှုခြင်းအားဖြင့် တဏှာမာနဒိဋ္ဌိ အနှောင်အဖွဲ့မှလွတ်ကင်းပြီး သံသရာမှလွတ်နိုင်တဲ့ သစ္စာလေးပါးတရားကိုသာ ယူသင့်တယ်။ ဒါကြောင့် ဒုက္ခသစ္စာတရားကို ရှုပွားခြင်းအားဖြင့် သစ္စာလေးပါးတရားကို ကိုယ်တိုင်သိမြင်နေခြင်းဟာ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံဆိုတဲ့ ဒုလ္လဘ တရားနှင့် ပြည့်စုံနေခြင်းဖြစ်တယ်။ ဒီဒုလ္လဘတရားငါးပါးထဲမှာ သဒ္ဓါတရားဟာ လိုရင်းဖြစ်တယ်။

## သဒ္ဓါလေးမျိုး

ပသန္နသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ လို့ သဒ္ဓါလေးမျိုးရှိတယ်။ ပသန္နသဒ္ဓါဆိုတာ လိုရင် လိုသလို မလိုရင်မလိုသလို ဖြစ်တတ်ပျက်တတ်တဲ့သဒ္ဓါမျိုး။ မခိုင်မြဲတဲ့ သဒ္ဓါမျိုးဖြစ်တယ်။ ဩကပ္ပနသဒ္ဓါဆိုဒါ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေချင်နိုင်တဲ့သဒ္ဓါ။ အာဂမသဒ္ဓါဆိုဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရမနေရှာဖွေလိုတဲ့သဒ္ဓါ။ အဓိဂမသဒ္ဓါဆိုဒါ အသက်

အိုးအိမ်စီးစိမ်ကိုပင် မငဲ့ကွက်ဘဲ စောက်ချနိုင်တဲ့သဒ္ဒါမျိုး ဖြစ်တယ်။ တရားရရှိနိုင်ရန် ကြိုးပမ်းသဒ္ဒါမျိုးရှိရမယ်။

ဒီ သတ္တ သဒ္ဓါရခန္ဓာ ရှိနေသမျှ ဒုက္ခ မကင်းဘူး။ နေရေး ထိုင်ရေး စားရေး သောက်ရေး ဝတ်ရေးတို့အတွက် နေ့စဉ်နှင့် အမျှ သွားလာလှုပ်ရှားရှာဖွေလုပ်ကိုင်နေကြရတယ်။ ဒီလို သွား လာ လှုပ်ရှားလုပ်ကိုင်ရာမှာ လူ့ကျင့်ဝတ္တရားမပျက်ပြားဖို့ အ လွန်အရေးကြီးပါတယ်။

## လူ့ သမ္မုတိသစ္စာ

သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတိသစ္စာ၊ ဒီသစ္စာသုံးပါးဟာ လူ့သမ္မုတိသစ္စာတရားဖြစ်တယ်။ ဒီရတနာသုံးပါးဟာ တပါး ပျက်က အကုန်ပျက်တယ်၊ တပါးနှင့်ပြည့်စုံကလည်း သုံးပါး လုံးပြည့်စုံဘယ်။ ဒီတရားသုံးပါးဟာ သွားယင်းလာယင်း လုပ် ယင်းကိုင်ယင်း စီးပွားရှာယင်းနှင့် ကျင့်သုံးသွားရမည့်တရား ဖြစ်တယ်။ ဒီတရားသုံးတပါးကို ကျင့်နိုင်ခြင်းကြောင့် အလိုလို သီလနှင့်ပြည့်စုံပြီး အပါယ်ဘေးက ကင်းဝေးနိုင်တယ်။

သမ္မုတိသစ္စာဆိုတာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အ သက် လိပ်ပြာဆိုပြီး လူတို့ ခေါ်ဝေါ်ပြောဆိုခြင်းကို သမ္မုတိ သစ္စာလို့ခေါ်တယ်။ ဒါ့ကြောင့် အမည်မှန်သမျှဟာ သမ္မုတိ သစ္စာဖြစ်တယ်။

ဝစီသစ္စာဆိုတာ စာလုံးအက္ခရာဖြင့် ယင်းအမည်ကိုနှုတ်မြွက် ခေါ်ဝေါ်ပြောဆိုခြင်းဖြစ်တယ်။ ဝိရတိသစ္စာဆိုဒါဝစီဒုစရိုက်

လေးပါး ကာယဒုစရိုက်သုံးပါးတို့မှ လွတ်ကင်းအောင် ရှောင်ခြင်းပင်ဖြစ်တယ်။

ဒီသစ္စာသုံးပါးဟာ တပါးပျက်က အားလုံးပျက်တယ်။ သစ္စာတပါးနှင့်ပြည့်စုံပြန်လျှင် သစ္စာသုံးပါးနှင့် ပြည့်နိုင်တယ်။ ဒီ လူသမုတိသစ္စာပျက်တာကို လူ့ကျင့်ဝတ်ပျက်တယ်လို့ ခေါ်တယ်။

## သမုတိပေါ်ပုံ

လူတိုင်းလူတိုင်းဟာ နေ့စဉ်နှင့်အမျှ သွားလာ လှုပ်ရှား လုပ်ကိုင်နေကြရတယ်။ ဒီလိုသွားလာလှုပ်ရှားနေကြရတဲ့အခါ တဦးနှင့်တဦးတွေ့ကြဆုံကြ လုပ်ကိုင်ဆက်သွယ်ကြရတယ်။ လုပ်ကိုင်ဆက်သွယ်ရာမှာ တဦးနှင့်တဦး တွေ့ကြဆုံကြတဲ့အခါမှာ သမုတိပညတ်ပေါ်လာတယ်။

အလုပ်ရှင်နှင့်တွေ့ရင်အလုပ်ရှင်ဆိုတဲ့သမုတိပညတ်ပေါ်လာတယ်။ အလုပ်ရှင်ဘက်ကလဲ အလုပ်သမားဆိုတဲ့သမုတိပညတ်ပေါ်လာတယ်။ သူငယ်ချင်းနှင့်တွေ့ရင်လဲ သူငယ်ချင်းဆိုတဲ့ သမုတိပညတ်ပေါ်လာတယ်။ တွေ့တိုင်းတွေ့တိုင်းမှာ ဒီ သမုတိပညတ်ပေါ်လာမြဲဖြစ်တယ်။

ဒီပေါ်လာတဲ့သမုတိသစ္စာကိုသစ္စာမပျက်အောင်ထိန်းသိမ်းစောင့်ရှောက်တတ်ဘို့ အလွန်အရေးကြီးတယ်။ ဒါဖြင့် ပေါ်လာတဲ့သမုတိကိုသစ္စာမပျက်အောင်ဘယ်လိုတရားနဲ့ထိန်းသိမ်းရမလဲဆိုတော့ မဂ္ဂင်တရားနှင့် ထိန်းသိမ်းရလိမ့်မည် ဖြစ်ဘယ်။

ပေါ်လာတဲ့သမုတိကို သစ္စာမပျက်အောင် တည်ကြည်သော သမာဓိဖြင့် သတိနှင့်ကပ်ပြီး သမ္မာဝါယာမဖြင့်ကြိုးစားကာ ဝစီဒုစရိုက်လေးပါးမှလွတ်ကင်းအောင် သမ္မာဝါစာဖြင့် ဆက်ဆံ သမ္မာကမ္မန္တနှင့်ပြုလုပ်ပေး၊ ဒုစရိုက်တရားခုနစ်ပါးကို စင်ကြည်နေတဲ့အတွက် သမ္မာအာဇီဝဖြစ်လာတယ်။ သီလမဂ္ဂင် သမာဓိမဂ္ဂင်တို့နှင့်ပြည့်စုံနေတယ်။ ပေါ်လာတဲ့သမုတိကို သစ္စာမပျက်အောင် ဒီလို ထိန်းသိမ်းစောင့်ရှောက်ပေးရမယ်လို့ သိတဲ့အသိ ပညာမဂ္ဂင်ဖြစ်တယ်။

ဒါကြောင့် သစ္စာမပျက်အောင် စောင့်ထိန်းနိုင်တဲ့အတွက် သီလ သမာဓိ ပညာဆိုတဲ့ မဂ္ဂင်အကျင့်နှင့်ပြည့်စုံနေတဲ့ အတွက် အကုသိုလ်မှဝေးစွာရှောင်ကြည်ခြင်းဆိုတဲ့ ဝိရတိသစ္စာ ဖြစ်နေတယ်။ တဦးနှင့်တဦးတွေ့ပြီးပေါ်လာတဲ့နာမည်ကသမုတိသစ္စာ၊ သမ္မာဝါစာနှင့်ဆက်စပ်ပြီး သမ္မာကမ္မန္တနှင့်ပြုလုပ်ပေးဒါက ဝစီသစ္စာဖြစ်တယ်။

## သမုတ်ရှိရုပ်နာမ်

တဦးနှင့်တဦး တွေ့ဆုံကြတဲ့အခါ ပေါ်လာတဲ့ ရုပ်နာမ်ကို သမ္မုတိရုပ်နာမ် သမုတ်ရှိရုပ်နာမ် ပညတ် ရုပ်နာမ်လို့လဲ ခေါ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမုတ်တာကနာမ်တရား သမုတ်ခံတရားက ရုပ်တရားဖြစ်တယ်၊ ဒါကြောင့် သမ္မုတိ ရုပ်နာမ် ခေါ်တယ်။

ဒီသမ္မုတိရုပ်နာမ် ပညတ်ရုပ်နာမ်ဟာ နာမည် နာမပညတ် မရှိ တရား အမှန်ဖြစ်တယ်၊ ယင်း မရှိတရားကို အများက မျက်စိနှင့် ကြည့်ပြီး မြင်တယ်လို့ အယူစွဲတွေ ရှိနေကြတယ်။ မိန်းမကိုမြင်တယ် ယောကျ်ားကိုမြင်တယ် ဦးဖြူ ဦးလှကိုမြင်တယ်လို့ ယူစွဲထားကြတယ်၊ အမှန်တော့ ဦးဖြူ ဦးလှကို ဘယ်နည်းနှင့်မှ မျက်စိနှင့်ကြည့်လို့ မြင်နိုင်စရာ အကြောင်းမရှိပါဘူး၊ အမှန်တော့ပညတ်နာမ်မို့လို့ မရှိကို အရှိလုပ်သုံးဒါဘဲ ဖြစ်တယ်။

ဥပမာဆိုကြပါစို့ ဦးဖြူက ရဟန်းခံလိုက်တယ်၊ အဲဒီအခါမှာ ဘုန်းကြီးများက သူ့ကို ဦးကုသလလို့ သမုတ်တယ်၊ မြင်တဲ့လူတွေကလဲ ဦးကုသလလို့ မြင်ကြပြန်တယ်။ ဦးဖြူမမြင်တော့ဘူး၊ တခါ ဦးကုသလက လူထွက်လိုက်တော့ ဦးဖြူပြန်ပေါ်လာတယ်။ ဦးကုသလ ပျောက်သွားတယ်။ ဒါကြောင့် ပညတ်ဆိုတာ မရှိတရားဖြစ်၍ မျက်စိနှင့် ကြည့်လို့ မြင်နိုင်စရာ လုံးဝအကြောင်းမရှိပါဘူး။

ဘယ်သူက မြင်တယ်ဆိုတာ လက်တွေ့စမ်းသပ်မှုသဘောဖြင့် ကြည့်ကြဦးစို့ရဲ၊ ဒါကို ဘာခေါ်သလဲလို့ မေးရင် ပုဂံခေါ်တယ်လို့တော့ အဖြေပေးကြမှာဘဲ။ ဘာဖြစ်လို့လဲလို့ မေးရင် မျက်စိနှင့် မြင်နေရလို့ဆိုတဲ့ အဖြေပေါ်လာမှာ ဖြစ်တယ်။ ဒီတော့ ပုဂံဆိုတာကို ဒီလိုလက်နှင့် အုပ်ကြည့်စမ်းပါ၊ အာရုံမှာ ပုဂံလို့ပေါ်သလား မာတယ် အေးတယ် နွေးတယ်လို့

ပေါ်သလား၊ မာတယ် အေးတယ် နွေးတယ်လို့ ပေါ်တယ်။ ဒါဖြင့် ပုဂံဘယ်ရောက်သွားသလဲ။

ပုဂံဆိုတာ ကိုလက်နှင့် အုပ်ကြည့်ရင် မာတယ် အေးတယ် နွေးတယ်ဆိုဟဲ့ အရှိတရားပေါ်လာတယ်။ ဒါကြောင့် အရှိပရမတ် မရှိပညတ်ဆိုတာ အလွန်ထင်ရှားတယ်။ ဒီပုဂံဆိုတာကို မျက်စိက မြင်တာလား၊ ဘယ်သူက မြင်တာလဲဆိုတာကို သိဘို့ တဆင့်တိုးပြီး လက်တွေ့စမ်းသပ်ကြည့်ကြဦးစို့ရဲ့၊ ဒီပုဂံကို မျက်စိမှိတ်ပြီး အာရုံပြုကြည့်စမ်းပါ။ အာရုံမှာ ဒီပုဂံ၏အရိပ်သဏ္ဍာန် ထင်သလား မထင်ဘူးလား ဆိုတာ လက်တွေ့ သိရှိနိုင်တယ်။

ပုဂံပုံသဏ္ဍာန်အာရုံမှာ ထင်လာတယ်၊ အဲဒါ မျက်စိက မြင်တာသား ဘယ်သူကမြင်တာလဲ၊ စဉ်းစားပါ၊ အဆင်း အနံ့ အရသာ ဩဇာဆိုတာက ဓာတ်ကြီးလေးပါးကို မှီပြီး ဖြစ်တဲ့ ဥပါဒါရုပ်ဖြစ်တယ်၊ ဓာတ်လေးပါး မရှိရင် အဆင်း အသံ စတဲ့ ရုပ်တွေဟာလဲ မရှိနိုင်ဘူး၊ ဓာတ်ကြီးလေးပါးဟာ တလုံးကိုတလုံး အမှီရလို့သာ ဃနဆိုတဲ့ အစိုင်အခဲဖြစ်ပြီး ပရမတ္ထအစုဖြစ်တဲ့ မာတယ် အေးတယ် ပူတယ်ဆိုတာ ရှိတယ်၊ တလုံးကိုတလုံး အမှီမရှိရင် ပရမတ္ထဃနမရှိဘူး။ ဒါဖြင့် ဒီနေရာမှာ ဓာတ်သဘောဆိုတာလဲ အစိုးမရဘူးဆိုတဲ့ အနတ္တ သဘာဝ လက္ခဏာပေါ်လာတယ်။ ။

ဒါကြောင့် ဒီနေရာမှာ အလိုလျှောက် ပေါ်လာတယ်။ ပုဂံပညတ် မရှိတရား မာတယ် အေးတယ် နွေးတယ် အရှိတရား။

အာရုံမှာ ပေါ်နေတဲ့ ပုဂ္ဂလရမတ္တရုပ် ရိပ်၊ ဒီအရိပ်ကို မျက်စိ နှင့်မြင်နေတာမဟုတ်ဘူး၊ သညာ ဝိညာဏ်က မြင်နေတာသာ ဖြစ်တယ်။ ဒါကြောင့် သညာမြင်က မြေ ရေ လေ မီး အသံ အဆင်း အနံ့ အရသာ ဩဇာတို့ဖြစ်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မြေပထဝီဓာတ်၊ မာသဘော ပျော့သဘော။ ရေ ယို စီးသဘော၊ ဖွဲ့သဘော။ လေလှုပ်ရှားသဘော၊ မီးပူသဘော၊ အေးသဘော၊ အဆင်း အသံ အနံ့ အရသာ ဩဇာ ဒီသဘော တွေဟာ သညာအမှတ်အသားနှင့် သိတဲ့အသိဖြစ်တယ်။ အတိတ် အာရုံ သညာသမ္မုတိလို့ ခေါ်တယ်။

ဒီညာဏ်မြင်တယ်ဆိုတာက ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါ တို့ဖြစ်တယ်။ ဝိညာဏ်မြင် ပစ္စုပ္ပန်အာရုံ၊ ဝိညာဏ်သမ္မုတိခေါ် တယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်ပအဆင်း အရိပ်တခုဟာ မျက်စိအကြည့် ရုပ်ပေါ်မှာလာထင်တယ်၊ မျက်စိကတော့ ဘာ မှ မသိပါဘူး ရုပ်ရုပ်ချင်းတိုက်တာဘဲရှိတယ်၊ အဆင်းရိပ်လာ ထင်တဲ့ အခါ အဆင်းလို့မှတ်လိုက်တယ်၊ မှတ်တာ သညာဖြစ် တယ်၊ အဲဒီသညာအမှတ်ပေါ်တွင် ဝိညာဏ်ကမိန်းမ ယောကျ်ား လို့သိတယ်၊ ဒီအသိကို တကယ်အမှန်ဘဲဟု ဒိဋ္ဌိက ဖမ်းယူထား လိုက်တယ်။ ■

ဒါကြောင့် သညာကို ဝိညာဏ်ဖုံး၊ ဝိညာဏ်ကို ဒိဋ္ဌိဖုံးသွား တယ်။ နောက်ပြီးတော့ အသံသည် သညာသိ ဖြစ်တယ်။ ယောကျ်ားသံ မိန်းမသံဆိုက ဝိညာဏ်သိဖြစ်တယ်။ အဲဒါကိုဘဲ ဒိဋ္ဌိက အမှန်ယူထားလိုက်တယ်၊ ဒါကြောင့် ဒီမှာလဲသညာကို

ဝိညာဏ်ဖုံး၊ ဝိညာဏ်ကို ဒိဋ္ဌိဖုံးသွားတယ်။ ကျန်တဲ့ အရသာ ဩဇာတို့၌လဲ ဒီအတိုင်း ဖြစ်တယ်။ ဒီအယူမှားဖြစ်တဲ့ သဘော ကိုဥပါဒါန်ကကပ်ပြီး စွဲယူထားလိုက်တယ်။ ဒီတော့ ဒိဋ္ဌုပါဒါန် ဖြစ်သွားတယ်။ ဒိဋ္ဌုပါဒါန်ဆိုရင် ကျန်ဥပါဒါန်သုံးပါးလဲ ဖြစ် တော့တာပါဘဲ။

ဘာဖြစ်လို့ ဒိဋ္ဌုပါဒါန် ဖြစ်သွားသလဲရဆိုရင် ပညာမြင် ပညာသိမပါလို့ဖြစ်တယ်၊ ဒိဋ္ဌိကို သီလ သမာဓိနှင့်ဖြုတ်လို့မရ ဘူး၊ ပညာနှင့်ဖြုတ်မှ ရနိုင်တယ်။ ဒါကြောင့် ပညာကို သိရ လေဦးမယ်။

ဒါဖြင့် ပညာသိဟာ ဘာလဲ ဆိုဘာ ကြည့်ကြ ဦးစို့ရဲ့၊ အဆင်းသညာမြင် ယောကျ်ားအဆင်း၊ မိန်းမအဆင်း ဝိညာဏ် မြင် တကယ်မိန်းမ ယောကျ်ားလို့ အခိုင်အမာယူထားဒါက ဒိဋ္ဌိမြင်။ ယောကျ်ား မိန်းမဆိုတာ မရှိတရား၊ ပညတ်တရား သာဖြစ်တယ်၊ အဘာဝ အဗျာကတ ပညတ်တရား အနတ္တတရား ပါလားမျက်စိနှင့် မိန်းမကို မြင်တယ်ဆိုဘာ သညာဝိညာဏ်မြင် သာဖြစ်ပါကလားလို့ သိတဲ့ အသိက ပညာအသိ၊ ဒီလိုပိုင်း ခြားဝေဘန်ပြီးပညာသိ သိမှ ဒိဋ္ဌိပြုတ်မယ်၊ ဒီနေရာမှာ နောက် ထပ်ပြီး သမ္မဒါန် တရားလေးပါးနှင့် ပြည့်စုံပုံကို ကြည့်ပြီး စီး စစ်ကြဦးစို့။

## သမ္မဒါတရား လေးပါးနှင့်ပြည့်စုံပုံ

တယောက်နှင့်တယောက် သမ္မာဝါစာနှင့် ဆက်ဆံ၍ သမ္မာ ကမ္မန္တနှင့် ပြုလုပ်ပေးတဲ့အတွက် နှစ်ဦးကြားမှာ ဖြစ်ပေါ်လာ

နိုင်တဲ့ အကုသိုလ်တရားတွေကို ကင်းစင်နေခြင်းဟာ အာရက္ခ သမ္ပဒါဖြစ်တယ်။

တယောက်နှင့်တယောက် အကုသိုလ်ကင်းရှင်းအောင် သမ္မာဝါစာနှင့် ဆက်ဆံ သမ္မာကမ္မန္တနှင့် ပြုလုပ်ပေးနိုင်တဲ့ အတွက် တဦးအပေါ်မှာ တဦးယုံကြည်စိတ်ချရသောကြောင့် ကောင်းသောမိတ်ဆွေဖြစ်ခြင်းဆိုတဲ့ ကလျာဏမိတ္တ သမ္ပဒါနှင့် ပြည့်စုံနေတယ်။

တယောက်နှင့်တယောက် အကုသိုလ်တရားတွေ ကင်းရှင်းစေအောင် ဆက်ဆံပြုလုပ်ကိုင်ခြင်းဟာ အသက်မွေး စင်ကြယ်နေသည့်အတွက် သမဇီဝိတသမ္ပဒါနှင့် ပြည့်စုံနေခြင်း ဖြစ်တယ်။

ဒီလို သမ္ပဒါတရားနှင့် ပြည့်စုံနေအောင် ထကြွသော လုံ့လဝီရိယနှင့် ကြိုးစားခြင်းဟာ ဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံနေခြင်း ဖြစ်တယ်။

## ဗြဟ္မဝိဟာရတရားလေးပါး

မေတ္တာ ကရုဏာ မုဒိတာဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားလေးပါးနှင့်လဲ ပြည့်စုံတယ်၊ တယောက်နှင့်တယောက် ယုံကြည်စိတ်ချရလောက်အောင် သမ္မဝါစာနှင့်ဆက်ဆံ သမ္မာကမ္မန္တနှင့် ပြုလုပ်နိုင်တဲ့အတွက် တဦးအကျိုးကို တဦးလိုလားသောမေတ္တာဆိုတဲ့ ဗြဟ္မဝိဟာရတရားနှင့် ပြည့်စုံနေတတ်။

တယောက်နှင့်တယောက် မေတ္တာဆိုတဲ့ ချစ်ခြင်းဖြစ်နေတဲ့ အတွက် သနားသက်ညှာမှုဆိုတဲ့ ကရုဏာဟူသော ဗြဟ္မဝိဟာရ တရားနှင့် ပြည့်စုံနေတယ်။

တယောက်နှင့်တယောက် ယုံကြည်စိတ်ချစွာ ဆက်ဆံလုပ်ကိုင်နိုင်တဲ့အတွက်-ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းဆိုတဲ့ မုဒိတာ ဗြဟ္မဝိဟာရတရားစာနှင့်လဲ ပြည့်စုံနေတယ်။

တယောက်နှင့်တယောက် ဆက်ဆံရာမှာ သီလနှင့် ပြည့်စုံပြီး အကုသိုလ်တရားတွေမဖြစ်အောင် လျစ်လျူရှုထားနိုင်ခြင်းဆိုတဲ့ ဥပေက္ခာခေါ်တဲ့ ဗြဟ္မဝိဟာရတရားနှင့်လဲ ပြည့်စုံနေတယ်။

## ဝိသုဒ္ဓိ ခုနစ်ပါး

မဂ္ဂင်ရှစ်ပါးထဲမှာ သီလ မဂ္ဂင်သည် သီလဝိသုဒ္ဓိ၊ သမာဓိ မဂ္ဂင်သည် စိတ္တဝိသုဒ္ဓိ၊ ပညာ မဂ္ဂင်သည် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ၊ ထိုတဲ့ ဝိသုဒ္ဓိ ခုနစ်ပါးတို့နှင့်လဲ ပြည့်စုံနေတယ်။

ဒါကြောင့်–တသ္မိံ သမ္မုတိသစ္စေ ဌတွာ သမ္မာပဋိပဇ္ဇန္တာ သဗ္ဗလောကကိယ သမ္ပတ္တိယော၊ တံတံ ဗောဓိသမ္ဘာရဓမ္မေစ အာရာဓေန္တိ။ မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာ ဟောန္တိ။ ဧဝံမဟန္တံ ဟိ သမ္မုတိ သစ္စန္တိ။

တသ္မိံ သမ္မုတိသစ္စေ၊ ထိုလူ သမ္မုတိသစ္စာတရား၌။ ဌတွာ တည်၍။ သမ္မာပဋိပဇ္ဇန္တာ၊ကောင်းစွာကျင့်ကုန်သောသူတို့သည်။ သဗ္ဗလောကိယသမ္ပတ္တိယော၊ အလုံးစုံသော လောကီ စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း။ တံတံ ဗောဓိသမ္ဘာရဓမ္မေစ၊ ထိုထို ဗောဓိသမ္ဘာရ အဆောက် အဦး ဖြစ်သော တရားတို့ကိုလည်း

ကောင်း။ အာရာမေန္တိ၊ ပြီးစေကုန်၏။ မိစ္ဆာပဋိပက္ကန္တာ၊ မှား ယွင်းဖောက်ပြန်စွာ ကျင့်ကုန်သောသူတို့သည်။ အပါယပူရကာ၊ အပါယ်သွားကြောင်း ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ သမ္ဗုတိသစ္စံ၊ သမ္ဗုတိသစ္စာသည်။ ဧဝံ မဟန္တံ၊ ဤမျှလောက်ကြီးကျယ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဒီအသိဟာ ဗုဒ္ဓရဲ့ လေးနက်သော အသိတရားများ ဖြစ်တယ်။

## ဝိသုဒ္ဓိခုနှစ်ပါး အဓိပ္ပါယ်

သီလဝိသုဒ္ဓိ၊ သီလစင်ကြယ်မှု။ စိတ္တဝိသုဒ္ဓိ၊ စိတ်စင်ကြယ်မှု။

ဒိဋ္ဌိဝိသုဒ္ဓိ၊ အယူစင်ကြယ်မှု။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ယုံမှား ခြင်းမှလွတ်မြောက်မှု။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ လမ်းမှန်သည် မမှန်သည်ကိုသိမှု။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ အကျင့်၌ဉာဏ်အမြင်စင်ကြယ်မှု။

ဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏ်အမြင်စင်ကြယ်မှု။

## သမ္ပဒါတရား အဓိပ္ပါယ်

အာရက္ခသမ္ပဒါ၊ စောင့်ရှောက်ခြင်း။

ကလျာဏမိတ္တသမ္ပဒါ၊ စစ်မှန်သောမိတ်ဆွေ။

သမဇီဝိတသမ္ပဒါ၊ အသက်မွေး စင်ကြယ်ခြင်း။

ဥဋ္ဌာနသမ္ပဒါ၊ လုံ့လဝီရိယရှိခြင်း။

## သမုဒယသစ္စာဒုက္ခသစ္စာ

ဒီခန္ဓာဟာ အကျိုးထဲမှ အကြောင်းထွက်တဲ့ ခန္ဓာဖြစ်တယ်။ သံသရာလည်တဲ့ ခန္ဓာဖြစ်တယ်၊ အဝိဇ္ဇာတဏှာတို့ကြောင့် ဖြစ်တယ်၊ ပယ်သတ်ရမည့် ခန္ဓာဖြစ်တယ်၊ သတ္တဝါတို့ကို အမြဲဒုက္ခပေးတဲ့ နေရာမှာလဲ ဒီအကြောင်း ခန္ဓာပင် ဖြစ်တယ်၊ ဒီအကြောင်းခန္ဓာရဲ့ သံသရာလည်ပုံကို သိရှိနားလယ်နိုင်ဘို့ရာ ရှေးဦးစွာခန္ဓာအာယတနဓာတ်တို့ကိုသိရှိသဘော ပေါက်ထားရမည် ဖြစ်တယ်။

## အာယတန (၁၂) ပါး

စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ ဤကားအတွင်း အာယတန ခြောက်ပါးဖြစ်တယ်။

ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန။ ဤကား အပြင် အာယတန ခြောက်ပါးဖြစ်တယ်။ စုစုပေါင်းအာယတန (၁၂) ပါးပါဘဲ။ အာယတနဆိုဒါ အာရုံတွေ ဘရမ်းဘတာကျအောင် ချဲ့ထွင်ပေးတဲ့ တရားဖြစ်တယ်။

## ခန္ဓာ

စက္ခာယတနနှင့် ရူပါယတန၊ သောတာယတနနှင့် သဒ္ဒါယတန၊ ဃာနာယတနနှင့်ဂန္ဓာယတန၊ဇိဝှါယတနနှင့် ရသာယတန၊

ကာယာယတနနှင့်ဖောဋ္ဌဗ္ဗာယတန၊ ဒီအာယတန အားလုံးတို့ဟာ ရုပ်ခန္ဓာတို့ဖြစ်ကြတယ်။ မနာယတနနှင့် ဓမ္မာယတနကတော့ နာမ်ခန္ဓာဖြစ်တယ်။

ခေါ်(၁၈)ပါး

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ စက္ခုံစ၊ အတွင်း စက္ခာယတနကို လည်းကောင်း။ ရူပေစ၊အပြင် ရူပါယတနတို့ကိုလည်းကောင်း။ပဋိစ္စ၊စွဲ၍၊စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အတွင်းစက္ခာယတနနှင့် အပြင်ရူပါယတနတို့ တိုက်တဲ့အခါ စက္ခုဝိညာဏ်စိတ် ဖြစ်လာတယ်၊ ယင်းဖြစ်လာတဲ့စိတ်ကိုစက္ခုဝိညာဏ်ခေတ်ခေါ်တယ်။နာမ်ခန္ဓာဖြစ်တယ်၊ အာယတနနှစ်ပါးက ရုပ်ခန္ဓာဖြစ်တယ်။

သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ သောတဉ္စ၊သောတာယတနကိုလည်းကောင်း၊သဒ္ဒေစ၊ သဒ္ဒါယတနကို လည်းကောင်း။ ပဋိစ္စ၊ ၍။ သောတဝိညာဏံ၊ သောတဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။အတွင်းသောတာယတနနှင့်အပြင်သဒ္ဒါယတနကို တိုက်တဲ့အခါမှာလဲ သောတဝိညာဏ်စိတ် ဖြစ်တယ်။ နာမ်ခန္ဓာဖြစ်တယ်၊ အာယတနနှစ်ပါးက ရုပ်ဖြစ်တယ်။

ဃာနဉ္စ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိဃာနဝိညာဏံ။ ဃာနဉ္စ၊ ဃာနာယတနကို လည်းလောင်း။ ဂန္ဓေစ၊ ဂန္ဓာယတနကို လည်းကောင်း။ ပဋိစ္စ၊ ၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်စိတ်သည်။

ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အတွင်းအပြင်အာယတနနှစ်ပါးကိုစွဲပြီး ဃာနဝိညာဏ်စိတ် ဖြစ်တယ်။ ယင်းဃာန ဝိညာဏ်စိတ်ကိုပင်လျှင် ဃာနဝိညာဏဓာတ်ခေါ်တယ်။ နာမ်ခန္ဓာဖြစ်တယ်။ အာယတန နှစ်ပါးက ရုပ်ခန္ဓာ။

ဇိဝှဉ္စ ပဋိစ္စရသေစ ဥပ္ပဇ္ဇတိဇိဝှါဝိညာဏံ။ ဇိဝှဉ္စ၊ ဇိဝှါယတနကိုလည်းကောင်း။ ရသေစ၊ ရသာရုံကိုလည်းကောင်း။ပဋိစ္စ၊ ၍။ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ဒီမှာလဲ အာယတနနှစ်ပါးကိုစွဲပြီး ဇိဝှါဝိညာဏ်စိတ်ဖြစ်တယ်။ ယင်း ဇိဝှါဝိညာဏ်စိတ်ကိုပင်လျှင် ဇိဝှါဝိညာဏဓာတ်ခေါ်တယ်။ နာမ်ခန္ဓာဖြစ်တယ်၊ အာယတနနှစ်ပါးက ရုပ်ခန္ဓာဖြစ်တယ်။

ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ကာယဉ္စ၊ ကာယာယတနကိုလည်းကောင်း။ ဖေါဋ္ဌဗ္ဗေစ၊ ဖေါဋ္ဌဗ္ဗာယတနကိုလည်းကောင်း။ ပဋိစ္စ၊ ၍။ ကာယဝိညာဏံ၊ ကာယဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒီနေရာမှာလဲ အတွင်းအပြင် အာယတနနှစ်ပါးကိုစွဲ၍ ကာယဝိညာဏ်စိတ်ဖြစ်တယ်။ ယင်းကိုပင် ကာယဝိညာဏ ဓာတ်ခေါ်တယ်။ နာမ်ခန္ဓာဖြစ်တယ်၊ အာယနတနှစ်ပါးက ရုပ်ခန္ဓာ။

မနဉ္စ ပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ မနဉ္စ၊ မနာယတနကိုလည်းကောင်း။ဓမ္မေစ၊ ဓမ္မာယတနကိုလည်းကောင်း။ ပဋိစ္စ၊ ၍။ မနောဝိညာဏံ၊ မနောဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သူကလဲအတွင်းအပြင် အယတနနှစ်ပါးကိုစွဲ၍ မနော

ဝိညာဏ်စိတ်ဖြစ်တယ်။ အဲဒီစိတ်သည်ပင်လျှင် မနောဝိညာဏဓာတ်ဖြစ်တယ်။ နာမ်ခန္ဓာဖြစ်တယ်။

ဒွါရခြောက်ပေါက်တွင် တပေါက်ကို ဝိညာဏဓာတ် တလုံး စီရတဲ့အတွက် ဒွါရခြောက်ပေါက်ဆိုတော့ ဓာတ်ခြောက်လုံးရတယ်။ တဖန် စက္ခာယတနကို ဓာတ်အားဖြင့် စက္ခုဓာတ်၊ ရူပါယတနကို ရူပဓာတ်၊လို့ အမည်ပြောင်းပြီး ခေါ်လိုက်တော့ စက္ခာယတနက စက္ခုဓာတ်၊ ရူပါယတနက ရူပဓာတ်ဖြစ်လာတယ်။

ဒါကြောင့် စက္ခုဒွါရမှာ စက္ခာယတန ရူပါယတန ဆိုတဲ့ အာယတနနှစ်ပါး၊ စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ် ဆိုတဲ့ ဓာတ်သုံးလုံး၊ စက္ခာယတနနှင့် ရူပါယတနကရုပ်တရား၊ စက္ခုဝိညာဏဓာတ်က နာမ်တရား၊ ပေါင်းလိုက်တော့ရုပ်နာမ်၊ ထိုရုပ်နာမ်သည် ခန္ဓာဖြစ်တယ်။ မြင်ဆဲအခါ မျက်စိပေါက်၌ ဒီခန္ဓာအာယတနဓာတ်တို့ဖြစ်တယ်။

သောတဒွါရမှာလဲ ကြားဆဲအခါ သောတာယတန သောတဓာတ်၊ သဒ္ဒါယတန သဒ္ဒဓာတ် သောတဝိညာဏဓာတ်တို့ဖြစ်ပြီး၊ သောတာယတန သောတဓာတ် သဒ္ဒါယတနသဒ္ဒဓာတ်တို့က ရုပ်တရား၊ သောတဝိညာဏဓာတ်က နာမ်တရား၊ ဒီရုပ်နာမ်နှစ်ပါးသည် ခန္ဓာဖြစ်တယ်၊ ဒီခန္ဓာအာယတနဓာတ်တို့ဖြစ်ကြတယ်။

ဃာနာယတန ဃာနဓာတ် ဂန္ဓာယတနဂန္ဓဓာတ် ဃာနဝိညာဏဓာတ်၊ အာယတနနှင့် ဓာတ်တရားက ရုပ်၊ ဝိညာဏဓာတ်က

နာမ်။ ပေါင်းလိုက်တော့ ရုပ်နာမ်။ ဒီရုပ်နာမ်သည် ခန္ဓာဖြစ်တယ်။ ဃာနဒွါရ၌လဲ ဒီခန္ဓာအာယတနဓာတ်တို့ ဖြစ်ကြတယ်။

ဇိဝှါယတန ဇိဝှါဓာတ်၊ရသာယတနရသဓာတ်၊ဇိဝှါဝိညာဏဓာတ်။ ဒီမှာလဲ အာယတနဓာတ်တရားကရုပ်။ ဝိညာဏဓာတ်က နာမ်တရားဖြစ်တယ်၊ ပေါင်းလိုက်တော့ ရုပ်နာမ်၊ ရုပ်နာမ်ဟာ ခန္ဓာဖြစ်တယ်။ ဇိဝှါဒွါရ၌လဲ ဒီခန္ဓာ အာယတနဓာတ်တို့ဖြစ်တယ်။

ကာယာယတနကို ကာယဓာတ်၊ ဖောဋ္ဌဗ္ဗာယတနကို ဖောဋ္ဌဗ္ဗဓာတ်လို့ အမည်ပြောင်းခေါ်ခြင်းဖြစ်တယ်။ကာယဝိညာဏဓာတ် ဓာတ်သုံးပါး၊အာယတန နှစ်ပါး အာယတနနှင့် ဓာတ်နှစ်လုံးက ရုပ်တရား၊ဝိညာဏဓာတ်က နာမ်တရား၊ ရုပ်နာမ်ဟာခန္ဓာ။ ကာယဒွါရ၌ဒီခန္ဓာ အာယတနတို့ဖြစ်တယ်။

မနာယတနကို မနဓာတ်၊ ဓမ္မာယတနကို ဓမ္မဓာတ်၊ ဒီအာယတနနှင့် ဓာတ်တရားတို့က နာမ်တရား။ ဝိညာဏဓာတ်ကနာမ်တရား။ ရုပ်နာမ်ကခန္ဓာ၊ ဒါကြောင့် မနောဒွါရမှာ ဒီခန္ဓာ အာယတနတို့ဖြစ်ကြတယ်။

ဒွါရပေါက်ခြောက်ပေါက်မှာ တပေါက်လျှင် အာယတန နှစ်ပါးဆိုတော့ အာယတန(၁၂)ပါးဖြစ်တယ်။ ဓာတ်က တပေါက်လျှင် သုံးပါးဆိုတော့ ခြောက်ပေါက်မှာ ဓာတ်(၁၈) ပါးဖြစ်တယ်။ ခန္ဓာကတော့ အားလုံးခန္ဓာတရားတွေပါဘဲ။

ဒီနေရာမှာ အထူးမှတ်သားရမှာကတော့ စက္ခုဆိုရင် စက္ခုပသာဒ မျက်စိအကြည့်ရုပ်၊ သောတဆိုရင် သောတပသာဒနား အကြည့်ရုပ်တို့ ဟောတော်မူတယ်။

## ဥဂ္ဂဟပရိယတ်

ဒီခန္ဓာတရား ဓာတ်တရား အာယတနတရားတို့ကို ဒေသနာနည်းအရ လေ့လာမှတ်သားမှုကို ဥဂ္ဂဟပရိယတ်လို့ ခေါ်တယ်။

## သဝနပရိယတ်

သဝနပရိယတ် ဆိုတာကတော့ တပါးသောသူတို့က ရုပ်တရား နာမ်တရား အာယတနတရား စသည်တို့ကို ဟောပြောတဲ့အခါ နာယူမှတ်သားခြင်းကို ခေါ်တယ်။ ဒီပရိယတ် နှစ်ပါးကို သာသနာအလိုဖြင့် ပရိယတ္တိသာသနာလို့ ခေါ်တယ်။ မဂ္ဂင်သဘောအားဖြင့် သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်လို့ ခေါ်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီဥဂ္ဂဟာပရိယတ်နှင့် သဝနပရိယတ် နှစ်ပါးကို တည်ကြည်သော သမာဓိဖြင့် သတိထားပြီး သဘောပေါက် နားလည်အောင် ကြံစီတွေးတောပြီး လေ့လာမှတ်သား နာကြားနေရာမှာ ဝစီ ဒုစရိုက် လေးပါး၊ ကာယဒုစရိုက်သုံးပါးမှ ကင်းစင်ပြီး သမ္မာအာဇီဝဆိုတဲ့ အသက်မွေးမှုစင်ကြယ်ခါ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်နှင့် ပြည့်စုံနေတယ်။

ဒါကြောင့် တည်ကြည်ဒါက သမာဓိမဂ္ဂင်၊ သတိထားဒါက သမ္မာသတိမဂ္ဂင်၊ သဘောပေါက်နားလည်ဒါက သမ္မာဒိဋ္ဌိမဂ္ဂင်၊ ကြံစည်တွေးတောဒါက သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်တယ်။ ဒါကြောင့် သီလသမာဓိပညာမဂ္ဂင်၊ အသီးသီးနှင့်ပြည့်စုံနေတယ်။

ဒီပရိယတ်နှစ်ပါးဟာ ဉာဏ်အားဖြင့် သုတမယ ဉာဏ်ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပရိယတ်နှစ်ပါးကို လိုက်နာကျင့်သုံးရာမှာ အသိတရားများကို ရမှုကြောင့် ဖြစ်တယ်။

## ဓာရဏာပရိယတ်

ဓာရဏာပရိယတ်ဆိုတာကတော့ အထက်ပရိယတ် နှစ်ပါးကို လေ့လာမှတ်သားလို့ သိထားတဲ့ ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တရားတို့ကို မပြတ်လေ့လာ မှတ်သား ဆောင်ထားခြင်းကို ခေါ်တယ်၊ ဒီဓာရဏာပရိယတ်ဟာ သာသနာ အလိုအားဖြင့် ပဋိပတ္တိသာသနာဖြစ်တယ်။ ဉာဏ်အလိုအာဖြင့် စိန္တာမယဉာဏ်ဖြစ်တယ်၊ မဂ္ဂင်အားဖြင့် သီလသမာဓိ ပညာဖြစ်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ရုပ်နာမ်စတဲ့တရားကို ရှုပွါးနေတဲ့ အခါ ဝစီဒုစရိုက် ကာယဒုစရိုက်တို့မှကင်းလွတ်ပြီး အသက်မွေးမှု စင်ကြယ်ကာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်နှင့် ပြည့်စုံနေတယ်၊ တည်ကြည်သော သမာဓိဖြင့် ရုပ်နာမ်တို့ကို သတိထားရှုနေတာက သမ္မာဝါယမ သမ္မာသတိ

သမ္မာ သမာဓိ မဂ္ဂင်တို့ကို ပိုင်နိုင်စွာ သိတာကတော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်တယ်။ ။

ဓာရဏပရိယတ်ကို အားထုတ် ပွါးများခြင်းဖြင့် ရုပ်နာမ် တရားတို့ရဲ့ အနိစ္စလက္ခဏာသဘော အနတ္တလက္ခဏာသဘောနှင့် တကွ သစ္စာလေးပါးတို့ကို ယထာဘူတ ဉာဏ်ကျကျ ထိုးထွင်း ပြီး သိတဲ့ သဘောကို ပဋိဝေဓဉာဏ် လို့ ခေါ်တယ်၊ မဂ္ဂင် သဘောကတော့ ရှေးကဆိုခဲ့သလို သီလသမာဓိပညာဖြစ်တယ်။

ဒါကြောင့် ဥဂ္ဂဟပရိယတ် သဝနပရိယတ် ဓာရဏပရိယတ် ဆိုတဲ့ ပရိယတ် တရားများကို အားထုတ်နေတဲ့ သူတို့ဟာ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဆိုတဲ့ သာသနာသုံးရပ်တို့နှင့် ပြည့်စုံနေတဲ့ သာသနာပြု သာသနာ ဝန်ထမ်း ပုဂ္ဂိုလ်တွေဖြစ်တတ်။

ငါတို့မြန်မာနိုင်ငံမှာဆိုရင် မြတ်စွာဘုရား အဆုံးအမဖြစ်တဲ့ ကျမ်းအစောင်စောင်တို့ကိုပို့ချပေးနေတဲ့ ပုဂ္ဂိုလ် လေ့လာသင် ကြားနေတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာဝန်ထမ်း သာသနာပြု ပုဂ္ဂိုလ်တွေလို့ မှတ်ကြပါ။ ဒါကြောင့် ထိုထို ပုဂ္ဂိုလ်တွေကို တတ်နိုင်သမျှ ချီးမြှင့်ထောက်ပံ့ကြရမည်။ သူတို့ ရှိနေလို့ သာသနာကြီး တည်တန့်နေတာ ပရိယတ္တိ သာသနာဟာ အကြောင်း သာသနာ ဖြစ်တယ်။ ပဋိပတ္တိသာသနာဟာ အကျိုး သာသနာဖြစ်တယ်။ တဖန်ပဋိပတ္တိသာသနာသည် အကြောင်း သာသနာဖြစ်တယ်။ ပဋိဝေဓသာသနာဟာ အကျိုးသာသနာ

ဖြစ်တယ်။ ဒီသာသနာသုံးပါးတွင် ပရိယတ္တိသာသနာသည် လို ရင်းအကျဆုံး သာသနာဖြစ်တယ်။ ဒီ သာသနာမရှိရင် သာ သနာကွယ်သွားနိုင်တယ်။

## နာမရူပ ပရိစ္ဆေဒဉာဏ်

စက္ခာယတနနှင့် ရူပါယတနတို့က ရုပ်တရား စက္ခုဝိညာဏ် စိတ်က နာမ်တရား၊ သောတာယတနနှင့် သဒ္ဒါယတနတို့က ရုပ် တရား၊ သောတဝိညာဏ်စိတ်က နာမ်တရား။ ဃာနာယတနနှင့် ဂန္ဓာယတနတို့က ရုပ်တရား၊ ဃာနဝိညာဏ်စိတ်က နာမ်တရား။ ဇိဝှါယတနနှင့် ရသာယတနတို့က ရုပ်တရား၊ ဇိဝှါဝိညာဏ်စိတ် က နာမ်တရား။ ကာယာယတနနှင့် ဖောဋ္ဌဗ္ဗာယတနတို့က ရုပ် တရား၊ ကာယဝိညာဏ်စိတ်က နာမ်တရား။ မနာယတနနှင့် ဓမ္မာ ယတနတို့က နာမ်တရား၊ မနောဝိညာဏ်စိတ်က နာမ်တရား။ ဒီလို ရုပ်တရားနာမ်တရားတို့ကို ပိုင်းခြားဝေဘန်ပြီးသိခြင်းဟာ နာမ ရူပ ပရိစ္ဆေဒဉာဏ်ဖြစ်သည်။

## သံသရာလည်ပုံ

ဒွါရခြောက်ပေါက်မှာ ခန္ဓာ အာယတန ဓာတ်တို့ဖြစ်ပေါ် ကာ မပြတ်သံသရာလည်နေတယ်၊ ဒီခန္ဓာ အာယတန ဓာတ်တို့ သည် မြင် ကြား နံ စား တွေ့ ထိ ကြံ သိ ဆိုတဲ့ အခါမျိုးမှာ မသိမှုအဝိဇ္ဇာကြောင့် ကာမအာရုံတွေဖြစ်ပြီးသံသရာလည်တယ်။

မျက်စိနှင့်ဒွေဆင်းတို့ကိုမြင်တဲ့အခါ နားနှင့်အသံကိုကြားတဲ့အခါ နှာခေါင်းနှင့်အနံ့ကိုရှူရှိုက်မိတဲ့အခါ လျှာနှင့် အရသာကိုခံလင့်မိတဲ့အခါ စိတ်သဘောနှင့် ထွေထွေရာရာကြံတွေးမိတဲ့အခါမျိုးမှာ အရိပ်ကိုအကောင်ထင်ပြီး သံသရာလည်တော့ဒါဘာဘဲ။

သိဝိမင်းကြီးသည် နက္ခတ်ပွဲသဘင် လှည့်လည်ကြည့်ရှုရင်း ဥမ္မာဒန္တီကို သိဝိမင်းကြီးကမြင်ပါလေရော။ ဒီလို ဥမ္မာဒန္တီကို မြင်လိုက်တယ်ဆိုရင်ဘဲ သတိတွေလွတ်ကင်းပြီး စိတ်ဖောက်ပြန်သွားတယ်၊ ဒါနဲ့ ရထားမှူးကိုခေါ်ပြီး ရထားမှူး ဤမိန်းကလေးဟာဘယ်သူဖြစ်သနည်း အဘယ်သူ့ရဲ့ဇနီးဖြစ်သလဲလို့ မေးတော်မူတယ်။

ဒီတွင် ရထားမှူးက လျှောက်ထားလိုက်တယ်။ အရှင်မင်းကြီး ဒီ မိန်းကလေးဟာ ဥမ္မာဒန္တီဖြစ်ဘယ်။ အဘိပါရက စစ်သူကြီးရဲ့ ဇနီးဖြစ်တယ်လို့ လျှောက်ထားတဲ့အသံကို ကြားရတဲ့အခါ စိတ်ပင်ပန်းတုန်လှုပ်သွားပြီး ရထားမှူးကို ရထားကိုလှည့်ခိုင်းပြီး နန်းတော်သို့ပြန်ရန် ပြောကြားလိုက်တယ်။

သိဝိမင်းကြီးဟာ နန်းတော်သို့ ရောက်တဲ့အခါ ဥမ္မာဒန္တီအရိပ်ကို အကောင်လို့ စွဲလန်းမိတဲ့အတွက် တဏှာနဲ့သာယာဉပါဒါန်နဲ့ စွဲလန်း၊ ဘဝ ဒီအာရုံဇာတ အသစ်ကသစ် ဖြစ်ပေါ်ပြီး ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်းဖြစ်လာတယ်။ မစားင် မအိပ်နိုင်နှင့် အရူးကြီးသဖွယ်ဖြစ်ရတော့တယ်။

## သက္ကာယ ခန္ဓာ

သိဝိမင်းကြီး ဥမ္မာဒန္တီကို မြင်တဲ့အခါမှာ ခန္ဓာ အာယတန ဓာတ်တို့ ပါလားလို့ မသိတဲ့ အဝိဇ္ဇာ အကြောင်းခံပြီး စိတ်အာရုံမှာ ဖောက်ပြန် ခံစား မှတ်သား ပြုပြင် ကြံသိ ဆိုတဲ့ သက္ကာယခန္ဓာကြီးပေါ်လာတယ်။ ဖောက်ပြန်တာကရုပ်တရား၊ ခံစား မှတ်သား ပြုပြင်ဆိုတာက နာမ်တရား။ မြင်တချက်မှာ ပေါ်လာတဲ့ ရုပ်နာမ်ကို ရုပ်နာမ်မှန်း မသိတဲ့အတွက် သမုဒယတွေ ဖြစ်ပြီး ကာမာသဝ ဝဲသြဃကြီးထဲ ကူးရတော့ ဒါဘဲ။ ဒါကြောင့် ပုတုဇဉ်များမှာ မြင်ကြားစသည်တို့မှာ လိုမှလိုဆိုတဲ့ သမုဒယတွေဖြစ်တယ်။ အကြောင်း ခန္ဓာက ငါ သူတပါး ယောကျ်ားမိန်းမ ဖြစ်တယ်၊ အကျိုးရတာက ဒုက္ခ၊ ခံစားခွင့်က သောက။ ပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသ တရားတို့ ဖြစ်တယ်။

## ဥပါဒါနက္ခန္ဓာ

အဝိဇ္ဇာ အကြောင်းခံပြီး၊ စိတ်အာရုံမှာ ဖြစ်ပေါ်နေတဲ့ သက္ကာယခန္ဓာကြီးကို တဏှာနဲ့ သာယာပြီး ဥပါဒါန်စွဲယူထား လိုက်တော့ ဥပဒါန် ခန္ဓာဖြစ်လာတယ်။ ဒါကြောင့် သိဝိမင်းကြီး စိတ်အာရုံမှာ ဥမ္မာဒန္တီကို အမြဲမြင်နေတယ်။ ဥမ္မာဒန္တီရဲ့ ရုပ်အဆင်းဟာ သူ့မျက်စိနဲ့ မြင်ယောင်တကား ဖြစ်နေတယ်။ ဒါဖြင့် သိဝိမင်းကြီးမှာ ဖြစ်ပေါ်နေတဲ့ အကျိုးဟာ ဒုက္ခဘဲ မဟုတ်လား။

ခံစားခြင်းက သောက စိုးရိမ်ခြင်း၊ ပရိဒေဝ ငိုကြွေးခြင်း၊ ဒုက္ခ ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ စိတ်ဆင်းရဲခြင်း၊ ဥပါယာသ ပြင်းစွာပူပန်ခြင်းတို့ကို ခံစားနေရတယ်။

သိဝိမင်းကြီးဟာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေဒါဟာ စိတ်အာရုံမှာ ဖြစ်ပေါ်နေတဲ့ ခန္ဓာဝန်ထုပ်ကြီး ငါးထုပ်ကို ထမ်းလို့ဘဲ မဟုတ်လား။ ဒါကြောင့် ဥပ္ပါဒေါ ဒုက္ခံလို့ ဘုရားရှင်ဟောတော်မူတယ်။ ဥပ္ပါဒေါ၊ ခန္ဓာငါးပါး ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဒီတော့ခန္ဓာငါးပါး ရှိနေရင် ဆင်းရဲမှု ဆိုတာဟာလဲ ရှိနေမှာဘဲ။

ဒီခန္ဓာဝန်ထုပ်ကို ပစ်ချထားနိုင်မှ ဆင်းရဲခြင်းမှ လွတ်ကင်းမှာဖြစ်တယ်။ ဒါကြောင့် အနုပ္ပါဒေါ သုခံ။ အနုပ္ပါဒေါ ခန္ဓာငါးပါးမဖြစ်ပေါ်ခြင်းသည်။ သုခံ၊ ချမ်းသာ၏။ သိဝိမင်းမှာ သူ့ရဲ့စိတ်အာရုံထဲမှာ ခန္ဓာဝန်ထုပ်ကြီး ဖြစ်ပေါ်နေတဲ့ အတွက် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေရတယ်။

ဥမ္မာဒန္တီကို လိုလားတောင်းတနေတဲ့ တဏှာက အာပေါ ဓာတ်၊ လိုချင်တောင်းတနေတဲ့စိတ်တွေ ခက်ထန် ပြင်းထန်နေ ဘာက ဒေါသ၊ ပထဝီဓာတ်။ ။

စိတ်အာရုံတွေ လှုပ်ရှားပြီး မှောင်မိုက်နေဒါက ဝါယော ဓာတ်၊ သောကပရိဒေဝ ဒုက္ခဒေါမနဿ စတဲ့ တရားတို့က တေဇောဓာတ်၊ ဓာတ်ကြီးလေးပါးက စိတ်အာရုံမှာဖြစ်ပေါ် နေတော့၊ တဖက်က အဆင်း အသံ အနံ့ အရသာ သြဇာ ဆိုတဲ့ ဥပါဒါရုပ်တွေကလည်း ဖြစ်ပေါ်ပြီး ရှိနေတယ်။ ။

ပထဝီဓာတ်ဟာ သတ္တမုခ မြေဖြစ်တယ်။
တေဇောဓာတ်ဟာ အဂ္ဂိမုခ မြေဖြစ်တယ်။
အာပေါဓာတ်ဟာ ပုတိမုခ မြေဖြစ်တယ်။
ဝါယောဓာတ်ဟာ ကဋ္ဌမုခ မြေဖြစ်တယ်။

သိဝိမင်းကြီးဟာ ဒီမြေကြီးလေးကောင်ရဲ့ အကိုက်ကိုခံနေရတဲ့အတွက်၊ မြေဆိပ်တက်နေသူဖြစ်တယ်။ ဒီလိုအကိုက်ခံရဒါဟာ ဘာဖြစ်လို့လဲဆိုတော့ မသိတဲ့ အဝိဇ္ဇာကြောင့် ဖြစ်တယ်။ ဒါကြောင့် သိဝိမင်းရဲ့ စိတ်အာရုံမှာ အဝိဇ္ဇာကြောင့် ဖောက်ပြန်တဲ့ ခန္ဓာကို ရလာတယ်။ ဥပါဒါန်ကြောင့် မှတ်သားမှု ခန္ဓာဖြစ်ရတယ်၊ ဘဝကြောင့် ကြံစည်မှု တွေးတောမှု ခန္ဓာဖြစ်တယ်။ ဒီတော့ စိတ်အာရုံမှာ ရူပက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ခန္ဓာ ငါးပါး ဖြစ်ပေါ်နေတယ်။

အမှန်တော့ မြင်ကြား နံစားတွေ့ထိကြံသိတဲ့အခါမှာ ခန္ဓာ အာယတန ဓာတ်တရားတို့သာ ဖြစ်ပြီးပျက်နေတယ်၊ စိတ်အာရုံမှာ ရုပ်နာမ် ခန္ဓာတို့သာဖြစ်ပြီး ပျက်နေတယ်လို့ မသိတဲ့အတွက် ဒီရုပ်နာမ်ခန္ဓာတို့ကို ယောကျ်ားကောင် မိန်းမကောင်လို့ ဒိဋ္ဌိရဲ့ အမြင်မှားမှုကို ဥပါဒါန်နှင့် စွဲယူထားလိုက်တော့ ဒိဋ္ဌုပါဒါန် အတ္တဝါဒုပါဒါန် တရားတွေဖြစ်လာတယ်။

ဒိဋ္ဌုပါဒါန်ဖြစ်ရင် ဒိဋ္ဌောဃဆိုတဲ့ ဝဲဩဃထဲမှာ ကူးရတော့တာပါဘဲ၊ အတ္တဝါဒုပါဒါန်ဖြစ်ရင် ဘဝေါဃဆိုတဲ့ ဩဃရေအယဉ်မှာ မျောရတယ်၊ ကာမုပါဒါန်ဖြစ်ရင် ကာမောဃရေ

အယဉ်ကို ကူးရတယ်၊ ဒီလိုဝဲဩဃတွေမှာ ကူးခတ်နေမျောပါနေ ရဒါဟာ အဝိဇ္ဇာဩဃ ဆိုတဲ့ ဝဲဩဃကြီးအတွင်း ရောက် နေလို့ ဖြစ်တယ်။ သိဝိမင်းကြီးဟာလဲ ဒီဝဲဩဃကြီးလေးပါးကို ကူးနေရတယ်၊ ကူးတဲ့အခါ စိတ်အာရုံမှာ လောဘနှင့် ဖောက်ပြန်ပြီး ကူးလိုက်၊ မောဟနှင့် ဖောက်ပြန်ပြီးကူးလိုက်နှင့် သီလဗ္ဗတုပါဒါန် အလေ့ကျင့်တွေ အားလုံး ဖောက်ပြန်ပျက် စီးကုန်တယ်။ ဒီတော့ ကာယကံ ဝစီကံ မနောကံမှုတွေ ဖြစ် လာတယ်။

## ကိလေသာ သုံးပါး

ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊ အနုသယ ကိလေသာ သုံးပါးရှိတယ်။ ဝီတိက္ကမ ကိလေသာဟာ ကာယကံ ဝစီကံတို့ဖြင့် ကျူးလွန်ခြင်း ဖြစ်တယ်။ ပရိယုဋ္ဌာနကိလေသာ ဟာ စိတ်အာရုံမှာ ဆူပူထကြွနေတဲ့ ကိလေသာ ဖြစ်တယ်။ အနုသယကိလေသာဟာ စိတ်အာရုံမှာ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါးကို ခံစားမှုဖြစ်တယ်။ ။သိဝိမင်းကြီးဟာ ဝစီ ကံဖြင့် ကျူးလွန်ခြင်း ဝီတိက္ကမ ကိလေသာ။ မနောကံဖြင့် စိတ်အာရုံထဲ ပူလောင် သောင်းကျန်းနေတဲ့ ပရိယုဋ္ဌာနကိလေ သာ၊ ဥမ္မာဒန္တီကို အာရုံပြုပြီး ပေါ်လာတဲ့ အရိပ်ပုံထဲမှာ အတွေး နှင့် သုခဝေဒနာ ခံစားနေတာက အနုသယ ကိလေသာတို့ဖြစ် ကြတယ်။ ဒါကြောင့် မသိမှုအဝိဇ္ဇာ အကြောင်းခံပြီး ဖောက် ပြန်ခံစား မှတ်သားပုံပြင် ကြံသိတဲ့ ခန္ဓာငါးပါးဟာ သူရဲ့

စိတ်အာရုံမှာ ပေါ်လာတယ်၊ ဒီခန္ဓာကိုပင် သက္ကာယ ခန္ဓာ၊ ဇာတိ သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်၊ စိတ်အာရုံမှာ ပေါ်လာတဲ့ သက္ကာယအဖြစ် ခံစားဒါကို တကယ် ဥမ္မာဒန္တီဆိုတဲ့ အမြင်သဘောနှင့် နှစ်သက်တဲ့ တဏှာအကြောင်းခံပြီး ဥပါဒါန်နှင့် စွဲယူထားလိုက်တော့ ဥပါဒါနက္ခန္ဓာဖြစ်လာတယ်။ ဒီခန္ဓာကို အနုသယကိလေသာကိန်းတဲ့ ခန္ဓာလို့ခေါ်တယ်၊ ဒီခန္ဓာဟာ အကြောင်းခန္ဓာ၊သံသရာလည်တဲ့ခန္ဓာ၊ သတ္တဝါတို့ကို ဒုက္ခပေးတဲ့ခန္ဓာဖြစ်တယ်။

## အနုသယကိလေသာ ကိန်းပုံ

စက္ခုံစ ပဋိစ္စဘိက္ခဝေ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိဝေဒယိတံ၊ သုခံဝါဒုက္ခံဝါ အဒုက္ခမသုခံဝါ။ သော သုခါယ ဝေဒနာယဖုဋ္ဌောသမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။ ။ (ဥပရိပဏ္ဏာသပါဠိ)

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံစ၊ မျက်စိပသာဒ အကြည်ရုပ်ကိုလည်းကောင်း ရူပေစ၊ ပရမတ္ထ ရုပ် ရိပ်အဆင်းကို လည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စိတ် ရိပ်ဖြစ်သော စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ။စက္ခုပသာဒ အကြည်ရုပ် ရုပ်ရိပ်ဆင်း နှစ်ပါးတို့ တိုက်တဲ့အခါ၊ စက္ခုဝိညာဏ်ဆိုတဲ့ စိတ်ရိပ်ပေါ်လာတယ်။ အမှန်တော့ အရိပ်သုံးပါးပြိုင်ပြီး ပေါ်လာတယ်။ စက္ခုပသာဒ အကြည်ရုပ်က အတိတ်ကံရိပ်

အဆင်းက ဥတုဇရုပ်ရိပ်၊ စက္ခုဝိညာဏ်က စိတ်ရိပ်။ နာမ်ရိပ်ဖြစ်တယ်။ တနည်းပြောရရင် ခေတ်သုံးပါးလုံးပြိုင်ပြီးပေါ်လာဒါဖြစ်တယ်။

သိဝိမင်းကြီးဟာ ဝိပဿနာပညာဉာဏ်ကို ရသူမဟုတ်လေတော့ ပေါ်လာတဲ့ အရိပ်သုံးပါးကို အဘာဝ အဗျာကတ အနတ္တလက္ခဏာဘာရားပါလားလို့ မြင်အောင်မရှုနိုင်တဲ့အတွက် အရိပ်ကို ဥမ္မာဒန္တီကောင်လို့ စွဲယူထားတဲ့အတွက် ဥပါဒါန်ခန္ဓာကြီးကို ရရှိပြီး၊ စိတ်အာရုံတို့က ယိုယွင်းပျက်စီးကာ သံသရာဝဋ္ဋဒုက္ခကြီးကို ခံစားရတယ်။

တိဏ္ဏံသင်္ဂတိ ဖဿော ဥပ္ပဇ္ဇတိ။ ။တိဏ္ဏံ၊ ထိုအရိပ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းမိခြင်းကြောင့်။ ဖဿော၊ အာရုံ၌တွေ့ထိမှု ဖဿသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဖဿဆိုဒါ အရိပ်သုံးပါး ခေတ်သုံးပါးတို့ ပေါင်းဆုံးတွေ့ထိမှုသဘောဖြစ်တယ်။

ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒယိတံ ခံစားအပ်သော။ သုခံဝါ၊ သုခဝေဒနာသည်လည်းကောင်း။ ဒုက္ခံဝါ၊ ဒုက္ခဝေဒနာသည် လည်းကောင်း။ အဒုက္ခမသုခံဝါ၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊၏။

အရိပ်ကို အကောင်လို့ စွဲယူထားတဲ့အတွက် ဝေဒနာသုံးမျိုးဖြစ်ပေါ်လာနိုင်တယ်။ သဘောကျ နှစ်သက်မှုရှိရင် သုခဝေဒနာ ခံစားမှုဖြစ်မည်။ သဘောမကျ မနှစ်သက်ရင် ဒုက္ခဝေဒနာ ခံ

စားမှုဖြစ်မည်၊ အကျိုး အကြောင်းမသိဘဲ အမှတ်တမဲ့နေရင် ဥပေက္ခာဝေဒနာခံစားမှုဖြစ်မယ်။

ဒီဝေဒနာသုံးပါးတွင် သိဝိမင်းကြီးသည် သုခဝေဒနာကို ခံစားနေတယ်။ ဘယ်အပေါ်မှာ ခံစားနေသလဲဆိုရင်၊ ဥမ္မာဒန္တီရဲ့ရုပ်အရိပ်ပေါ်မှာ ခံစားနေတယ်။ ။

သော၊ ထိုသူဘည်။ သုခါယ ဝေဒနာယ၊ သုခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့ထိသည်။ သမာနော၊ ဖြစ်သည် ရှိသော်။ အဘိနန္ဒတိ၊ အလွန် နှစ်သက်၏။ အဘိဝဒတိ၊ အလွန်ပြောဆို၏။ အဇ္ဈောသာယ၊ လွှမ်းမိုး၍။ တိဋ္ဌတိ၊တည်၏။ တဿ၊ ထိုသူအား။ ရာဂါနုသယော၊ ရာဂါနုသယသည်။ အနုသေတိ၊ ကိန်း၏။ ။သိဝိမင်းကြီးရဲ့ စိတ်အာရုံမှာ သုခဝေဒနာခံစားခြင်းဖြင့် ရာဂါနုသယ ကိန်းနေပါတဲ့။

ဒီလိုသိဝိမင်းကြီး ရာဂါနုသယကိန်းနေတဲ့၊ မြေဆိပ်တက်နေတဲ့အချိန်မှာဘဲ၊ အဘိပါရက စစ်သူကြီး ခရီးမှပြန်ရောက်လာတယ်။ ပြန်ရောက်လာတော့ နန်းတော်အတွင်းသို့ ဘုရင်ထံ အခစားဝင်တယ်။ မင်းကြီးလည်း မစားနိုင် မသောက်နိုင် မအိပ်နိုင် ဖြစ်ကာ အိပ်ရာထဲ လဲနေတယ်။

အဘိပါရက စစ်သူကြီးက မင်းအား လျှောက်ထားတယ် အရှင်မင်းကြီး အဘယ်ရောဂါ စွဲကပ်နေပါသလဲ အကျွန်ုပ်အား မိန့်ကြားတော်မူပါ၊ ဆောင်ရွက်စရာရှိသော ကိစ္စအဝဝကို ပြီးအောင် ဆောင်ရွက်ပါရစေလို့ လျှောက်ထားတယ်။ သို့သော်

မင်းကြီးက ရာဂါနှံသယ မြွေဆိပ်တက်နေတဲ့ အတွက်၊ ဘာမှ ပြန်မပြောနိုင်ရှာဘူး။

အဘိပါရက စစ်သူကြီးလဲ နန်းတော်မှ ထွက်ခဲ့တယ်၊ မိမိနှင့် ချစ်ကျွမ်းဝင်သူ တယောက်ကို အကြောင်းအရာတို့ကိုစေ့စုံစွာ ပြောပြပြီး၊ အမြဲဗလိနတ်စာ ကျွေးမြဲဖြစ်တဲ့ ညောင်ပင်ကြီးရဲ့ အခေါင်းအတွင်းထဲသို့ ဝင်နေစေတယ်။ စစ်သူကြီးလဲ မင်းကြီးထံသို့ ပြန်လာခဲ့တယ်။ မင်းထံမှာ ခစားနေတဲ့ အမှတ်တယောက်ကို ဒီလိုပြောလိုက်တယ်၊ 'အို=အမတ်ကြီး ငါတို့ဘုရင်မင်းကြီးမှာ စွဲကပ်နေတဲ့ ရောဂါဟာ မည်သည့်ရောဂါဖြစ်တယ်ဆိုဒါ သိဘို့ခက်နေတယ်၊ တန်ခိုးကြီးတဲ့ နတ်များကတော့ သိနိုင်ကြလိမ့်မယ်၊ ငါတို့အမြဲမပြတ် ကိုးကွယ်နေတဲ့ ညောင်ပင်ကြီးဆီ သွားပြီး ရုက္ခစိုးနတ်မင်းကို မေးရရင် အကြောင်းစုံကို သိနိုင်လိမ့်မည်လို့ ပြောလိုက်တယ်၊ အဘိပါရက ပြောပြချက်အရ အမတ်ကြီးတို့ဟာ ညောင်ပင်ကြီးရှိရာ သွားပြီး၊ ရုက္ခစိုးနတ်မင်းကို မေးကြတယ်၊ အဲဒီအခါရုက္ခစိုးနတ်မင်း ယောင်ဆောင်နေတဲ့ ညောင်ခေါင်းအတွင်းရှိတဲ့လူက အသင်တို့ရဲ့ ဘုရင်မင်းမြတ်၌ တပါးသော ရောဂါ စွဲကပ်ခြင်းမရှိ၊ ဥမ္မာဒန္တီကို လိုလားနှစ်သက်သောကြောင့် ရူးသွပ်သောရောဂါသာဖြစ်နေသည့်ဆိုပြီး ပြောလိုက်တယ်၊ အမတ်လဲ ရုက္ခစိုးနတ်ပြောတဲ့အတိုင်း မင်းထံမှာ ကျန်နေသော အဘိပါရက စစ်သူကြီးကို လျှောက်ထားတယ်။ စစ်သူကြီးကလဲ မင်းကြီးထံ လျှောက်ထားပါတယ်၊ အရှင်မင်းကြီး အရှင်မကြီးရဲ့ဖြစ်အင်ကို မျိုသိပ်ထားပါသော်လဲ၊ တန်ခိုးကြီးနတ်များကပင်သိနေပါပြီ၊

ကျွန်ုပ်ရဲ့ဇနီးဖြစ်တဲ့ ဥမ္မာဒန္တီကို အလိုရှိပါက သိမ်းပိုက်တော်မူပါ၊ ဤမိန်းမကြောင့် ဒုက္ခကြီးစွာ ခံစားမနေပါနှင့်လို့လျှောက်ထားလိုက်တယ်။

အဘိပါရကစစ်သူကြီးက ဒီလို လျှောက်ထား လိုက်တာဟာ မင်းကြီးရဲ့ စိတ်အာရုံမှာ ဖြစ်ပေါ်နေတဲ့ ရာဂါနဲ့သယမြွေဆိပ်-ကျဘို့အတွက် ဆေးတိုက်လိုက်တာပါဘဲ၊ ဒီအခါကျမှ မင်းကြီးဟာ ငါ့ရှဲဖြစ်အင်ကို နတ်များကပင် သိကြလေပြီဆိုတဲ့ ထိတ်လန့်မှု သံဝေဂဉာဏ်ဖြစ်ပြီး ဥမ္မာဒန္တီကို လိုချင်တဲ့ တဏှာ၊ စွဲလန်းမှုဉပါဒါန်တို့ ပြုတ်သွားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဘုရင်မင်းမြတ်ဆိုတဲ့ မိမိရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာ အလွန်ထိပ်လန့်သွားတဲ့အတွက်ဖြစ်တယ်။ဒါကြောင့် တရားအားထုတ်ပြီးတရားရဘို့အတွက် ထိပ်လန့်တဲ့သံဝေဂဉာဏ်ရှိရမယ်။တကယ်လို့ ထိပ်လန့်မှုသံဝေဂဉာဏ်မှ မရှိရင် တရားအားထုတ်လို့လွယ်ကူစွာ တရားရဘို့ဆိုဒါဟာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး။

## စူဠသေတောပန်အဆင့်

ဒီနေရာမှာ အထူးစဉ်းစားရမှာကတော့၊ သိဝိမင်းကြီးစိတ်အာရုံ၌ ထိပ်လန့်မှုသံဝေဂဖြစ်လာတဲ့ အချက်ပါဘဲ။ ဘာဖြစ်လို့လဲလို့ စဉ်းစားကြည့်တော့ အဝိဇ္ဇာမှာအပြုတ်ပြီး ဝိဇ္ဇာဉာဏ်ဖြစ်လာလို့ပါဘဲဟု အဖြေပေးရပါတယ်။ ဝိဇ္ဇာဉာဏ် ပေါ်လာတဲ့အတွက် စိတ်အာရုံမှာ ဖေါက်ပြန်နေတဲ့ ဥမ္မာဒန္တီရဲ့အဆင်း ရိပ်ပေါ်မှာ သမုဒယတဏှာ ဖြစ်သွားတယ်။

ဒါကြောင့် ဥမ္မာဒန္တီရဲ့ အဆင်းရိုင်ရူပက္ခန္ဓာ ချုပ်သွားတယ်၊ အဲဒီ အဆင်းရိုပ်အပေါ်မှာ ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ၊ အရိုပ်ကို အကောင်ထင်နေတဲ့ ဝိညာဏက္ခန္ဓာတို့လဲ ချုပ်သွားတယ်။ ယင်းမပြဲမှုကြောင့် ဆင်းရဲရတဲ့ ဒုက္ခလက္ခဏာ သဘောဟာလဲချုပ်သွားတယ်။ ယင်းဆင်းရဲမှု သဘောဟာလဲ ယောကျ်ား မိန်းမ ဆိုတဲ့ အတ္တဇီဝမှ ကင်းဆိတ်နေတဲ့ အဗျာကတ အနတ္တလက္ခဏာတရားသာ ဖြစ်တယ်လို့ သိထားရမယ်။

ခန္ဓာငါးပါးသည် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ နှစ်ပါးသာဖြစ်တယ်၊ ဒီရုပ်နာမ်နှစ်ပါးကို သိဒါက နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်တယ်၊ ရုပ်နာမ်တို့ကို အကြိမ်ကြိမ်ရှုပွါးနေခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တယ်။ ရုပ်နာမ်တို့၏ အနတ္တလက္ခဏာ၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာတို့ကို ဉာဏ်အား ရှင်းအောင်သိခြင်းသည် သမ္မသနဉာဏ်ဖြစ်တယ်။

ဤသမ္မသနဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် တဘဝအတွက် လားရာဂတိမဲ့ပြီး အပယ်ဘေးမှ ကင်းဝေးနိုင်တယ်လို့ ဒေ့သနာ အဆိုရှိပါတယ်။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမဟောတိ။ ။ပန— အကျိုးထူးကား။ ဣမိနာ ဉာဏေန- ဤသမ္မသနဉာဏ်နှင့်၊ သမန္နာဂတော—ပြည့်စုံသော၊ ဝိပဿကော—ယောဂီပုဂ္ဂိုလ်သည်-ဗုဒ္ဓသာသနေ—မြတ်စွာဘုရားသာသနာတော်၌၊ လဒ္ဓဿာသော—ရအပ်သော သက်သာရာရှိသော။လဒ္ဓပတိဋ္ဌော၊ရအပ်သော ထောက်တည်ရာရှိသော၊ နိယ

တဂတိကော၊ သုဂတိဘဝလျှင် အမြဲလာရာရှိသော၊ ဓူဋ္ဌသော တာပနေ္တာ နာမ၊ ဓူဋ္ဌသောတာပန်မည်သည်၊ ဟောတိ၊ ဖြစ်၏။ (ဝိသုဒ္ဓိမဂ်)

နောက်ထပ် စဉ်းစားစရာ အချက်တခုပေါ်လာတယ်၊ ဒါက တဏှာဆိုဟဲ့ အချက်ဖြစ်တယ်၊ ဒီတဏှာနှင့် ပတ်သက်ပြီး အယူ အဆအမျိုးမျိုး ဖြစ်နေတယ်၊ ယောကျ်ားဘဲတဏှာ ဖြစ်သလိုလို မိန်းမကဘဲတဏှာဖြစ် သလိုလို၊ ယောကျ်ားမိန်းမကိုဘဲတဏှာလို့ ခေါ်သလိုလို ဖြစ်နေကြတယ်။ သိဝိမင်းကြီးနှင့် ဥမ္မာဒန္တီ နှစ်ယောက်တို့ကို ဘယ်သူကတဏှာလဲလို့ စဉ်းစားပါ၊ သိဝိမင်း ကဘဲ တဏှာလား။ ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃ ာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ ဆိုတဲ့ အနုသယတရား ခုနှစ်ပါး ထဲ မှာလဲ ယောကျ်ားမပါ မိန်းမဆိုဒါလဲ မပါပေဘူး။

တဖန်ကိလေသာဆယ်ပါးနှင့် ကြည့်မယ်ဆိုပြန်ရင်လဲလောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ။ ဒီကိလေသာ ဆယ်ပါးထဲမှာလဲ ယောကျ်ားမိန်းမ မပါဘူး။

သံယောဇဉ်နှင့် ကြည့်ပြန်ရင်လဲ၊ဒိဋ္ဌိသံယောဇဉ်၊ ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ သီလဗ္ဗတ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ ဝိစ္ဆရိယ သံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်ဆိုတဲ့ သံယောဇဉ် ဆယ်ပါးထဲ မှာလဲ ဒီမိန်းမ ယောကျ်ားဟာ မပါဘူး၊ ဒါဖြင့် တဏှာဆိုတဲ့ ဒေသနာနည်းကို သဘာဝပေါ်လာအောင် ဘယ်လိုယူမလဲဆိုဒါ ကိုစဉ်းစားရလိမ့်မည်။ စဉ်းစားကြည့်တဲ့အခါ ယောကျ်ားဆို

တာရယ် တဏှာဆိုတာရယ် မိန်းမဆိုတာရယ် သုံးပုဒ်ခွဲပြီး စဉ်းစားရလိမ့်မည်။ ဒီလိုစဉ်းစားမှ အရှိတရားကို သိနိုင်မယ် ဖြစ်တယ်။ အမှန်တော့ တဏှာဆိုတာ ယောကျ်ားလဲ မဟုတ်ဘူး မိန်းမလဲ မဟုတ်ဘူး။ ယောကျ်ား မိန်းမဆိုတာ နာမည် နာမ ပညတ် မရှိတရားသာ ဖြစ်တယ်။ အထင်အရှား ရှိနေတာက ဥတုဇရုပ်ကောင် ဖြစ်တယ်။ ဥတုဇရုပ် ဆိုတာဟာလဲ၊ ပူအေး သဘောသာ ဖြစ်တယ်၊ ဒီပူအေး ဥတုဇရုပ်ကောင်ကြီးကို အမှီ ပြုပြီး စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ သာယာမှု နှစ်သက်မှု တောင်းတမှုသဘော နာမ်တရားသာ ဖြစ်တယ်၊ဒါကြောင့် ဒီ သာယာ နှစ်သက်မှု တောင်းတမှု သဘောမှာ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လုံးဝ မပါရှိပါဘူး၊

သံယောဇဉ်တရား ဆယ်ပါးမှာလဲ ယောကျ်ား မိန်းမစသည် တို့မပါလာဘူး၊ ဒါပေမဲ့ အများကတော့ မယားသံယောဇဉ် သားသံယောဇဉ်စသည်ဖြင့် ထားကြတယ်၊ အမှန်တော့ စိတ် အာရုံမှာ ဖြစ်ပေါ်လာတဲ့ အနှောင်အဖွဲ့သာ သံယောဇဉ် ဖြစ် တယ်၊ ဒါကြောင့် သိဝိမင်းကြီးဟာလဲ တဏှာမဟုတ်၊ ဥမ္မာ ဒန္တီဟာလဲ တဏှာမဟုတ်၊ ထိုသူနှစ်ဦးကြားမှာ စိတ်အာရုံမှာ ဖြစ်ပေါ်နေတဲ့ နှစ်သက်သာယာ တောင်းတမှုသာ တဏှာ ဖြစ် တယ်။ သို့သော် ယောကျ်ား မိန်းမစသည်တို့က အာရုံဖြစ်တယ်။ လိုချင်တောင်းတမှု တဏှာက အာရမ္မဏိက ဖြစ်တယ်။

## ပဌီသာနုသယကိန်းပုံ

ဝေဒယိတံ၊ ခံစားအပ်သော။ ဒုက္ခာယဝေဒနာယ၊ ဒုက္ခ ဝေဒနာနှင့်။ ဖုဋ္ဌော သမာနော၊ တွေ့ထိအပ်သည်ရှိသော်။

တဿ၊ ထိုသူအား။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနုသေတိ၊ ကိန်းတော့၏။

မလိုလားအပ်တဲ့ဒုက္ခဝေဒနာကို ခံစားရာမှာ ပဋိဃာနုသယ ကိန်းတယ်ဆိုတော့ သိဝိမင်းရဲ့ စိတ်အာရုံထဲမှာ သောကစတဲ့ တရားတွေကို ခံစားနေရတဲ့ ဝေဒနာ ခံစားမှုကြောင့် သူ့ အာရုံမှာ ပဋိဃာနုသယကိလေသာ ကိန်းနေတယ်။

**အဝိဇ္ဇာနုသယကိန်းပုံ**

ဝေဒယိတံ၊ ခံစားအပ်သော။ အဒုက္ခမသုခါယ၊ ဥပေက္ခာ ဝေဒနာနှင့်။ ဖုဋ္ဌာ သမာနော၊ တွေ့ထိသည်ရှိသော်။ တဿ၊ ထိုသူအား။ အဝိဇ္ဇာနုသယော၊အဝိဇ္ဇာနုသယသည်။အနုသေတိ၊ ကိန်းတော့၏။ အကျိုးအကြောင်း မသိဘဲ အမှတ်မဲ့ မြင်မှုကြား မှုစသည်တို့မှာလဲ အဝိဇ္ဇာနုသယ ဖြစ်တယ်။ ဒါကြောင့်သိဝိမင်း ကြီးမှာ ဥမ္မာဒန္တီကိုမြင်ရာမှာ အမှတ်တမဲ့ဖြစ်ပြီး မျက်စိအကြည် ရုပ်ပေါ်မှာ ထင်တဲ့ အရိပ်ကို အကောင်လို့ အထင်မှားပြီး တကယ့် ဥမ္မာဒန္တီလို့ စွဲယူထားလိုက်တယ်၊ ဒီလို စွဲယူထားလိုက် တော့ ရာဂါနုသယ ပဋိဃာနုသယ အဝိဇ္ဇာနုသယဆိုတဲ့ အနုသ ယယကိလေသာ သုံးပါးလုံး ကိန်းနေတယ်။

ဒီလိုအနုသယတရားတွေကိန်းအောင်းနေတာဟာ ဓာ်ရိပ်ရုပ်ရိပ် စိတ်ရိပ်ဆိုတဲ့ အရိပ်သုံးပါးကို နားမလည်တော့၊ အဲဒီ အရိပ် သုံးပါးကို အကုန်လုပ်လိုက်တဲ့အတွက် ဖြစ်တယ်၊ ဒါကြောင့် ရှေးပညာရှင်များက သတိမမူဂူမမြင်ဘူးလို့ ဆိုးရိုးပြုထားခဲ့ကြ ခြင်းဖြစ်တယ်။ ဘုရားရှင်ကလဲ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာ ဒေထ၊ သတိနှင့် ပြည့်စုံရမည်လို့ ဟောတော်မူတယ်။

## ဝဋ်သုံးပါး

ဝဋ်သုံးပါးသည် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့ဖြစ်တယ်။ ဒီဝဋ်သုံးပါးဟာလဲ မြင်ကြား နံစား တွေ့သိကြံသိဆိုတဲ့ အခါမှာ စိတ်အာရုံ၌ ဖြစ်ပေါ်လာတယ်၊ တစုံတခုသော အသံကို ကြားတဲ့အခါ ဒီအသံတည်းဟူသော ပရမတ္ထရုပ်ရုပ်ကို အရိပ်လို့ မသိတဲ့အတွက် အကောင် လုပ်လိုက်တယ်။ မိန်းမသံ ယောကျ်ားသံ စသဖြင့် မရှိတရားကို အရှိယူပေါင်းထည့်ပြီး အကောင်လုပ်ထားတယ်။

ဒီယောကျ်ားသံ မိန်းမသံလို့ ဒိဋ္ဌိနှင့် အမြင်မှားတာကို ဥပါဒါန်နှင့်စွဲထားပြီး တဏှာနှင့် သာယာတယ်၊ စိတ်အာရုံမှာ ဒီစိတ်တွေ အသစ် အသစ်ဖြစ်ပြီး ပျက်နေတယ်၊ အဲသလို စိတ်အာရုံမှာ ကာမအာရုံ စိတ်တွေဖြစ်ပြီး ပျက်နေတာကို ကာမဝဲသြဃကြီးထဲမှာမျောပြီး ကူးနေတယ်လို့ ခေါ်တယ်၊ ဝဋ်ကံအနေနှင့်တော့ ကိလေသာဝဋ် ဖြစ်တယ်။

ဒီယောကျ်ား မိန်းမသံဆိုတဲ့ အသံတွေကို လိုက်မှတ်သားခါ လိုရင်လိုသလို သမုဒယတရားတွေဖြစ်ပြီး စိတ်အာရုံမှာ တအုံနွေးနွေးနှင့် ဆူပွက်သောင်းကျန်းတဲ့ ပရိယုဋ္ဌာနကိလေသာ ဖြစ်လာတယ်။ အဲဒီအခါမှာ ဖောက်ပြန်မှုတွေ ဖြစ်လာတယ်၊ ဖောက်ပြန်တဲ့အခါ လောဘနှင့် ဖောက်ပြန်လိုက်၊ ဒေါသနှင့် ဖောက်ပြန်လိုက်၊ မောဟနှင့် ဖောက်ပြန်လိုက်ဆိုတော့လွန်ကျူးမှု ဝီတိက္ကမ ကိလေသာ ဖြစ်လာတတ်။ ကာယကံမှု ဝစီကံမှု မနောကံမှုဆိုတဲ့ လွန်ကျူးမှုကို ကမ္မဝဋ်ခေါ်တယ်။

ဘာဝပစ္စယာ ဇာတိဆိုတဲ့အတိုင်း ဒီ ကမ္မဝဋ်ကြောင့် စိတ်အာရုံမှာ ဇာတိသခ်ါရတရား ဖြစ်လာတယ်။ ဒီဇာတိသခ်ါရကြောင့်သော က ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ဝိပါကဝဋ် ဒုက္ခကြီး ဖြစ်ပေါ်လာတယ်။

**ဝဋ်သုံးပါး၌သစ္စာလေးပါး**

ကိလေသာဝဋ်နှင့် ကမ္မဝဋ်ဟာ သမုဒယသစ္စာ ဖြစ်တယ်။ ဝိပါကဝဋ်ဟာ ဒုက္ခသစ္စာဖြစ်တယ်။ ဒုက္ခချုပ်ငြိမ်းတာကတော့ နိရောဓသစ္စာဖြစ်တယ်။ ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်က မဂ္ဂသစ္စာဖြစ်တယ်။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာက လောကီသစ္စာ၊ ဘုံသစ္စာဖြစ်တယ်။ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာသည် လောကုတ္တရာသစ္စာ ကိုယ်ပိုင်သစ္စာဖြစ်တယ်။

သမုဒယသစ္စာက ပယ်ရမဲ့သစ္စာဖြစ်တယ် ဒုက္ခသစ္စာက သိရမည့်သစ္စာဖြစ်တယ်။ မဂ္ဂသစ္စာက ပွားရမည့် သစ္စာ ဖြစ်တယ်။ ဒုက္ခသစ္စာကို သိရမည်ဆိုရာမှာ သာမန်စာသိ သိတဲ့သဘောမျိုးကို ဆိုလိုတာမဟုတ်ဘူး။ တကယ် ဓမ္မသဘာဝဉာဏ်ပေါက်ပြီး ထိတ်လန့်မှုသံဝေဂဉာဏ်ဖြစ်အောင် သိရတဲ့အသိမျိုးကိုသာ ဆိုလိုရင်းဖြစ်တယ်။ သံဝေဂဉာဏ်ဖြစ်မှလဲ ငြီးငွေ့မှု နိဗ္ဗိန္ဒဉာဏ်ဖြစ်လာမှာဖြစ်တယ်၊ ဒါမှလဲ သမုဒယ သစ္စာမှာ အလိုအလျောက် ချုပ်ငြိမ်းသွားနိုင်မည်ဖြစ်တယ်။

အချို့သူတို့က ဒီလိုစောဒနာပြုလာတယ်။ အကျိုးဒုက္ခကို ရှာခြင်းဟာ အကျိုးသတ်တိတ္ထိတို့၏ ဝါဒသာဖြစ်တယ်၊ အကျိုးသတ်လို့ အကြောင်းငြိမ်းမှာမဟုတ်ဘူး။ ဗုဒ္ဓဝါဒဟာ အကျိုးသတ်ဝါဒ မဟုတ်ဘူး။ **အကြောင်းသတ်ဝါဒသာ** ဖြစ်တယ်။

အကြောင်းငြိမ်းမှ အကျိုးငြိမ်းမည်ဖြစ်တယ်။ စသည်ဖြင့် ဆိုကြတယ်။

မှန်ပါတယ်၊ ဗုဒ္ဓဝါဒဟာ အကြောင်းသတ်ဝါဒသာ ဖြစ်တယ်။ ဒါပေမဲ့ အကျိုး ဒုက္ခသစ္စာကို ရှုပွား ကြရခြင်းဟာ အကျိုးသတ်လိုတဲ့အတွက်မဟုတ်ဘူး။ အထက်ကဖော်ပြခဲ့သလို သံဝေဂဉာဏ် နိဗ္ဗိန္ဒာဉာဏ်တို့ ဖြစ်ပေါ်စေနိုင်ရန်ဖြစ်တယ်။ ဒီဉာဏ်မျိုးကိုရှိနိုင်မှ သမုဒယသစ္စာဟာ အလွယ်တကူနှင့်ငြိမ်းသွားနိုင်မည်ဖြစ်တယ်။

ဥပမာ ခလေးတယောက်ဟာ မီးကျိုးခဲကို ကိုင်မိတယ် ဆိုပါတော့ ဒီလိုကိုင်မိရာမှာ ထိုခလေးဟာ မခံချိပူလောင်မှုကို ခံစားရပေလိမ့်မယ်၊ ဒဏ်ရာဒဏ်ချက်ကြောင့် ဒီခလေးဟာနောက်ကို ဘယ်လိုမှ ကိုင်လိုတဲ့စိတ်ရှိမှာမဟုတ်တော့သည့်အတွက် ဝေးစွာ ရှောင်ကြဉ်သလိုဘဲ။

## ဒုက္ခသစ္စာရှုပွားပုံ

ဒုက္ခသစ္စာဟာ စိတ်အာရုံမှာ ဆင်းရဲတဲ့ဝေဒနာခံစားမှု ဖြစ်တယ်။ ဒီခံစားမှုဟာ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ အတ္တဇီဝမှ ကင်းဆိတ်နေတဲ့ အနတ္တလက္ခဏာတရားပါလားလို့ အနတ္တလက္ခဏာကိုမြင်အောင် ရှုပွားရာမှာ သမုဒယသစ္စာချုပ်ငြိမ်းပြီး နိရောဓသစ္စာကို မျက်မှောက်ပြုဆဲ၊ မဂ္ဂသစ္စာကိုပွားဆဲ ဖြစ်နေတယ်။

သစ္စဉာဏ်–သမုဒယသစ္စာကို ပယ်ရမည်လို့ သိတဲ့ဉာဏ်။

ကိစ္စဉာဏ်–သမုဒယသစ္စာကို မည်သို့ပယ်ရမည်လို့ သိတဲ့ဉာဏ်။

ကတဉာဏ်–သမုဒယသစ္စာကို ပယ်ပြီးရင် ပယ်ပြီးကြောင်း

သိတဲ့ဉာဏ်။
ဒီဉာဏ်သုံးပါးလဲ ပြည့်စုံနေတယ်။

## လောကသုံးပါး

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဆိုပြီး လောကသုံးပါးရှိတယ်။ ရုပ်တရားနာမ်တရားနှစ်ပါးကို သတ္တလောကလို့ခေါ်တယ်။ ရုပ်တရား နာမ်တရားကို အမျိုးမျိုး ပြုပြင်ပေးနေတဲ့သဘောကို သင်္ခါရလောကလို့ခေါ်တယ်။ ထိုလောကနှစ်ပါးတို့ ဖြစ်ပျက် တည်နေတဲ့အရာကို ဩကာသလောကလို့ခေါ်တယ်။

ဒီသတ္တလောက သင်္ခါရလောက ဩကာသလောက သုံးပါးတို့အနက် သတ္တလောကနှင့် သင်္ခါရလောက နှစ်ပါးတို့မှာ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ သုံးပါးလုံးရှိတယ်။ ဩကာသလောကမှာ အနတ္တလက္ခဏာတခုသာရှိတယ်။ ဩကာသလောကဆိုဒါ ပင်ကိုရှင်း ပင်ကိုလင်းနေတဲ့ တရားဖြစ်တယ်။

ဒါဖြင့် ဒီလောကသုံးပါးဟာ ဘယ်ပုံဘယ်နည်း ဖြစ်ပေါ်လာသလဲဆိုတော့ အာရုံခြောက်ပါးပေါ်တဲ့အခါဖြစ်ပေါ်လာတယ်။ အာရုံခြောက်ပါးဆိုတာဟာလဲ မြင်တဲ့အခါ၊ ကြားတဲ့အခါ၊ နံတဲ့အခါ၊ စားတဲ့အခါ၊ တွေ့ထိတဲ့အခါ၊ ကြံသိတဲ့ အခါမျိုးမှာ ဖြစ်တတ်တယ်။

ဒါကြောင့် စက္ခုံစပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ စက္ခုံစ၊ မျက်စိပသာဒ အကြည်ရုပ်ကိုငှဲ။ ရူပေစ၊ ရုပ်အာရုံ

အဆင်းကိုရင်း။ ပဋိစ္စ၊ ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ဆိုတဲ့ စိတ်ရိပ်တည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သောတဉ္စပဋိစ္စ သဒ္ဒေစဥပ္ပဇ္ဇတိ သောတဝိညာဏံ။ သောတဉ္စ သောတပသာဒကမ္မဇရုပ်အရိပ်အကြည်ကိုရင်း။ သဒ္ဒေစ၊ အသံဆိုတဲ့ရုပ်အရိပ်ကိုရင်း။ ပဋိစ္စ၊ ၍။ သောတဝိညာဏံ၊ သောတဝိညာဏ်စိတ်ရိပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ဃာနဉ္စ၊ ဃာနပသာဒကမ္မဇ ရုပ်ရိပ်ကိုရင်း။ ဂန္ဓေစ၊ ဂန္ဓာရုံ ရုပ်ရိပ်ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဃာနဝိညာဏံ၊ ဃာနဝိညဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။ ဇိဝှဉ္စ၊ ဇိဝှာပသာဒ လျှာခေါ်တဲ ကမ္မဇရုပ်ရိပ်ကိုရင်း။ ရသေစ၊ အရသာကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဇိဝှာဝိညာဏံ၊ ဇိဝှာဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ကာယဉ္စ၊ ကမ္မဇ ကိုယ်အကြည်ပသာဒရုပ်အရိပ်ကိုရင်း။ ဖောဋ္ဌဗ္ဗေစ၊ တွေ့ထိသမျှ ဖောဋ္ဌဗ္ဗရုပ်ရိပ်ကိုရင်း ပဋိစ္စ၊ ၍။ ကာယဝိညာဏံ ကာယဝိညာဏ်စိတ်ရိပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိမနောဝိညာဏံ။ မနဉ္စ၊ မနော အကြည်ကိုရင်း။ ဓမ္မေစ၊ ဓမ္မာရုံကိုရင်း။ ပဋိစ္စ၊ ၍။ မနောဝိညာဏံ၊ မနောဝိညဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဒီသဘောတရားအားလုံးကို ခြုံပြီးကြည့်မယ်ဆိုရင် ရုပ်နာမ်နှစ်ပါးပေါ်လာတာလို တွေ့ရမယ်။ ဘာဖြစ်လို့လဲဆိုတော့

မျက်စိနှင့်အဆင်းကိုမြင်တဲ့အခါ ဝိညာဏ်ဆိုတဲ့အသိစိတ် ပေါ်လာတယ်။ မျက်စိအကြည်နှင့်အဆင်းကရုပ်တရား၊ အသိစိတ်က နာမ်တရား ပေါင်းလိုက်တော့ ရုပ်နာမ်ဖြစ်တယ်။

နားနှင့် အသံတခုခုကိုကြားတဲ့အခါမှာလဲ ရုပ်နာမ်ဘဲပေါ်လာတယ်။ နားအကြည်နှင့်အသံက ရုပ်တရား၊ ဝိညာဏ်စိတ်က နာမ်တရား၊ ပေါင်းလိုက်တော့ရုပ်နာမ်ဖြစ်တယ်။

နှာခေါင်းနှင့်အနံ့ တခုခုကို ရှူရှိုက်မိတဲ့ အခါမှာလဲ နာမ်ရုပ်နှစ်ပါး။ အဟာရ တခုခုကို စားမိတဲ့အခါ၊ တစုံတခု သောအရာဝတ္ထုကို တွေ့မိ ကိုင်မိတဲ့အခါတို့မှာလဲ ရုပ်နာမ် နှစ်ပါးဘဲ ပေါ်လာတယ်။

ရှေးဟောင်းနောက်ဖြစ် အကြောင်းအရာ အမျိုးမျိုးတို့ကို တွေးမိတဲ့အခါမှာလဲ နာမ်ရုပ်နှစ်ပါးဘဲပေါ်လာတယ်။ ဒီရုပ်တရား နာမ်တရား (သို့မဟုတ်) ဒီနာမ်တရား ရုပ်တရာပင် သတ္တလောကကြီးဖြစ်နေတယ်။ ဒါဖြင့် ဒီသတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဆိုတဲ့ လောကသုံးပါးဟာ တခုစီဖြစ်သလားဆိုတော့ ဒီလိုတော့လဲ မဟုတ်ပါဘူး။ ဒေသနာနည်းမှာသာ တခုစီ တခုစီခွဲပြီး အမည်ပေးထားရခြင်း ဖြစ်တယ်။ သဘာဝအပေါ်မှာ ပေါ်လာတဲ့အခါ တပေါင်းတည်း တလုံးတည်း ဘဲစည်းတည်း ပေါ်လာတယ်။

ဘာဖြစ်လို့လဲဆိုတော့ ရုပ်နာမ်ဟာ ပင်ကိုယ် သင်္ခါရတရားဖြစ်တယ်၊ သင်္ခါရနှင့် ကင်းပြီးသူ မဖြစ်နိုင်ပါဘူး။ ပြုပြင်မှုသင်္ခါရမရှိရင် အသင်္ခတ တရားဖြစ်သွားပြီး၊ ရုပ်နာမ်ရယ်လို့

ဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ ပြုပြင်မှုသင်္ခါရ မကောင်းလို့သာ ရုပ်နာမ်ရယ်လို့ ဖြစ်ပေါ်လာတယ်။

ဒီသဘောတရားကို ဒေသနာနည်းလောက်သာ သိရုံနှင့်မပြီးသေးဘူး။ သဘာဝအပေါ်မှာ ယထာဘူတ ဉာဏ်အမြင် ပေါက်အောင် သိမှ ဉာဏ်အမြင်ရှင်း၊ ဉာဏ်အမြင် လင်းနိုင်မည်ဖြစ်တယ်။ ဉာဏ်အမြင်ရှင်းအောင် သိဘို့ကတော့ လောက ဆိုတဲ့စကားကို ရှေးဦးစွာ သဘောပေါက်သွားရမည်။ လောက ဆိုတာ မြန်မာစကားမဟုတ်ဘူး။ ပါဠိစကားဖြစ်တယ်။ မြန်မာလိုကတော့ လောကော ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ် သဘာဝလို့ အဓိပ္ပါယ်ရတယ်။

ဒါကြောင့် လောကဟာ ရုပ်နာမ်ဖြစ်တယ်။ ဒီရုပ်နာမ်ကိုပင် လူတို့ဝေါဟာရဖြင့် သတ္တဝါလို့ခေါ်ကြတယ်။ ဒါကြောင့် ရုပ်နာမ်ဟာ သတ္တလောကကြီးဖြစ်နေရတယ်။ သင်္ခါရလောက ဆိုတာကတော့ လောက က ရုပ်တရား၊ နာမ်တရား၊ သင်္ခါရ က ပြုပြင်မှုတရား၊ ဒါကြောင့် ပြုပြင်မှုနှင့် ရုပ်နာမ်ကို ပေါင်းပြီး သင်္ခါရလောကလို့ခေါ်တယ်။

ဒါကြောင့် သတ္တလောကထဲမှာ သင်္ခါရလောက ပါပြီးသားဖြစ်တယ်။ ရုပ်နာမ်သည် သင်္ခါတရားဖြစ်၍ သင်္ခါရ နယ်မှာသာ ဖြစ်ခွင့်ရှိတယ်၊ ဒီရုပ်နာမ်တရား ဖြစ်ပေါ် တည်နေရာဌာနက ဩကာသ လောဖြစ်တယ်။

မြင်ဆဲကြားဆဲ စသည်တို့မှာ သတ္တလောကနှင့် သင်္ခါရ လောက နှစ်ပါးပေါ်လာတယ်၊ ယင်းလောကနှစ်ပါးပေါ်လာတဲ့ နေရာကတော့ ဩကာသလောကဖြစ်တယ်။ အမှန်တော့

ခန္ဓာအာယတနဓာတ် ရုပ်နာမ်တို့ ပေါ်လာခြင်းသာ ဖြစ်တယ်။ ယင်းတရားတို့ ပေါ်လာတာကို အမည်ပြောင်းပြီး သတ္တလောက သင်္ခါရလောကလို့ ခေါ်ထားခြင်းသာဖြစ်တယ်။

ဒါဖြင့် ဓာတ်သုံးလုံး ပေါ်လာတယ်၊ မြင်ဆဲအခါမှာ စက္ခုဓာတ်၊ ရူပဓာတ် စက္ခုဝိညာဏဓာတ်ဆိုတဲ့ ဓာတ်သုံးလုံး ဖြစ်တယ်။ ဒီဓာတ်သုံးလုံးသည်ပင် ရုပ်နာမ်ဖြစ်တယ်၊ ရုပ်နာမ် ဆိုရင် ကောင်းမှု မကောင်းမှု လျစ်လျူရှုမှု ဝေဒနာခံစားမှုပေါ်လာတာပါဘဲ၊ ဒီဝေဒနာခံစားမှု ဖြစ်ပေါ်လာရတာလဲ ဓာတ်သုံးလုံး ပေါ်လို့ဖြစ်တယ်။

ဒီဓာတ်သုံးလုံး ပြိုင်ပြီးတိုက်တဲ့ သဘောကို ဖဿခေါ်တယ် ဒါကြောင့် ဖဿပစ္စယာဝေဒနာလို့ ဟောတော်မူတယ်။ ဖဿဆိုတဲ့ ဓာတ်သုံးလုံး တွေ့ထိမှုအကြောင်းခံပြီး၊ ခံစားမှုဝေဒနာအကျိုးပေါ်လာတယ်။ ဒီစိတ်အာရုံမှာ ပေါ်လာတဲ့ ဝေဒနာဟာ မမြဲတဲ့ ဖြစ်ပျက်ဖြစ်တယ်။ ဒီခံစားမှုဝေဒနာဟာ ငါ သူတပါး ယောကျာ်း မိန်းမ အတ္တဇီဝမှ ကင်းဆိတ်နေတဲ့ ဖြစ်ပျက်တရားပါလားလို့ ဉာဏ်မှာမြင်အောင်ရှုရမယ်။

ခံစားမှုဝေဒနာမှာ ဖြစ်ပျက်ဉာဏ်ကိုမှ မြင်အောင် ထင်အောင် မရှုနိုင်ရင် အတ္တဇီဝထင်ပြီး အမြင်မှားမှု ဒိဋ္ဌိဖြစ်လာတာဘဲ။ ဒီအမြင်မှားမှုကို ဥပါဒါန်နှင့် စွဲယူထားလိုက်တော့ ဒိဋ္ဌုပါဒါန်ဖြစ်သွားတယ်။ ဒါကြောင့် ဒိဋ္ဌောဃဆိုတဲ့ ဝဲသြဃကြီးကို ကူးခတ်ရတော့တာဘဲ၊ နောက်ပြီးတော့ အတ္တဇီဝလို့ အမြင်မှားပြီး ယူထားတာကိုက အတ္တဝါဒုပါဒါန် အလိုလို ဖြစ်သွားတယ်။

အတ္တဝါဒုပါဒါန်ဖြစ်ရင် လိုချင်တောင်းတမှု နှစ်သက်မှုဆိုတဲ့ ကာမုပါဒါန်ဖြစ်ပြန်တယ်၊ တဖန်ကာမောဃဆိုတဲ့ ဝဲသြဃကြီးကို ကူးရပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မြင်မှားမှုဒိဋ္ဌုပါဒါန်ကြောင့် တပ်မက် နှစ်သက်မှုဆိုတဲ့ တဏှာ ဖြစ်လာတယ်။ ဒါကြောင့် တဏှာပစ္စယာ ဥပါဒါနံလို့ ဟောတော်မူတယ်။ လိုချင်တပ်မက်မှုကြောင့် စွဲလန်းမှုဖြစ်တယ်လို့ ဆိုခြင်ပါဘဲ။

ဥပါဒါန်ဆိုတဲ့ စွဲလန်းမှုဖြစ်နေလေတော့၊ ဥပါဒါနပစ္စယာ ဘဝေါဆိုတဲ့ အတိုင်း ဒီအာရုံတွေ အသစ်အသစ်ဖြစ်ပြီး ပျက်နေတာပါဘဲ၊ ဒီလို စိတ်အာရုံမှာ ဖြစ်ပြီး ပျက်နေတဲ့အတွက် ကောင်းမှု မကောင်းမှု ကုသိုလ်အကုသိုလ်တရားတွေ ဖြစ်လာရတယ်၊ ဒီဘဝကြောင့်အာရုံမှာ ဇာတိဖြစ်လာတယ်၊ ဒါကြောင့် ဘဝပစ္စယာ ဇာတိလို့ ဟောတော်မူတယ်။ဘာဇာတိလဲဆိုတော့ သက္ကာယခန္ဓာဇာတိ ဥပါဒါန်ခန္ဓာဇာတိတို့ဖြစ်တယ်။ ဒီဇာတိခန္ဓာတွေ ဖြစ်လာတော့ ဇရာမရဏ တရားတွေ စိတ်အာရုံခံစားမှုဆိုတဲ့ ဓာတ်သဘောဟာလဲရင့်ကျက်ပြီးပျက်သွားဒါပါဘဲ။ ဒီလို အာရုံမှာ ဖြစ်ပေါ်လာတဲ့ ဇာတိခန္ဓာမှာ ခံစားမှုတွေ ဖြစ်ပြီး ပျက်နေတဲ့အတွက် သောကပရိဒေဝဒုက္ခ ဒေါမနဿတရားတွေ ဖြစ်ပေါ်လာရပြန်တယ်၊ ဒါကိုခန္ဓပဋိစ္စတရားကြီး သံသရာလည်တယ်လို့ခေါ်တာပါဘဲ။

စိတ်အာရုံမှာ ဒီလိုခန္ဓပဋိစ္စတရား သံသရာ လည်တာဟာ အကြောင်းအကျိုးဆက်စပ်ပြီး လည်နေခြင်းဖြစ်တယ်။ ဘာနှင့် ဥပမာတူသလဲဆိုတော့ သစ်ပင်တပင်သံသရာလည်နေတာနှင့်တူတယ်။ဥပမာ သရက်ပင်တပင်ဆိုကြပါစို့ရဲ့အပင်ရှိရင်အပွင့်ပွင့်

လာမှာဖြစ်တယ်၊ အပင်နှင့် အပွင့်မှာ အပင်က အကြောင်း အပွင့်ကအကျိုးဖြစ်တယ်။

တဖန် အပွင့်ဆိုရင် အသီးက ဖြစ်လာပြန်တယ်၊ ဒီတော့အပွင့်ကအကြောင်း အသီးကအကျိုး ဖြစ်ပြန်တယ်၊ အသီးဆိုပြန်တော့လဲ အစေ့ကရတာဖြစ်တယ်၊ဒီတော့အသီးက အကြောင်း အစေ့ကအကျိုး ဖြစ်လာပြန်တယ်။ အစေ့ဆိုတော့လဲ အပင်က ဖြစ်လာပြန်တယ်၊ အစေ့ကအကြောင်း အပင်ကအကျိုးဖြစ်လာပြန်တယ်၊ ဒါကြောင့် အကြောင်းအကျိုး ဆက်စပ်ပြီးဖြစ်နေတဲ့ သဘောကို ပဋိစ္စသမုပ္ပါဒ် သံသရာလည်တယ်လို့ ခေါ်ပါတယ်။ ဒါကြောင့် စိတ်တခုပေါ်လာရင် အကြောင်းအကျိုးကို ကွဲအောင် သိရလိမ့်မယ်၊ ပေါ်လာတဲ့ စိတ်က အကျိုးတရားဖြစ်တယ်၊ ဒီစိတ်ဟာ ဘာဖြစ်လို့ပေါ်လာရသလဲဆိုတော့ အကြောင်းရှာတဲ့ အခါမှာ အာရုံတည်းဟူသော အကြောင်းကြောင့် ဆိုဒါကို တွေ့ရမယ်။ ဒီလို အကြောင်း အကျိုးသိမှ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်နိုင်တယ်။ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တယ်ဆိုတာသော တာပန်လမ်းစဉ်ဖြစ်တယ်။

အကြောင်းအကျိုးကို မသိရင် မသိလို့ တပ်မက်တယ်။လိုချင်လို့ စွဲလန်းတယ်၊ စွဲလမ်းလို့ ပြုလုပ်လိုက်တော့ အကျိုးဒုက္ခသစ္စာခန္ဓာငါးပါးကို ရတာပါဘဲ၊ ဒါကြောင့် အကြောင်းကြောင့် အကျိုးပြစ်တယ်လို့ မသိရင် သူ့ကြောင့်ဖြစ်တယ်၊ ငါ့ကြောင့် ဖြစ်တယ်။ ယောကျ်ားကြောင့်ဖြစ်တယ် မိန်းမကြောင့် ဖြစ်တယ် နတ်ကြောင့် ဖြစ်တယ်၊ ဗြဟ္မာကြောင့်ဖြစ်တယ်ဆိုပြီး အမျိုးမျိုးတွေးခေါ်ယူဆစရာ ဖြစ်လာနိုင်တယ်။

ရုပ်နာမ်တို့ ဖြစ်ပေါ်လာရာမှာ အကြောင်းအကျိုး သိတဲ့ ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တယ်။ ရုပ်နာမ်ကို သိတာက နာမရူပပရိစ္ဆေဒဉာဏ်။ ရုပ်နာမ်ဖြစ်ပျက်ကို သိတာက သမ္မသနဉာဏ်။ ရုပ်နာမ်အဖြစ်တွေ့တာက ဥဒယဉာဏ်။ ရုပ်နာမ်အပျက်တွေ့တာက ဝယဉာဏ်။ ဥဒယဉာဏ်ကိုသိရင် ဥစ္ဆေဒ ဒိဋ္ဌိကွာတယ်။ ဝယဉာဏ်ကို သိရင် သဿတဒိဋ္ဌိကွာတယ်။ ရုပ်နာမ်တို့ရဲ့ လက္ခဏာရေးသုံးပါးကို ထင်အောင် ရှုပွားနိုင်ရင် အတ္တဒိဋ္ဌိ ကွာတယ်။

ဒါကြောင့် မြင်ဆဲ ကြားဆဲ စတဲ့အခါမျိုးမှာ ပေါ်လာတဲ့ ရုပ်နာမ်အပေါ်မှာ အထက်ကဖော်ပြတဲ့ ဉာဏ်မျိုးတို့ကို ပိုင်နိုင်စွာသိနိုင်ဘို့ အလွန်အရေးကြီးတယ်။ ပိုင်နိုင်စွာသိနိုင်ပါမှ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို အလွယ်တကူရရှိနိုင်မှာ ဖြစ်တယ်။ မသိလို့ရှိရင် အရိပ်ကို အကောင်လို့ မြင်မှားတဲ့ ဒိဋ္ဌိ စွဲယူထားတဲ့ ဥပါဒါန်ဘို့ကြောင့် ဒိဋ္ဌုပါဒါန်ဖြစ်လာတယ်။

ဒီတော့ ငါကောင် သူ့ကောင် ယောကျ်ားကောင် မိန်းမကောင် ဆိုတဲ့ အတ္တဝါဒုပါဒါန် ဖြစ်လာပြန်တယ်။ အကောင်မဟုတ်ဘဲ အကောင်ပါဘဲလို့ စွဲယူလိုက်ဘဲ့အတွက် သတ္တလောက ပေါ်လာတယ်။ သတ္တလောကဆိုရင် သင်္ခါရလောက ဩကာသ လောကဆိုတဲ့ လောကတို့သဲ တပြိုင်နက်ပေါ်လာတယ်။

ဒါဖြင့် အဝိဇ္ဇာကြောင့် အကောင် ဖြစ်ရဘယ်။ သင်္ခါရ ကြောင့် အို နာ သေကွဲတွေ ဖြစ်နေရတယ်။ တဏှာကြောင့် ပုံသဏ္ဌာန်အမျိုးမျိုးတွေ ဖြစ်နေရတယ်။ ဥပါဒါန်ကြောင့် အဖို

အမဖြစ်နေရတယ်၊ ဘဝကြောင့် သုံးဆယ့် နှစ်မျိုးသော ကောဋ္ဌာသ အပုပ်ကောင်တုံး လမ်းဆုံနေရတယ်။

တဏှာ သာယာနှစ်သက်တယ်။ ဘယ်သူ့ကိုလဲ၊ အပုပ်တုံးကို၊ အိုနာသေကို၊ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖိုမကို။ ဘဝအာရုံတွေ အသစ်အသစ်ဖြစ်ပြီး ပျက်နေရတယ်၊ ဘယ်သူ့အပေါ်မှာလဲ၊ အပုပ်တုံးအပေါ်မှာ အိုနာသေ အပေါ်မှာ ပုံသဏ္ဌာန်အမျိုးမျိုးအပေါ်မှာ ဖိုမအပေါ်မှာ၊ သင်္ခါရ ပြုပြင်ရတယ်။ ဘယ်သူ့ကိုလဲ၊ အပုပ်တုံးကို အိုနာသေကို ပုံသဏ္ဌာန်အမျိုးမျိုးကို ဖိုမကို။ အဝိဇ္ဇာမှားတယ် ဘယ်သူ့ကိုလဲ ဖိုမကို။ ။ နောက်တနည်းပြရမယ်ဆိုရင် တဏှာကြောင့် ခံစားမှုအမျိုးမျိုး ဖြစ်နေတယ်၊ ဥပါဒါန်ကြောင့် မှတ်သားမှုအမျိုးမျိုးဖြစ်နေတယ်၊ ဘဝကြောင့် အာရုံတွေ အမျိုးမျိုး ဖြစ်ပြီး ပျက်နေတယ်၊ သင်္ခါရကြောင့် ပြုပြင်မှု အမျိုးမျိုး ဖြစ်နေရတယ်၊ အဝိဇ္ဇာကြောင့် အရိပ်က အကောင်ဖြစ်နေရတယ်။ ဒီလိုဖြစ်လို့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီး လည်တယ်လို့ခေါ်တယ်။

ဒီတော့ ဘာတွေအကျိုးခံစားခွင့် ရသလဲဆိုတော့ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသဆိုတဲ့ တရားတွေဖြစ်တယ်၊ သုခဝေဒနာခံစားတဲ့အခါမှာလဲ ဒီတရားတွေဘဲ အကျိုးပေါ်ထွက်လာတယ်၊ ဒုက္ခဝေဒနာ ခံစားတဲ့အခါမှာလဲ ဒီတရားတွေဘဲ အကျိုးရတယ်၊ သုခတွေလို့ ထင်ရပေမဲ့ တကယ်တွေးကြည့်တော့ ဒုက္ခဖြစ်နေတာကိုသာ အမှန်တွေ့ရမှာဖြစ်တယ်။

ဒါကြောင့် ဘုရားရှင်သည် ဓမ္မစက္ကပဝတ္တန သုတ်တော်မှာ အပ္ပိယေဟိသမ္ပယောဂေါ ဒုက္ခောလို့ ဟောတော် မူတယ်။ မချစ်မနှစ်သက်သောသူတို့နှင့် အတူ ယှဉ်တွဲနေရခြင်းသည် ဒုက္ခလို့ ဟောတော်မူတယ်။ ဒါဖြင့် အတူမနေရအောင် ခွဲထားရင် သုခဖြစ်နိုင်ပါ့မလားလို့ စဉ်းစားစရာ ဖြစ်လာတယ်။

နောက်တဖန် ပိယေဟိဝိပ္ပယောဂေါ ဒုက္ခောတဲ့၊ ချစ်ခင်နှစ်သက်သောသူတို့နှင့် အတူယှဉ်တွဲ၍ မနေရခြင်းသည် ဆင်းရဲတယ်ဆိုတော့၊ မဆင်းရဲရအောင် အတူပေါင်းပေးရင် တကယ်ချမ်းသာသုခ ဖြစ်နိုင်ပါ့မလားလို့ စဉ်းစားစရာ ဖြစ်လာတယ်။

နောက်ပြီးတော့ ယမ္ပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိဒုက္ခံ-လို့ ဟောတော်မူတယ်။ အလိုဆန္ဒမပြည့်ဝခြင်းသည်လည်း ဒုက္ခလို့ဆိုလိုတယ်၊ ဒါဖြင့် အလိုပြည့်ဝတဲ့အခါမှာကော တကယ်သုခလို့ဖြစ်နိုင်ပါ့မလားဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်။

အမှန်တော့ မဂ်အခြေ ဖိုလ်အခြေကိုမှမရရင်တော့ ချမ်းသာသုခအစစ်အမှန်ရယ်လို့ တော့မရှိပါဘူး၊ လောကီအာရုံအားဖြင့် ချမ်းသာတယ်လို့ထင်တာဘဲရှိတယ်။ ဒီလိုထင်နေတာကပင် မချမ်းသာဖြစ်နေတယ်။ ဥပမာ ငရုပ်သီးကြိုက်တတ်တဲ့လူတယောက်ဆိုကြပါစို့ရဲ၊ သူဟာ မိမိကြိုက်နှစ်သက်တဲ့ ငရုပ်သီးနှင့် ထမင်းစားရတဲ့အခါ တရှူးရှူးတရှဲရှဲနှင့် သူစားနေရတာကိုဘဲ အလွန်ကြေနပ်မှာဖြစ်တယ်၊ အမှန်တော့ သုခအပေါ်မှာ ကြေနပ်နေတာမဟုတ်ဘဲ ဒုက္ခအပေါ်မှာသာ ကြေနပ်နေခြင်း ဖြစ်တယ်။

ဒါဖြင့် ဘုရားရှင်က ဒီဒေသနာတော်များကို ဘာဖြစ်လို့ ဟောရသလဲလို့ မေးစရာပေါ်လာတယ်၊ ဘုရားရှင်က လောကီ

ဘုံသားတို့ရဲ့ အတွေးအခေါ်အားဖြင့် သုခလို့ ထင်နေတဲ့ သဘောဟာ အာရုံသာဖြစ်တယ်။ လက်တွေ့ခံစားမှုမှာ ဒုက္ခသာ အထင်အရှား ရှိနေပါလားလို့ အသိဉာဏ်ရရှိရေးအတွက် ဟောတော်မူခြင်းဖြစ်တယ်။ တနည်းပြောရရင် အသားလို၍ အရိုးတောင်းခြင်းသာဖြစ်တယ်။

တနည်းပြောရဦးမည်ဆိုလျှင် ဒုက္ခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်၊ ဒုက္ခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်၊သုခပဋိဒါဒန္ဓာဘိညာပုဂ္ဂိုလ်၊သုခပဋိပဒါခိပ္ပါဘိညာ ပုဂ္ဂိုလ်။ ဒီ ပုဂ္ဂိုလ်တို့ကြောင့် ဟောတော်မူတယ်။

ဒုက္ခပဋိပဒါဒန္ဓာဘိညာ ပုဂ္ဂိုလ်ဆိုတာ အဝိဇ္ဇာ တဏှာထူပြောသော ပုဂ္ဂိုလ်ဖြစ်ပြီး၊ တရားသဘောကို အစမှသိရန်ခဲယဉ်းသော်လဲ အလယ် အဆုံးတို့မှာ လွယ်ကူလျှင်မြန်စွာ သဘောပေါက် သိနိုင်သူဖြစ်တယ်။

သုခပဋိပဒါဒန္ဓာဘိညာ ပုဂ္ဂိုလ်ဆိုတာက၊အဝိဇ္ဇာခေါင်းပါးပြီးတဏှာထူပြောတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီပုဂ္ဂိုလ်မျိုးမှာ တရားအစကို အလွယ်တကူနှင့်သိသော်လဲ အလယ်အဆုံးသိရန်ခက်ခဲတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

သုခပဋိပဒါခိပ္ပါဘိညာ ပုဂ္ဂိုလ်ဆိုတာက အဝိဇ္ဇာနှင့် တဏှာနှစ်ပါးလုံး ခေါင်းပါးတဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်၊ ဒီ ပုဂ္ဂိုလ်ဟာ တရား၏ အစ အလယ် အဆုံး အားလုံးကို လွယ်ကူစွာ သိနိုင်တယ်။

ဒီလိုပုဂ္ဂိုလ် အမျိုးမျိုးတို့ဟာ ကိုယ်တွေ့ သဘောအားဖြင့် ဉာဏ်အဆင့်ဆင့် ရရှိနိုင်ကြစေဘို့ ဟောတော်မူခြင်း ဖြစ်တယ်။

အမှန်တော့ မချစ်မနှစ်သက်သော သူတို့နှင့် အတူ မနေရခြင်းကြောင့် တတယ်စိတ်ချမ်းသာ သုခကို မရနိုင်ပါဘူး။ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းပြီး အတူ မနေရလို့ ဒုက္ခဖြစ်မယ်ဆိုရင် အလိုပြည့်ဘော့လဲ ဒုက္ခဖြစ်တယ်။ ဒါကြောင့် နောက်ဆုံးမှာ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာလို့ ဟောတော်မူတယ်။ အဲဒီ တရားတွေကို အကျဉ်းအားဖြင့် ကြည့်ရင် ဥပါဒါန်ခန္ဓာ ငါးပါးရှိနေသမျှ သုခဆိုတာ စိတ်ကူးမျှသာရှိပြီး လက်တွေ့ခံစားမှု သဘောမှာ ဒုက္ခသာ အထင်အရှား ရှိနေမှာဖြစ်တယ်။

မချစ်မနှစ်သက်သူနှင့် အတူနေရခြင်းကြောင့် ဆင်းရဲတယ်၊ အတူမနေရ ဟယောက် တနေရာဆီ နေတော့ကော ဒီဥပါဒါနက္ခန္ဓာ စိတ်အာရုံမှာ လာပေါ်နေသမျှ အတူနေတဲ့သဘောဘဲဖြစ်တယ်။

ချစ်ခင်နှစ်သက် သူတို့နှင့် အတူ မနေရလို့ ဆင်းရဲတယ်ဆိုရင် စိတ်အာရုံမှာ ပေါ်လာတဲ့ မိမိသဘောကျ နှစ်သက်သူတို့ရဲ့ ဥပါဒါနက္ခန္ဓာကို စိတ်တွေးနေရခြင်းဟာ အတူနေရဒါနှင့် အတူတူဘဲ။ ချမ်းသာဆိုတာ စိတ်ထင်မျှသာရှိပြီး အထင်အရှား ခံစားနေရမှုက ဒုက္ခသာ ဖြစ်တယ်၊ အလို မပြည့်ဝလို့ ဆင်းရဲတယ်ဆိုရာမှာလဲ၊ အလိုပြည့်ဝလို့ ချမ်းသာ သလားဆိုတော့ ဒီဥပါဒါနက္ခန္ဓာကြောင့် ဆင်းရဲရပြန်တယ်။ ဒါကြောင့် ဥပါဒါနက္ခန္ဓာ ဒုက္ခံလို့လဲ ထပ်ဆင့် ဟောတော်မူတယ်။ ဥပါဒါ၊ စိတ်အာရုံဖြစ်ပေါ်လာသော ဥပါဒါနက္ခန္ဓာသည်။ ဒုက္ခံ၊ ဆင်းရဲ၏။

ဒါဖြင့် ဘယ်လိုပင် အထင်အစွဲတွေရှိပေမဲ့ ဒီဥပါဒါနက္ခန္ဓာကို မပယ်သတ်နိုင်သရွေ့ သုခမစစ် အမှန် မရှိ ဒုက္ခသာဖြစ်တယ်လို့ ကိုယ်တွေ့သဘောပေါက် သိရှိနိုင်ရေးကို ရွေးတန်းထားပြီး ဟောပြထားခြင်း ဖြစ်တယ်ဆိုတာလဲ ထင်ရှားပါတယ်။ ဒါဖြင့် ဒီဥပါဒါနက္ခန္ဓာဆိုဒါ ဘယ်လို သဘောလဲလို့ တဆင့်တိုးပြီး စဉ်းစားကြည့်ကြဦးစို့။

ဥပါဒါနက္ခန္ဓာဟာ အာရုံ သိစိတ် သမုတ်ချက်ဆိုတဲ့စိတ်သုံးလုံးပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ ခန္ဓာဖြစ်တယ်၊ အာရုံညွှတ်ကိုင်းမှုက စေတသိက်၊ သိတာက စိတ်၊ သမုတ်ချက်က ရုပ်တရားဖြစ်တယ်။ ဒါကြောင့် ဥပါဒါနက္ခန္ဓာသည် စိတ်စေတသိက် ရုပ်တရားတို့ ဖြစ်တယ်။ စိတ်စေတသိတ်က နာမ်တရား၊ မနောအကြည်မှာထင်လာတဲ့ အဆင်းအရိပ်က ရုပ်တရားပေါင်းလိုက်တော့ရုပ်နာမ်ဖြစ်တယ်၊ဒီရုပ်နာမ်ဟာသင်္ခတပရမတ်တရားပါဘဲ။

ဒီရုပ်နာမ် သဘောကို ရုပ်နာမ်ရယ်လို့ မသိတော့ငါကောင်သူကောင် ယောကျ်ားကောင် မိန်းမကောင် ဖြစ်လာတယ်။ အကောင်ဆိုရင်ဘဲ သတ္တလောကကြီး ပေါ်လာတော့တာဘဲ။ သတ္တလောကကြီးပေါ်ရင် သင်္ခါရလောက ဩကာသလောက ဆိုတဲ့ လောကနှစ်ပါးလဲ တပြိုင်နက် ပေါ်လာတယ်၊ ဒီသတ္တလောကကို သုညတအနတ္တ လက္ခဏာဆိုက်အောင် ရှုပွားနိုင်ရမယ်။

ဒီသတ္တလောက သင်္ခါရလောက ဆိုတာဟာလဲ စိတ်စေတသိက် ရုပ်တရားတွေပါဘဲ စိတ်စေတသိက် ရုပ်ဆိုရင်လဲ ရုပ်နာမ်နှစ်ပါးဘဲ ဖြစ်တယ်။ ရုပ်ဆိုတဲ့ သဘောက ဖောက်ပြန်တတ်

တဲ့သဘောဖြစ်တယ်။ နာမ်တရားက သိမှုသဘောဖြစ်တယ်။စိတ်အာရုံဖောက်ပြန်တိုင်း ရုပ်တရားဟာလဲ ဖောက်ပြန်တယ်။စိတ်က လှုပ်တယ်ဆိုရင်ရုပ်ကလဲလိုက်လှုပ်နေမှာဘဲ။ မလှုပ်ဘူးထင်ရင် မလှုပ်ဘူးဖြစ်နေမှာဘဲ။ ဝတယ်ထင်ရင် ဝနေမယ်။ ပိန်တယ်ထင်ရင်ပိန်နေမှာဘဲ။

ဒီလို ဖောက်ပြန်နေတဲ့အခါ ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ ပြုပြင်မှု သင်္ခါရ၊ သိမှုဉာဏ်ဆိုတဲ့ ခန္ဓာငါးပါး ဖြစ်ပေါ်နေတယ်။ ဒါဖြင့် ဒီသဘော ငါးမျိုးဟာ ဘယ်သူတွေလဲလို့လိုက်ကြည့်ပါလား၊ ငါလား ငါလဲမဟုတ်၊ သူလား သူလဲမဟုတ်။ ယောကျ်ားလား ယောကျ်ားလဲ မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါလားဆိုတော့ ဒီလိုလဲ မဟုတ်ဘူး။ အဖြူ အနီအကြောင် အကြားလို့လဲ အမည်ပေးလို့ မရဘူး။ နာမပညတ်ကလွတ်နေတဲ့တရား၊ အစုအပုံ အလုံးအခဲအားဖြင့်လဲ မတွေ့ရဘူး၊ ဒါကြောင့် ဃနပညတ် သမူဟပညတ်ကလဲလွတ်နေတယ်။ လေးထောင့်သုံးထောင့် ယောကျ်ားသဏ္ဍာန် မိန်းမသဏ္ဍာန် ဆိုတာလဲ မရှိတဲ့အတွက် သဏ္ဍာနပညတ်ကလဲ လွတ်နေတယ်။

ဒီလို ပညတ်လေးပါးက လွတ်နေတဲ့အတွက် သဘာဝအဗျာကတ အနတ္တလက္ခဏာ တရားပါလားလို့ ဉာဏ်အမြင်သဘောပေါက်အောင် ရှုပေးရမယ်။ အနတ္တလက္ခဏာကိုယထာဘူတကျကျ သိတဲ့ဉာဏ်ကို အနတ္တာနုပဿနာဉာဏ် ခေါ်တယ်။ ဒီလို အနတ္တ လက္ခဏာကို ယထာဘူတကျကျ သိနိုင် မြင်နိုင်သည့်အတွက် သတ္တဝါလို့ ခေါ်ဆိုစရာ ရုပ်နာမ် ရှာမတွေ့ဘူး။

ဒါကြောင့် သတ္တလောက ဆိုတာဟာလဲ ချုပ်ငြိမ်းမှု သုညတ အဖြစ်သို့ ရောက်သွားတယ်။ သတ္တလောက သုညတ အဖြစ်သို့ ရောက်သွားတဲ့အတွက် သင်္ခါရ လောကနှင့် ဩကာသ လောက နှစ်ပါးကလဲ သုညတ ချုပ်ငြိမ်းသွားတာဘဲ။ ဒါကြောင့်အနတ္တ လက္ခဏာသည် နိရောဓသစ္စာမှာ လမ်းဆုံးနေတယ်။

ဒါကြောင့် ယသ္မာခေါ အာနန္ဒသုညံ အတ္တေနဝါ အတ္တနိယေနဝါ၊ တသ္မာ သုညော လောကောတိ ဝုစ္စတိ။ အာနန္ဒ၊ အာနန္ဒာ။ ခေါ၊ စင်စစ်။ ယသ္မာ၊ အကြင်ကြောင့်။အတ္တေနဝါ၊ အတ္တအားဖြင့်မူလဲ။ သုညံ၊ ဆိတ်သုံး၏။ အတ္တနိယေနဝါ၊ အတ္တနှင့်စပ်သော အားဖြင့်မူလည်း။ သုညံ၊ ဆိတ်သုံး၏။ တသ္မာ၊ ထို့ကြောင့်။ လောကော၊ ဖြစ်တတ် ပျက်တတ်သော သတ္တလောကဟူသော နာမ်ရုပ်ကို၊ သုညောတိ၊ ဆိတ်သုံးသော အနတ္တ လက္ခဏာတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သတ္တလောကဟူသောနာမ်ရုပ်ကို သုညတအားဖြင့် အနတ္တလက္ခဏာကို ထင်မြင်အောင် ရှုရာမှာ သစ္စာလေးပါးကိုလဲ အလွယ်တကူနှင့်မြင်သိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အနတ္တလက္ခဏာကိုထင်ရာမှာ လို မလို (သို့မဟုတ်)အဝိဇ္ဇာတဏှာ (သို့မဟုတ်) တဏှာ မာန ဒိဋ္ဌိဆိုတဲ့ သမုဒယသစ္စာ ချုပ်ငြိမ်းတဲ့အတွက် ဒုက္ခသစ္စာတရားဟာလဲ ချုပ်ငြိမ်းသွားတယ်။ ဒီလို သမုဒယသစ္စာချုပ်ငြိမ်းမှုပင် နိရောဓသစ္စာဖြစ်နေတယ်။ ယင်းချုပ်ငြိမ်းမှုသို့ရောက်အောင် ပွားများသောတရားကတော့ မဂ္ဂသစ္စာဖြစ်တယ်။

## ရုပ်လေးမျိုး

ရုပ်တရားလေးမျိုးရှိတယ်။ ဒီရုပ်လေးမျိုးတို့သည် ကံစိတ်ဥတုအာဟာရဆိုတဲ့ အကြောင်းလေးပါးတို့ကြောင့် ဖြစ်တယ်။ ဒါကြောင့် ကံကြောင့် ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့် ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်လို့ လေးမျိုးရှိတယ်။ ဒီနေရာ၌ ရုပ်ကိုသာအဓိကထား၍ ရေးသားဖော်ပြသော်လည်း ရုပ်ဆိုရင်နာမ်လဲဘဲပါတယ်လို့ သိထားကြရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နာမကာယ ရူပကာယဆိုတဲ့ ရုပ်တရားနာမ်တရားနှစ်ပါးလုံး ပဋိသန္ဓေတည်ဆဲခဏမှစ၍ တပေါင်းတည်းအတူတကွဖြစ်ကြတယ်။ ဒါကြောင့် ရုပ်ဆိုရင် နာမ်လဲပါတယ်လို့မှတ်။

## ကံကြောင့်ဖြစ်တဲ့ရုပ်

ကံကြောင့်ဖြစ်တဲ့ရုပ်ဆိုသည်မှာ အတိတ်ကံကြောင့်ဖြစ်တဲ့ ကမ္မဇအကြည်ရုပ်(၅)ခုကို ခေါ်တယ်။ ဒီလက်ရှိခန္ဓာကြီးမှာ စက္ခုဒ္ဒါရ၊ သောတဒ္ဒါရ၊ ဃာနဒ္ဒါရ၊ ဇိဝှာဒ္ဒါရ၊ ကာယဒ္ဒါရ၊ မနောဒ္ဒါရ ရယ်လို့ ဒွါရခြောက်ခုရှိတယ်။

ဥပမာ ပျဉ်ချပ်တချပ်ဆိုကြပါစို့ ဒီပျဉ်ချပ်ကို အဝတ်နှင့်ပွတ်လိုက်တဲ့အခါ ပြောင်လက်တဲ့ အကြည်ရှင် ပေါ်လာတယ်၊ အဲဒီပြောင်လက်တဲ့နေရာမှာ အရာဝတ္ထုတစုကိုတင်လိုက်တဲ့အခါ ထိုအရာဝတ္ထုရုပ်ရိပ်သည် ထိုပြောင်လက်နေတဲ့နေရာမှာ ထင်လာတယ်၊ ထိုကဲ့သို့အရိပ်ထင်စေတဲ့သဘောကို အကြည်ရုပ်လို့ခေါ်တယ်။

ဒီအကြည်ရုပ်ဟာ ဘယ်သူ့ရဲ့ အကြည်ရုပ်လဲဆိုတော့ ဓာတ်ကြီးလေးပါးရဲ့အကြည်ရုပ်ဖြစ်တယ်၊ ဒါကြောင့် စတုန္နံ မဟာဘူတာနံ ဝိသုဒ္ဓါယ ဆိုတဲ့အတိုင်းဓာတ်လေးပါးတို့ရဲ့စင်ကြည်မှုသဘောကိုဆိုတယ်။

ကျန်တဲ့ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဆိုတဲ့ ဒွါရပေါက်များမှာလဲ ပသာဒမှန်အကြည် တပေါက်လျှင် တခုစီရှိတယ်။ ဒီအကြည်ရုပ်တွေဟာလဲ မျက်စိအကြည်နှင့် အတူတူပင်ဖြစ်တယ်။ ဒါကြောင့် ဒီ အကြည်ရုပ်ကို သဘော သဘာဝလက္ခဏာတရားသုံးပါးထုတ်ကြည့်မယ်ဆိုရင် လက္ခဏာက အနိစ္စလက္ခဏာရှိတယ်၊ သဘောက ဒုက္ခလက္ခဏာရှိတယ်၊ သဘာဝက အနတ္တလက္ခဏာရှိတယ်။ ဒီလက္ခဏာသုံးပါးကို ရုပ်တရားအပေါ်မှာ ဉာဏ်ဖြင့်သဘောပေါက်ထားရမှာဖြစ်တယ်။

## စိတ်ကြောင့်ဖြစ်တဲ့ရုပ်

စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဆိုတဲ့ ဒီတရားလေးပါးတို့ဟာ ပရမတ္ထတရားလေးပါးဖြစ်တယ်။ ဒီပရမတ္ထတရား လေးပါးတို့အနက် စိတ်စေတသိက်ရုပ်တို့က သင်္ခတ ပရမတ္ထတရားတို့ ဖြစ်တယ်။ ဒါကြောင့် စိတ်စေတသိက်ရုပ်တရားတို့ဟာ အာရုံအလိုက်ပြောင်း ရွှေ့ ဖောက် ပြန် တယ်။ စိတ် အာရုံမှာ ဒေါသစိတ် ဖြစ် တဲ့ အ ခါ မှာ ရုပ် တ ရား ဟာ လဲ မျက်နှာထားမှောင်မဲပြီး ခက်ထန် ကြမ်းကြုတ်တဲ့ ရုပ်အသွင်သို့ ပြောင်းသွားတယ်။ ဝမ်းသာ ရွှင်လန်းတဲ့စိတ် ဖြစ်တဲ့အခါလဲ ရုပ်

အသွင်ဟာ ရှင်လန်းကြည်လင်တဲ့ ရုပ်အသွင် ပေါ်လာတတ်။ ဒီလို ဝမ်းသာဝမ်းနည်းစိတ်ဆိုး စိတ်ညစ်ဖြစ်တဲ့အခါမျိုးမှာ ဖြစ်ပေါ်တဲ့ ရုပ်မျိုးကို စိတ်ကြောင့် ဖြစ်ပေါ်တဲ့ရုပ်၊ စိတ္တဇ ရုပ်လို့ ခေါ်တယ်။ တခါတရံ ရှေးဟောင်း နှောင်းဖြစ်ကို တွေးကြည့်တဲ့အခါမှာလဲ စိတ်အာရုံမှာပုံအမျိုးမျိုး ပေါ်လာ တယ်။ အဲဒါလဲ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဖြစ်တယ်။ စာ လုံးအက္ခရာဖြင့် အမည်နာမများကို ခေါ်ဝေါ် ပြောဆိုခြင်း ဟာလဲ စိတ်ကြောင့်ဖြစ်တဲ့စိတ္တဇရုပ် ဖြစ်တယ်။ ဒီ စိတ်ကြောင့် ဖြစ်တဲ့ စိတ္တဇ ရုပ်ဟာလဲ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဖြစ်တဲ့ လက္ခဏာ သုံးပါးမှာ လမ်းဆုံးနေ တယ်။

## ဥတုဇရုပ်

ဥတု၏ သဘောကတော့ ပူသဘော၊ အေးသဘောကို ဥတု လို့ ခေါ်တယ်။ အချို့ကတော့ ပူအေး သဘောသည်ပင် ဥတုဇရုပ်လို့ အယူရှိကြတယ်။ ဒီ ပူအေး သဘောတို့ကြောင့် ဖြစ်ပေါ်လာတဲ့ အသွင် အမူအယာ သဘောဟာ ဥတုဇရုပ် ဖြစ်တယ်။ ပူတဲ့အခါဖြစ်တဲ့ရုပ်က ပေါ့ပါးလျင်မြန် သွက်လက် သောအမူအယာ သဘောဖြစ်တယ်။ အေးတဲ့အခါဖြစ်တဲ့ ရုပ် သဘော ကတော့ လေးလံ ထိုင်းမှိုင်းသော ရုပ် အမူအယာ သဘောဖြစ်တယ်။ ယခုလက်ရှိရထားတဲ့ အကျိုး ခန္ဓာကြီးကို အချိန်အခါအလိုက် သုံးသပ် ကြည့်ပါက ထင်ရှားစွာ သိနိုင် ပါတယ်။

## ရုပ်နာမ် အနိမိတ္တ

ရုပ်ဖြစ်ပုံသဘောကို ရှေ့ပိုင်းကလဲ ဖော်ပြခဲ့ပြီ။ ရုပ်ဆိုတာ ကံကြောင့် ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့် ဖြစ်တဲ့ ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်လို့လေးမျိုးရှိတယ်။ ဒီရုပ် လေး မျိုးလုံးဟာ အတုံး အတိုက် အလုံး အခဲဆိုတဲ့ ဒြပ် သဏ္ဍာန်မှ ကင်းမဲ့နေတဲ့သဘော အနတ္တလက္ခဏာ ဖြစ်တယ်။ နာမ်ဆိုတဲ့ တရားဟာလဲ သိမှုသဘော သက်သက်သာ ဖြစ်တယ်။ ဘာမှ အရည် အဖတ် ရှာမတွေ့တဲ့ အနတ္တသဘောသာ ဖြစ်တယ်။ ရုပ် နာမ် ဆိုတာဟာလဲ ရုပ်သဘောနှင့် အတူတူပင် ဖြစ်တယ်။ ဒါကြောင့် နာမ်ရုပ်သည်လဲ အနိမိတ္တတရား အနတ္တလက္ခဏာကို သင်မြင်ကျွင် ဒိဋ္ဌိကင်းစင်တယ်။ ရုပ်တရား နာမ်တရား (သို့ မဟုတ်) နာမ်တရားတို့မှာ အကြောင်းအကျိုးသိရင် ဝိစိကိစ္ဆာ ကင်းစင်တယ်။ ဒါဟာ သောတာပန်လမ်းဘဲ။

ဒါကြောင့် အရိယာများမှာ မြင်တိုင်းကြားတိုင်းစသည်တို့ မှာ အနတ္တလက္ခဏာထင်တယ်။ အကြောင်းခံတာက နာမ်ရုပ်တို့ ဖြစ်တယ်။ အကျိုးခံစားခွင့်က နိရောဓသစ္စာဖြစ်တယ်။

ဒါပေမဲ့ ပုထုဇဉ်များမှာကတော့ မြင် ကြား စသည်တို့၌ သမုဒယသစ္စာ၊ အကြောင်းခံတာက ယောကျ်ား မိန်းမ၊အကျိုး ခံစားခွင့်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်တယ်။

ဒါကြောင့် အရိယာများမှာ မြင်ခိုက်ကြားခိုက် စသည်တို့မှာ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာနှစ်ပါးဖြစ်ပြီး၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်ပါးချုပ်ငြိမ်းတယ်။ ပုထုဇဉ်များမှာတော့ မြင်ခိုက်ကြားခိုက် စသည်တို့မှာ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာဖြစ်ပြီး၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာချုပ်ငြိမ်းနေကြတယ်။

ဒါကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်ကိုမရသူတိုင်းဟာ မြင်တိုင်းကြားတိုင်းမှာ သမုဒယသစ္စာဖြစ်ပြီး၊ ဒုက္ခအကျိုးခံစားခွင့်ပေါ်တယ်။ ဒီတော့ ပဋိစ္စသမုပ္ပါဒ် သံသရာလည်တော့တာဘဲ။ ဒီပဋိစ္စသမုပ္ပါဒ် သံသရာကြီး ချုပ်ငြိမ်းရန် ပေါ်လာတဲ့ရုပ်နာမ်တို့ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြစ်အောင် ရှုပွါးရမည်၊ ဒီလိုဉာဏ်တို့ကို ရအောင်ရှုနိုင်မှ သံသရာပြတ်မယ်။

## ပဉ္စာရုံ၌ဖြစ်တဲ့ရုပ်နာမ်၌ သစ္စာလေးပါး

မျက်စိနှင့်အဆင်းရုပ်ကို တိုက်လိုက်တဲ့အခါ စက္ခုဝိဉာဏ်စိတ်ဖြစ်လာတယ်၊ အမှန်တော့ စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်ဆိုတဲ့ ဓာတ်သုံးလုံးပြိုင်ပြီး ပေါ်လာတယ်၊ ဒီပေါ်လာတဲ့ ဓာတ်သုံးလုံးဟာ ရုပ်အကြောင်း နာမ်အကျိုးဖြစ်တဲ့ ရုပ်နာမ်တရားပါလား၊ အကြောင်းခံဖြစ်တဲ့ရုပ်ဆိုတာဟာလဲ ဘာမှနှစ်သက်သာယာဘွယ်မရှိတဲ့ အနတ္တလက္ခဏာ တရားပါလားလို့ အနတ္တလက္ခဏာကိုရှုမြင်ခြင်းဟာ ဝိပဿနာဉာဏ်ဖြစ်တယ်။ သိတာက မဂ်ဉာဏ်ဖြစ်တယ်၊ ပေါ်လာတဲ့ရုပ်ကို အနတ္တလက္ခဏာသိမြင်အောင်ရှုရင် သိတဲ့အသိဟာ မဂ္ဂသစ္စာဖြစ်တယ်။ အနတ္တ

လက္ခဏာကိုသိပြီး ရုပ်တရားပေါ်မှာ လိုမလိုဆိုတဲ့ သမုဒယ သစ္စာချုပ်သွားတဲ့အတွက် ဆင်းရဲမှုဒုက္ခသစ္စာလဲချုပ်သွားတယ်။ ဒီလိုချုပ်ခြင်းသည်ပင် နိရောဓသစ္စာဖြစ်တယ်။

## ဓမ္မာရုံနာမ်ရုပ်၌ သစ္စာလေးပါး

ဓမ္မာရုံမှာ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်မှာ သစ္စာလေးပါးကို သိမြင်အောင် ရှုမှတ်ရာမှာ နာမ် အကြောင်းတရား သမုဒယ သစ္စာ၊ ရုပ်အကျိုးတရား ဒုက္ခသစ္စာ၊ ဒါဘဲထူးခြားတယ်။ သစ္စာလေးပါးကို မြင်အောင်ရှုပွါးရာမှာ အထက်ကအတိုင်းရှု ပွါးနိုင်တယ်။

## နာမ်ရုပ်၌ သစ္စာလေးပါး

နာမ်ရုပ်ကို သိရမယ်၊ နာမ်ရုပ်ဖြစ်ပေါ်ကြောင်းကိုသိရမယ်၊ နာမ်ရုပ်ချုပ်ငြိမ်းကြောင်းကို သိရမယ်၊ နာမ်ရုပ်ချုပ်ငြိမ်းမှုသို့ ရောက်တဲ့အကျင့်ကိုသိရမယ် ရုပ်နာမ်ကို သိရမယ်ဆိုတာ ဒုက္ခ သစ္စာကိုသိရမယ်လို့ဆိုလိုပါတယ်။ နာမ်ရုပ်ဖြစ်ကြောင်းကိုသိရ မယ်ဆိုတာ သမုဒယသစ္စာကိုသိရမှာဖြစ်တယ်၊ နာမ်ရုပ်ချုပ်ငြိမ်း မှုကို သိရမယ်ဆိုတာက နိရောဓသစ္စာကို သိရမယ်လို့ဆိုတယ်။ နာမ်ရုပ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းကို သိရမယ်ဆိုတာက မဂ္ဂသစ္စာကို သိရမယ်လို့ဆိုလိုပါတယ်။

ဒုက္ခသစ္စာက ပရိညာကိစ္စ ပိုင်းခြားပြီးသိရမယ်။ သမုဒယ သစ္စာက ပဟာတဗ္ဗကိစ္စ ပယ်ရမယ့်တရား။ နိရောဓသစ္စာက သစ္ဆိကရဏတရား၊ မျက်မှောက်ပြုရမယ့်တရား။ မဂ္ဂသစ္စာက ဘာဝေတဗ္ဗကိစ္စ ပွါးရမယ့်တရားဖြစ်တယ်။

နာမ်ရုပ် ဒုက္ခသစ္စာတရား။
အနုသယ သမုဒယသစ္စာတရား။
ဓာတ် နိရောဓသစ္စာတရား။
ပညာ၊ သီလ၊ သမာဓိ။ မဂ္ဂသစ္စာတရား။

အထက်ဖော်ပြသောနည်းမှာ ဒေသနာနည်းမျှသာဖြစ်တယ်။ ဒီဒေသနာနည်းကို အခြေခံပြီး သဘာဝနည်းကို မြင်အောင်ရှုရမယ်။

ဒုက္ခသစ္စာလို့ခေါ်ခြင်းမှာ နာမည်ပညတ် အနတ္တဖြစ်တယ်။ ဆင်းရဲခြင်းကို အာရုံမှာ ခံစားမှုသဘောက ပရမတ်တရား။ ပရမတ် အနတ္တပါလားလို့ ရှုပွါးနေရာမှာ အနုသယတရား၊ သမုဒယသစ္စာ ချုပ်ငြိမ်းပြီး။ နိရောဓသစ္စာကို မျက်မှောက်ပြုပြီး၊ မဂ္ဂသစ္စာကို ပွါးဆဲဖြစ်တယ်။ ဒုက္ခသစ္စာကို အနတ္တလက္ခဏာ တင်ပြီး ပွါးများခြင်းက ဝိပဿနာဉာဏ်ဖြစ်တယ်။ ဒီလိုပွါးများခြင်းကြောင့် သစ္စာလေးပါးကို ထိုးထွင်းပြီး သိခြင်းဟာ ပဋိဝေဓဉာဏ် မဂ်ဉာဏ်ဖြစ်တယ်။

## သမထ

သမထလေးဆယ်ဟာ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အပ္ပမညာလေးပါး၊ အာဟာရေပဋိကူလသညာတပါး၊ စတုဓာတု ဝဝတ္ထာန်တပါး၊ အာရုပ္ပလေးပါးဟူ၍ စုစုပေါင်း လေးဆယ်ရှိတယ်။ ဒီသမထ လေးဆယ်တရားအနက် အနုဿတိဆယ်ပါး ပါဝင်တယ်။ အနုဿတိဆယ်ပါးထဲမှာ အာနာပါနုဿတိ ထွက်လေဝင်လေပါဝင်တယ်။ ယခုခေတ်ထွက်လေ

ဝင်လေနှင့် ကိုက်ညီတဲ့ အားထုတ်နည်းတခုခုကို အားထုတ်နေကြတယ်။

အချို့က ဒီအာနာပါန သမထတရားကို အားထုတ်ခြင်းဟာ အတ္တကိလမထဖြစ်တယ်လို့ အယူအစွဲရှိနေကြတယ်။အတ္တကိလမထဆိုဒါ ခန္ဓာကိုယ်ကြီးကို ပင်ပန်းနွမ်းနယ်အောင် အားထုတ်ပြုလုပ်တဲ့သဘောကို ခေါ်ပါတယ်။ ဒါကြောင့် သမထတရားကို အားထုတ်တိုင်း အတ္တကိလမထဖြစ်တယ်လို့ မဆိုနိုင်ဘူး။ ဣရိယာပုထ် မမျှတသော အလုပ်သာ အတ္တကိလမထဖြစ်တယ်။

## အတ္တကိလမထခန္ဓာ

ဘဝပစ္စယာဇာတိ ဆိုတဲ့ ဒေသနာတော်အရ လက်ရှိခန္ဓာဟာ ဘဝဟူသော သမုဒယသစ္စာကြောင့် ရရှိထားတဲ့ ဇာတိဒုက္ခသစ္စာခန္ဓာကြီးဖြစ်တယ်။ ဇာတိကို သုခလို့ မဟောဘူး။ ဇာတိပိ ဒုက္ခာလို့သာ ဟောတယ်။ ဇာတိဆိုရင် ဇရာဗျာဓိမရဏ ဒုက္ခတို့ကို မုချရင်ဆိုင်ရမယ်သာဖြစ်တယ်။

ဒီလိုဒုက္ခတရားတွေ အမြဲနှိပ်စက်နေတဲ့အတွက် ဒီခန္ဓာကြီးဟာ အလိုလို အတ္တကိလမထဖြစ်နေတယ်။ နာရီ မိနစ် စက္ကန့်နှင့်အမျှ သုခရယ်လို့ တချက်မှမရှိတဲ့ ခန္ဓာကြီးဖြစ်တယ်။

ငါတို့ဘုရားအလောင်းတော်သည် ခြောက်နှစ်အချိန်ကာလပတ်လုံး ဒီသမထအလုပ်ကို အားထုတ်ခဲ့တယ်။ အားထုတ်တဲ့နေရာမှာ စိတ်အားထက်သန်သလို အားထုတ်တဲ့အလုပ်ဟာလဲ ပြင်းထန်တဲ့အတွက် လွန်ကဲတဲ့ အတ္တကိလမထဖြစ်နေတယ်။ ဒါ

ကြောင့် ဒီအကျင့်ကို စွန့်လွှတ်ပြီး မဇ္ဈိမပဋိပဒါ လမ်းကြောင်းထဲ ပြန်လှည့်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။ ဘုရားအဖြစ်သို့ရောက်အောင် ကျင့်ရာမှာလဲ ပင်ကိုယ်ရှိရင်း အတ္တကိလမထ ခန္ဓာပင်ဖြစ်တယ်ဆိုတာကို သတိထားသင့်တယ်။

ဒါကြောင့် ဒီခန္ဓာကြီးကို အကျိုးဒုက္ခသစ္စာလို့ ဟောတော်မူတယ်။ ဇရာဒုက္ခဗျာဓိဒုက္ခတို့ဖြင့် အမြဲတန်း ဖောက်ပြန် နှိပ်စက်လျက်ရှိနေတယ်။ ဒါကြောင့် ခန္ဓာကြီးဟာ အမြဲပင်ပန်းနွမ်းနယ်တဲ့ အတ္တကိလမထ ခန္ဓာဖြစ်နေတယ်။ တရားအားထုတ်ရင်လဲ ဒီသဘောမျိုးရှိနေတယ်။ အားမထုတ်ရင်လဲ ဒီသဘောမျိုးရှိတယ်။ ဝိပဿနာတရားကို ပွါးနေချိန်မှာလဲ ဒီသဘောတွေ ရှိနေတယ်။

## အတ္တကိလမထခန္ဓာဖြစ်နေပြီလို့ ပြောနိုင်ပါမည်လော

တကယ်လို့ ဝိပဿနာတရားကို အားထုတ်ရမှာ ဇရာဒုက္ခဗျာဓိဒုက္ခမကင်းတဲ့အတွက် အတ္တကိလမထ ဖြစ်မည်ဆိုရင် အတ္တကိလမထမှ လွတ်တဲ့ တရား အားထုတ်နည်း ရှိနိုင်ပါမည်လား။

တကယ်လို့ အတ္တကိလမထဖြစ်ရင်သမထတရားကိုအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ ဖြစ်နိုင်ပါ့မည်လော့။ မျှတတဲ့ ဣရိယာပုတ်ကိုပြုပြီး သမထ အလုပ်ကိုအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အတ္တကိလမထ မဖြစ်နိုင်ပါဘူး။ သို့သော် သံသရာမှ လွတ်နိုင်တဲ့ အလုပ်တော့ မဟုတ်ဘူး။

## ထွက်သဘော ဝင်သဘော

ထွက်သဘော ဝင်သဘောဟာ နှာခေါင်းမှာ အမြဲ ရှိနေတယ်၊ တဦးတယောက်က ပြုပြင်လို့ မဟုတ်ဘူး။ သူ့သဘောနှင့်သူ ဖြစ်နေတယ်။ ဒါဖြင့်ဒီခန္ဓာမှာ ဇရာ ဒုက္ခ ဗျာဓိဒုက္ခကား မရှိဘူးလား၊ သူ့သဘာဝအတိုင်း ရှိနေတယ်။ အတ္တကိလမထ ဖြစ်နေဒါဘဲ မဟုတ်လား၊ ဒါကြောင့် ထွက်သဘောဝင်သဘောကို ဖြေညှင်းသက်သာစွာ ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်မှာလဲ ပင်ကိုရှိမြဲ အတ္တကိလမထမျိုးသာ ရှိတယ်။ ဒီပင်ကိုရှိ အတ္တကိလမထက ရှောင်လို့တိမ်းလို့ လွတ်နိုင်တဲ့ တရားမျိုး မဟုတ်ဘူး။ မှတ်တဲ့သဘော ပြုပြင်မှု သင်္ခါရမှာလဲ လွန်ကဲသော ပြုပြင်မှု မဟုတ်တဲ့အတွက် လွန်ကဲသောအတ္တကိလမထမဖြစ်နိုင်ပါဘူး။ ဒါကြောင့် ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿာသိဿာ မီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ အရှုပြင်း၍ ရုန်းရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ သာယာဖြေညှင်း ရှုခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာ မီတိ၊ ထွက်သက် ရှုအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်၍ ကျင့်၏။

ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန်းရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ သာယာဖြေးညှင်းစွာ ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက်။ ပဿာသိဿာမီတိ၊ ဝင်သက်ကို ရှုအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

ဒီပါဠိဟာ သမထတရားကို အားထုတ်တိုင်း လွန်ကဲတဲ့ အတ္တကိလမထ ဖြစ်ကြောင်းကို ပြဆိုထားတဲ့ ပါဠိတော် ဖြစ်တယ်။

မိမိက လွန်ကဲစွာ ပြုံပြင်မှုသာလျှင် မလုပ်အပ်တဲ့ အတ္တကိလမထ ဖြစ်တယ်။ ပင်ကိုရှိ အတ္တကိလမထကိုတော့ ရှောင်တိမ်းလို့ မရဘူး။

တနည်းပြောရရင် တရားအားထုတ်နေစဉ် ခန္ဓာကိုမှာပြင်းစွာဖြစ်ပေါ်လာတဲ့ ကိုက်ခဲခြင်းစတဲ့ ရောဂါဝေဒနာ အမှတ်အသားဖြင့် မျက်စိမှိတ်ပြီး မျက်ရည်စက်လက်နှင့် အံကြိတ်ခါ ဝေဒနာလွန်မြောက်အောင် ရှုမှတ်ခြင်းမျိုးကတော့ လွန်ကဲတဲ့ အတ္တကိလမထ ဖြစ်တယ်။ ဝေဒနာဆိုတာ ခံစားမှု သဘော ဖြစ်တယ်၊ ဒီရောဂါရဲ့ နှိပ်စက်မှုသဘောကို အာရုံမှာ ခံစားချက်လို့ မှတ်ရမယ်။ ပညာဉာဏ်နှင့် ရှာဖွေမှ တွေ့နိုင်တယ်။

## အရှင်သာရိပုတ္တရာနှင့် ရှင်ရာဟုလာ

အရှင်သာရိပုတ္တရာက ရာဟုလာကို အာနာပါနဿတိ ကမ္မဋ္ဌာန်းပွားများအားထုတ်ရန် တိုက်တွန်းတော်မူတယ်။

အာနာပါနဿတိံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အာနာပါနဿတိ ရာဟုလဘာဝနာ ဘာဝိတာဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ။ (ရာဟုလောဝါဒသုတ်)

ရာဟုလ၊ ချစ်သား ရာဟုလာ။ အာနာပါနဿတိံ၊ အာနာပါနဿတိဟု ဆိုအပ်သော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေဟိ၊ ပွားများလော့။ ရာဟုလ၊ ချစ်သား ရာဟုလာ။ အာနာပါနဿတိ၊ အာနာပါနဿတိဟု ဆိုအပ်သော။ ဘာဝနာ၊ ဘာဝနာကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပွားများအပ်သည် ရှိသော်။ မဟပ္ဖလာ၊

များသောအကျိုးရှိ၏။ မဟာနိသံသာ၊ များသောအာနိသင်ရှိသည်၊ ဟောတိ၊ ဖြစ်၏။

ဒီလို အရှင်သာရိပုတ္တရာက ရာဟုလာကို အာနာပါနသတိကမ္မဋ္ဌာန်းကိုအကျိုးကြီးမားတဲ့အတွက် အားထုတ်ဘို့တိုက်တွန်းတော်မူတယ်။ ဒီအခါ ရာဟုလာက အာနာပါနသတိ ဘာဝနာကိုဘယ်လို ပွားများရမယ်၊ ပွားများ အားထုတ်ခြင်းကြောင့် ဘယ်လိုအကျိုး အာနိသင် ရှိသလဲဆိုတာကို သိလိုတဲ့အတွက် ဘုရားရှင်ထံမှာ လျှောက်ထားတယ်။

ကထံ ဘာဝိတာ နုခေါ ဘန္တေ အာနာပါနသတိ၊ ကထံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ဘန္တေ၊ အရှင်ဘုရား၊ အာနာပါနသတိ၊ အာနာပါနသတိ ကမ္မဋ္ဌာန်းသည်။ ကထံ၊ အဘယ်သို့။ ဘာဝိတာနုခေါ၊ ပွားများအပ်သည်ရှိသော်။ ကထံ၊ အဘယ်သို့၊ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာပွားများအပ်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးသည်။ မဟာနိသံသာ၊ များသော အာနိသင် ရှိသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

ဘုရားရှင်က ရာဟုလာကို ဒီလို မိန့်တော်မူတယ်။ ဝေံဘာဝိတာယ ရာဟုလ အာနာပါနသတိယာ ဧဝံဗဟုလီကတာယ။ ယေပိတေ စရိမတာအဿာသာ၊ တေပိ ဝိဒိတာဝ နိရုဇ္ဈန္တိ၊ နောအဝိဒိတာ။

ရာဟုလ၊ ချစ်သား ရာဟုလာ။ အာနာပါနသတိ၊ အာနာပါနကမ္မဋ္ဌာန်းကို။ ဧဝံ၊ ဤအတိုင်း။ ဘာဝိတာယ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကာတာယ၊ လေ့လာ ပွားများအပ်သည်

ရှိသော်-တော၊ သင်အား။ စရိမတာ၊ အဆုံးစွန် ဖြစ်ကုန်သော။ ယေပိ အဿာသာ၊ အကြင် ဝင်သက် ထွက်သက် တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုအဆုံးစွန်ထွက်သက်ဝင်သက်တို့သည်။ ဝိဒိတာဝ၊ ထင်ရှား သိသာသည် ဖြစ်၍သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ နော အဝိဒိတာ၊ မထင်ရှားဘဲ မချုပ်ကုန်။

ဤသို့ ဘုရားရှင် မိန့်တော်မူဒါကို ထောက်ဆပြီး လွန်ကဲတဲ့ အတ္တကိလမထဖြစ်လောက်သော သမထ အလုပ်ကိုသာ မလုပ် အပ်ကြောင်း အလွန် ထင်ရှားတယ်။ သမထ အလုပ်ဟာ သံသရာမှ မလွတ်မြောက်နိုင်သော်လည်း အပါယ်ဘေးမှ ကင်း ဝေးနိုင်၊ ဘုံသုံးပါးထဲမှာ ထက်မြက်တဲ့ အကျိုးကို ရရှိခံစားစေ နိုင်သော အကျိုးပေးမှုကတော့ ရှိတယ်။

ဘုရားရှင်ဟာ သားတော်ရာဟုလာကို သမထ အလုပ်ကိုသာ ဟောတော်မူဒါတော့ မဟုတ်ဘူး။ သံသရာ ထွက်လမ်းအတွက် ဝိပဿနာလုပ်ငန်းကို ရှုပွား အားထုတ်ပုံကိုလဲ ဟောတော်မူ တယ်။

ပထဝီဓာတုံခေါ ရာဟုလ အနိစ္စတော ဒုက္ခတော
အနတ္တတော ဉာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဟီယတိ။

ရာဟုလ၊ ချစ်သားရာဟုလာ။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲသောသဘောဟူ၍။ ဒုက္ခတော၊ဆင်းရဲသောသ ဘောဟူ၍၊ အနတ္တတော၊ အတ္တမဟုတ်သော သဘောဟူ၍။ ဉာန တော၊ ပညာဖြင့်သိသောသူအား။ ပဿတော၊ဉာဏ်ဖြင့်မြင်နိုင် သောသူအား။သက္ကာယဒိဋ္ဌိံ၊သက္ကာယဒိဋ္ဌိကို။ပဟီယတိ၊ပယ်၏။

ဘုရားရှင်ဟာ သားတော်ရာဟုလာကို ရာဟုလောဝါဒသုတ်တော်မှာ၊ ပထဝီဓာတုံခေါ်ရာဟုလ၊ အာပေါဓာတုံခေါ်ရာဟုလ၊ ဝါယောဓာတုံခေါ်ရာဟုလ၊ တေဇောဓာတုံခေါ်ရာဟုလလို့ ဟောတော်မူတယ်။ ဒီလိုဓာတ်တလုံးစီ တလုံးစီခွဲပြီး ဟောတော်မူခြင်းဟာဓာတ်သဘောတို့၏ အနတ္တလက္ခဏာကိုဉာဏ်ဖြင့်သဘောပေါက်ပြီးဓာတ်အစုတရားအပေါ်မှာ ငါ သူတပါး ယောကျ်ားမိန်းမလို့ စွဲယူထားတဲ့ သက္ကာယဒိဋ္ဌိကို ပယ်နိုင်ရန်ဖြစ်တယ်။

ဘုရားရှင်က သားတော်ရာဟုလာကို သမထတရားကိုအားထုတ်ရန်လဲ ဟောတော်မူတယ်။ ဝိပဿနာတရား အားထုတ်ရန်လဲ ဟောတော်မူတယ်။ ဒါကို ထောက်ဆပြီးသမထနှင့်ဝိပဿနာတရားကို တွဲဘက်ပြီး အားထုတ်ရမည်လို့ မှတ်သားကြရမယ်။

## သမထ ဝိပဿနာ

ဘုရားရှင်က သဋ္ဌာယတနဝဂ္ဂပါဠိတော်မှာ၊ နိဗ္ဗာန်ရောက်ကြောင်းတရားနှင့် ပတ်သက်ပြီး ဒီလိုဟောတော်မူတယ်။

ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ သမထောစ ဝိပဿနာစ။ အယံဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ။ (သံယုတ္တပါဠိ)

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ မြတ်သောအသင်္ခတဓာတ် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သောတရားသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ သမထောစ၊ သမထတရားသည်၎င်း။ ဝိပဿနာစ၊ ဝိပဿနာတရားသည်၎င်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသည်ကို။ အသင်္ခတဂါမိမဂ္ဂေါတိ၊ မြတ်

သော အသင်္ခတဓာတ်နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းဟူ၍။ စုစ္စတိ ဆိုအပ်၏။

ဒီနေရာ၌ ဝိပဿနာစ အယံဝုစ္စတိဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါဆိုတဲ့ ဒုတိယပိုဒ် ဒေသနာတော်မှာ အထူးစဉ်းစားစရာ မရှိဘူး။ ဝိပဿနာသက်သက်ဖြင့် နိဗ္ဗာန်သို့ရောက်နိုင်ကြောင်း ကိုပြတယ်၊ ဒါကို သုက္ခဝိပဿနာလို့ ခေါ်တယ်။

သို့သော် ပထမဟောတော်မူသော ဒေသနာတော်မှာ သမထ အလုပ်နှင့် ဝိပဿနာအလုပ်ကို တွဲဘက်ပြီး သမထောစ ဝိပဿ နာစလို့ ဟောတော်မူတယ်။ ဒီနှစ်ပိုဒ်ကို ဒွန်သမာသ်တွဲစပ်လိုက် ရင် သမထောစ ဝိပဿနာစ သမထဝိပဿနံလို့ ဖြစ်လာတယ်။ ဆိုလိုရင်းသဘောမှာ သမထအလုပ်မှာ ဝိပဿနာဉာဏ်ဖြစ်လာ အောင် ရှုပွါးခြင်းဖြင့်လဲ နိဗ္ဗာန်သို့ရောက်နိုင်ကြောင်းကို ဟော တော်မူတယ်။ ဒီနည်းကို ယုဂနဒ္ဓနည်းလို့ခေါ်တယ်။

ဒါကြောင့် သမထ ဝိပဿနာဆိုတာ သမထနှင့် ဝိပဿနာ အလုပ်နှစ်ရပ်ကို ပေါင်းစပ်ခေါ်ဝေါ်ထားတဲ့ ပါဠိဝေါဟာရ တမျိုးဖြစ်တယ်။ သမထဟာ အရေအတွက်အားဖြင့် များလှပါ တယ်၊ သို့သော် များလှတဲ့ သမထအလုပ်ထဲက ထုတ်နှုတ်ပြီး။ ထွက်သက်ဝင်သက်လို့ ခေါ်တဲ့ အဿာသ ပဿာသ ကမ္မဋ္ဌာန်း ကို အားထုတ်ကြတယ်။ သို့မဟုတ်ဒီအလုပ်နှင့်ညီမျှတဲ့ သမထအ လုပ်ကိုယခုခေတ်အများဆုံးလုပ်ကိုင်အားထုတ်လျှက်ရှိကြတယ်။

အမှန်တော့ သမထအလုပ်ဆိုတာဟာ သမုတိရုပ်နာမ်သိ အ လုပ်မျိုးမျှသာဖြစ်တယ်။ ဘာလို့လဲဆိုတော့ ပထဝီကသိုဏ်းကို အားထုတ်တဲ့ သမထယောဂီပုဂ္ဂိုလ်ဟာ သမာဓိရင့်ပြီး အား

ကောင်းလာတဲ့အခါ ဒီသမထအာရုံဖြင့် ဘယ်နေရာကိုဘဲကြည့် ကြည့် ကြည့်တဲ့အခါ ထိုပထဝီကသိုဏ်း ဝန်းကိုဘဲ စိတ်အာရုံမှာ တွေ့မြင်နေရတယ်။ ဒီလိုတွေ့မြင်နေရတဲ့ ပထဝီ ကသိုဏ်းဝန်းက သမုတိရုပ်နာမ်၊ သိတာက နာမ်ဖြစ်တယ်။

## မိန်းမငယ်တဦးအပေါ် ရဟန်းငယ်တပါးအမြင်

ဘုရားရှင်လက်ထက် သက်တော်ထင်ရှား ရှိစဉ်က အဋ္ဌိပုဋ္ဌကမ္မဋ္ဌာန်းကို အားထုတ်နေတဲ့ ရဟန်းတော်တပါး ရှိတယ်။ တနေ့တော့ ဒီရဟန်းဟာ ဆွမ်းခံကြွရန် သင်္ကန်းရုံနေစဉ်၊ သူ့အနားက မိန်းမငယ်တဦး ဖြတ်သွားဒါကို မြင်လိုက်ရတယ်၊အဲဒီအခါ သူကြည့်လိုက်တော့ မိန်းမငယ်လို့မမြင်ဘဲ အဋ္ဌိပုဋ္ဌကမ္မဋ္ဌာန်းအာရုံကြောင့် အရိုးပုံတပုံ ဖြတ်သွားဒါလို့မြင်လိုက်တယ် အရိုးပုံက ရုပ်တရား၊ အရိုးပုံလို့ သိတာက နာမ်းတရားဖြစ်တယ် သို့သော် သမထသိ ရုပ်နာမ်ဟာ သမုတိရုပ်နာမ် ပညတ်ရုပ်နာမ်သာဖြစ်တယ်။

ဝိပဿနာဆိုတာက ကာမအာရုံက ထွက်မြောက်အောင်ရှုပွါးတဲ့ လောကုတ္တရာ အာရုံဖြစ်တယ်၊ လောကုတ္တရာဆိုတာ မြင့်မြတ်သောသူတို့၏ အာရုံကိုခေါ်တယ်။ ဒါကြောင့် ပရမာနံအတ္ထော ပရမတ္ထော။ ပရမာနံ၊ မြတ်ကုန်သော လောကုတ္တရာ ဘုံသားတို့၏။ အတ္ထော၊ အာရုံတည်း။ ပရမတ္ထော၊ မြတ်ကုန်သောလောကုတ္တရာ ဘုံသား တို့၏အာရုံ။ ဒါကြောင့် ဝိပဿနာအလုပ်ဆိုတာ မြတ်သောသူတို့၏အလုပ် မြတ်သောသူတို့၏အာရုံဖြစ်တယ်။ သာမန်ပုဂ္ဂိုလ်တို့၏ အလုပ်အာရုံမဟုတ်ဘူး။ဝိပဿ

နာအာရုံဆိုတာ အာရုံမှာဖြစ်ပေါ်လာတဲ့ အထူးထူးသော ရုပ်တရား နာမ်တရားတို့ကို ရှုမှတ်ရသော သဘောဖြစ်တယ်။

ဒါကြောင့် ဝိဝိဓံ နာမရူပံ အာရမ္မဏံ ပဿတီတိ ဝိပဿနာ။ ယာပညာ၊ အကြင်ဝိပဿနာ ပညာသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြားသော။ နာမရူပံ၊ နာမ်ရုပ်ဟူဆိုအပ်သော။ အာရမ္မဏံ၊ အာရုံကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဿတိ၊ ရှုတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာပညာ၊ ထိုပညာသည်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ဝိပဿနာ ပညာဆိုတာမြင်နိုင်ခဲ့ သိနိုင်ခဲ့ သောလုပ်ရပ်ဖြစ်တယ်။ သို့သော်–သမထပညာကတော့ ဝိပဿနာပညာလောက် အသိခက်မည်မဟုတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒြပ်သဏ္ဌာန်တခုကို အာရုံယူပြီး အမှီပြုပြီး အားထုတ်ရတဲ့အတွက် ပိုမိုလွယ်ကူမှုရှိတယ်။ ဝိပဿနာ ပညာကတော့ စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်တို့၏ ဓမ္မသဘာဝကို သရုပ်ပေါ်လာအောင် အားထုတ်ရတဲ့ ပညာဖြစ်လို့ သမထအလုပ်ထက် ပိုပြီးခက်တယ်။

## သမထအလုပ်

သမထ ယောဂီပုဂ္ဂိုလ်ဟာ တွန်း၊ ထိ၊ ချုပ်ဆိုတဲ့ သမထအလုပ်တရားကို အားထုတ်နေတယ်ဆိုပါတော့။ ဒီသမထအလုပ်မှာ နှာခေါင်း နှာသီးဖျားကို အမှီပြုပြီး အားထုတ်ရတဲ့အလုပ်ဖြစ်တယ်။ တွန်းဆိုတာက နှာခေါင်းအတွင်းက လေဟာအပြင်ဘက်သို့ တွန်းထွက်လာဒါကိုဆိုတယ်။ ထိဆိုဒါက နှာခေါင်းအတွင်းမှ တွန်းပြီးထွက်လာတဲ့လေဟာနှာသီးဖျားမှာလာထိဒါ

ကိုဆိုတယ်။ ချုပ်ဆိုတဲ့သဘောကတော့ ဒီလိုနှာသီးဖျားမှာထိပြီး ချုပ်ငြိမ်းသွားဒါကိုဆိုတယ်။ ဒါကြောင့် တွန်းရင်လဲ တွန်းတယ်။ ထိရင်လဲထိတယ်၊ ချုပ်သွားတဲ့ခါလဲ ချုပ်သွားတယ်လို့ စိတ်နှင့်လိုက်ပြီး သတိထားကာ လိုက်မှတ်နေရတဲ့ အလုပ်မျိုးကို သမထအလုပ်လို့ခေါ်တယ်။ ဒီလိုထွက်လေ ဝင်လေ တခုတည်းမှာ စိတ်အာရုံရပ်တန့်တည်နေတာကို သမာဓိလို့ခေါ်တယ်။

## ပရိကမ်

ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ရှုမှတ်ပွားများတဲ့အလုပ်ကို ပရိကမ်လို့ ခေါ်တယ်။ ပထဝီကသိုဏ်းကို အားထုတ်တဲ့ ပုဂ္ဂိုလ်မှာလဲ မြေကြီး အဝိုင်းအဝန်းကို အာရုံယူပြီး၊ ပထဝီ ပထဝီလို့ ရှုမှတ်နေတဲ့သဘောဟာ ပရိကမ်ဖြစ်တယ်။ နှာခေါင်း နှာသီးဖျားတို့ကို အသိုင်းအဝိုင်းပြုပြီး ထွက်လေဝင်လေကို မှတ်နေဒါဟာလဲ ပရိကမ်ပင် ဖြစ်တယ်။ ဒီလိုရှုမှတ် လေ့ကျက်နေမှုကြောင့် အာရုံတခုတည်းမှာ စိတ်ကြည်နေဒါကို ဥပစာရသမာဓိ ခေါ်တယ်။ ဥပ၊ စွဲ၍။ စရ၊ ကျက်စားဒါ။ သမာဓိ၊ တည်ကြည်ဒါ စွဲယူလေ့ကျက်ပြီး အာရုံမှာ စိတ်တည်နေခြင်း ဖြစ်တယ်။ ဒီလို ပရိကမ်ပြုလုပ်ပြီး ရှုမှတ်နေရာမှာ ဥပစာရသမာဓိ ဖြစ်လာတဲ့အခါနိမိတ်အမျိုးမျိုး ထင်လာတယ်။ ထင်လာတဲ့ နိမိတ်ကိုဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။ ဒီပေါ်လာတဲ့ ဥဂ္ဂဟနိမိတ်ဟာ သမထအလုပ်ကို အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တို့မှာ တဦးနှင့်တဦး နိမိတ်ထင်ပုံချင်း တူကြတာ မဟုတ်ဘူး။ ခြားနားကြလိမ့်မည်။

သမထ အာရုံဆိုတာဟာလဲ မှတ်စိတ် တခုတည်းမှာ ချောင်းရေ အယဉ်ကဲ့သို့ မပြတ် စီးဆင်းနေတဲ့ အလုပ်မျိုးဖြစ်တယ်။ ဒါပေမဲ့ ဝိပဿနာ အာရုံမှာပြောင်းပြီး ရှုမှတ်ရတဲ့ အလုပ်ဖြစ်တယ်။

## သမထ သမ္မုတိ ရုပ်နာမ်သိ

သမထအလုပ်ဟာ သမ္မုတိရုပ်နာမ်သိဆိုတာကို ရှေးကတင်ပြခဲ့ပြီး ဖြစ်တယ်။ သို့သော် ယခုတဖန် လုပ်ငန်းအပေါ်မှာ ရုပ်နာမ်သိပုံကို ရှင်းလင်းပြပါဦးမည်။ တွန်းထိချုပ်ဆိုရာမှာတွန်းတာထိတာ ချုပ်သွားတာက ရုပ်တရားဖြစ်တယ်။ ဓာတ်သဘောကတော့ ဝါယောဓာတ် ဖြစ်တယ်။ တွန်းယင် တွန်းတယ်လို့သိတယ်၊ ထိယင် ထိတယ်လို့သိတယ်၊ ချုပ်သွားရင်လဲ ချုပ်သွားတယ်တို့ သိတယ်။ အဲဒီလို လိုက်ပြီးသိနေတဲ့ အသိကို နာမ်တရားလို့ခေါ်တယ်။ သမထယောဂီဟာ ဒီရုပ်နာမ် သိထက်ပိုပြီး မသိနိုင်ဘူး။

သမထအာရုံဟာ ကာမအာရုံ၊မဟဂ္ဂုတ်အာရုံ၊ လောကုတ္တရာအာရုံသုံးပါးထဲက မဟဂ္ဂုတ် အာရုံဖြစ်တယ်။ မဟဂ္ဂုတ် အာရုံဟာလောကီ အာရုံမျှသာ ရှိသေးတယ်။ ဒါကြောင့် သမထကုသိုလ်သည် ခိုင်မြဲသော ကုသိုလ်မဟုတ်။ ကံကုသိုလ်ဖြစ်ပြီး ဘုံသုံးပါးမှာ ဇာတိဒုက္ခ ဗျာဓိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခတို့နှင့် ရင်ဆိုင်ရမည်သာ ဖြစ်တယ်။ တကယ် အားကိုး အားထားပြုလောက်သောကုသိုလ်မျိုးကား မဟုတ်သေးဘူး။

သို့သော် သမထကုသိုလ်သည် လောကီမဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံတဲ့အတွက် အလွန်ဖြူစင်တယ်။ သမထ တရားကို အားထုတ်နေ

တဲ့အခါမှာ ဝစီ ဒုစရိုက်လေးပါး ကာယဒုစရိုက် သုံးပါးမှ ကင်းစင်ပြီး အသက်မွေးမှု စင်ကြည်နေတဲ့အတွက်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါး ပြည့်စုံနေ တယ်။ သတိထား ကြိုးစားအားထုတ်ပြီး တည်ကြည်တဲ့ စိတ် အာရုံက သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိမဂ္ဂင်ဖြစ်တယ်။ သမ္မုတိ ရုပ်နာမ်သိက သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင် ဖြစ်တယ်။

## သာကေ

(သုကရ ဝတ္ထု။ ဓမ္မပဒ)။ ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူတယ်။ တနေ့သ၌ ဆွမ်းခံကြွတော်မူလေရာ မြို့ရဲ့အငင်ဝမှာ ဝက်မငယ်တကောင် ကို မြင်တော်မူတယ်။ ဒီဝက်မငယ်ကြည့်ပြီး ပြုံးတော်မူတယ်၊ ဒီအခါ အရှင်အာနန္ဒာက ပြုံးတော်မူသော အကြောင်းကို မေး လျှောက်ထားတယ်။ ဘုရားရှင်ကအရှင်အာနန္ဒာအား၊ချစ်သား အာနန္ဒာ ဒီဝက်မငယ်ဟာကကုသန်ဘုရားလက်ထက်မှာကြက်မ ဖြစ်ခဲ့ဘူးတယ်။ တောကျောင်း တကျောင်းမှာ ရဟန်းတပါး ဟာကမ္မဋ္ဌာန်းစီးဖြန်းသံကို ကြားရတဲ့အခါ၊ ဒါဟာတရားဟောတဲ့ အသံဖြစ်တယ်လို့ နားထောင်တယ်။ ထိုအကျိုးကြောင့် သေတဲ့ အခါ ဥပရိမင်းသမီး ဖြစ်လာတယ်၊ ဥပရိမင်းသမီးဟာ တနေ့ သောအခါမှာ ရေအိမ်ဝင်ရာ၌ ပိုးလောက်တကောင်ကို မြင်ရ တော့ပုဠုဝကသညာကိုစီးဖြန်းတဲ့ အတွက်ပထမဈာန်ကို ရတယ်။ ဒီမင်းသမီးဟာ အသက်အတိုင်းနေပြီးစုတေတဲ့အခါ ဗြဟ္မာပြည် မှာဖြစ်တယ်။

ဒီမင်းသမီးဟာ သတိရဲ့ အစွမ်းအားဖြင့် ချောက်ချား့တဲ့အတွက် ယခု ဝက်မငယ် ဖြစ်ရတယ်လို့ မိန့်တော်မူတယ်။ ဒီအခါ ရဟန်းတို့ကြားပြီး သံဝေဂ ရကြတယ်။ ဒီဝက်မဟာ နောက်ဆုံး ဘဝမှာ ဒုဋ္ဌဂါမဏိမင်းရဲ့ စစ်သူကြီးနှင့် အိမ်ထောင်ကျတယ်။ တနေ့မှာ အရှင်အာနန္ဒာဟာ မဟာပုဏ္ဏ ရွာသို့ ဆွမ်းခံဝင်တယ်၊ ဒီ စစ်သူကြီး ကတော်ဟာ အိမ်တံခါးဝမှာ ရပ်နေသည်ကို မြင်ရတော့၊ ရဟန်းတို့က ပြောဆိုကြတယ်။ ငါ့ရှင်တို့ သူက ရပေါ့တိက ဝက်မငယ်ဟာ စစ်သူကြီးရဲ့ကတော် ဖြစ်လာပြန်တယ်လို့ ပြောဆိုကြတယ်။ ဒီစကားကို ထိတ်လန့်ပြီးသံဝေဂဖြစ်ကာ လွန်လေပြီးတဲ့ ဘဝတို့ကို ရှုကြည့်တယ်။ ကကုသန်ဘုရားလက်ထက်မှာကြက်မဖြစ်ခဲ့တာကို မြင်လာတယ်။ ဒီနောက် ဥပရိမင်းသမီး ဖြစ်ခဲ့သည်ကို မြင်ပြန်တယ်။ ဥပရိမင်းသမီး အဖြစ်မှ စုတေပြီးတော့ ဗြဟ္မာပြည်မှာ ဖြစ်ခဲ့တာကို မြင်ပြန်တယ်။ ဗြဟ္မာပြည်မှ စုတေခဲ့တဲ့နောက် ဝက်မဖြစ်တာကို မြင်ရပြီး၊ ထိုဝက်မငယ်အဖြစ်မှစုတေပြီးနောက် ယခုစစ်သူကြီး ကတော်ဖြစ်တာကို မြင်ရတယ်။

ဒီအခါ ထိတ်လန့်မှု သံဝေဂ ကြီးစွာဖြစ်လာပြီး လင်ဖြစ်သူ စစ်သူကြီးထံမှာ တောင်းပန်ပြီး ရဟန်းပြုလိုက်တယ်။ ရဟန်းပြုပြီးတဲ့အခါ တိဿမဟာဝိဟာရကျောင်းတိုက်မှာ သတိပဋ္ဌာန် တရားလေးပါးကို ကြားနာပြီး အဆုံး၌ သောတာပတ္တိဖိုလ်မှာ တည်တယ်။ ဒီသာဓာ ဒေသနာတော်ကို ထောက်ရှုခြင်းအားဖြင့်သမထကုသိုလ်ဟာ ဖူးစင်တဲ့ ကုသိုလ်ဖြစ်သော်လဲ ခိုင်မြဲသော ကုသိုလ် မဟုတ်ကြောင်း အလွန် ထင်ရှားတယ်။ ဒါ ကြောင့်

သမထကုသိုလ်မှတဆင့် ဝိပဿနာ ကုသိုလ်ဖြစ်လာအောင် အား ထုတ်ဘို့ အထူးလိုအပ်တယ်။

## သမထမှ ဝိပဿနာသို့

သမထအလုပ်နှင့် ဝိပဿနာ အလုပ်တို့ဟာ အလွန် ကွာခြား လှတယ်။ ဘယ်လို ကွာခြားသလဲဆိုရင်၊ သမထအလုပ်မှာ သီလ သမာဓိကဦးစီးပြီး၊ ပညာကနောက်လိုက် ဖြစ်နေတယ်။ ဝိပဿနာ အလုပ်မှာ ပညာကဦးစီးဖြစ်ပြီး သီလသမာဓိကနောက်လိုက်ဖြစ် နေတယ်။ ဒါကြောင့် သီလသမာဓိပညာလို့ တမျိုး၊ ပညာသီလ သမာဓိလို့ တမျိုး နှစ်မျိုး ကွဲပြားလာတယ်။ သမထအလုပ် ပညတ်နယ်မှာ၊ သီလ သမာဓိ ဖြစ်အောင် အဓိကထားကျင့်ရတဲ့ အလုပ်ဖြစ်တယ်။ သီလသမာဓိ ပညာလို့ ဆိုရတယ်။ ဒီသမထ ကုသိုလ်မှာ ကံကုသိုလ် ဖြစ်တဲ့ အတွက် ခိုင်မြဲသည် မဟုတ်။ ဝိပဿနာအလုပ်ကတော့ ပရမတ္ထ သစ္စာနယ်မှာ ပညာဦးစီးပြီး ကျင့်တဲ့ အလုပ် ဖြစ်တဲ့အတွက် ပညာသီလ သမာဓိ ဖြစ်တယ်။ ဉာဏ်ကုသိုလ် ပါရမီကုသိုလ် ဖြစ်သည့်အတွက် ခိုင်တမြဲယ်။

ဒီနေရာမှာ အယူအဆ ကွဲလွဲမှု ရှိကြတယ်။ သီလ သမာဓိ ပညာသာမှန်တယ်၊ ပညာ သီလ သမာဓိသာမှန်တယ်လို့ဒေသနာ အထောက်အထားပြ ငြင်းခုံကြတယ်။ အမှန်တော့ ယင်း ဒေသနာနည်းများကို လေ့လာတဲ့အခါမှာ သဘာဝအပေါ် မှာသာ သဘောယုတ္တိ ပေါ်လာအောင် မှီးပြီး ယူဆရမှာဖြစ် တယ်။ သီလဖြစ်မှ သမာဓိ ဖြစ်နိုင်တယ်။ သမာဓိဖြစ်မှ ပညာ ဖြစ်နိုင်တယ်ဆိုတာလဲ မှန်ပါတယ်။ ပညာဖြစ်နေတဲ့ အချိန်မှာ

သီလ သမာဓိ အလိုလို ပြည့်စုံ နေတယ်လို့ ဆိုခြင်းဟာလဲ မှန်တယ်။

သို့သော် ဘယ်နည်း မှန်တယ်ဆိုတာ ထပ်ပြီး စဉ်းစားရ လိမ့်မယ်၊ ဒီလို စဉ်းစားတဲ့အခါ ဗုဒ္ဓဘုရားတော်ကို တသား တည်း တပြင်တည်း ထားလို့ စဉ်းစားရင် မဖြစ်နိုင်ဘူး။ နယ် ခွဲခြားပြီး စဉ်းစားမှ ဖြစ်နိုင်မယ်။ နယ်ဆိုတာ ပဋိပဒါနယ် ပညတ်နယ်လို့ တမျိုး၊ အသိဉာဏ်နယ် ပရမတ္ထနယ်လို့ တမျိုး ဒီလို နှစ်မျိုး ရှိတယ်။ သိ့ကိစ္စ ကျင့်ကိစ္စ နှစ်ပါးတို့အနက် ကျင့်ကိစ္စက ပဋိပဒါနယ် ပညတ်နယ် ဖြစ်တယ်။ သိ ကိစ္စက အသိဉာဏ်နယ် ပရမတ္ထသစ္စာနယ် ဖြစ်တယ်။

ဒါကြောင့် ပဋိပဒါနယ်မှာ သမုတိသစ္စာ ဝစီသစ္စာ ဝိရတိ သစ္စာတို့ကို သီလ သမာဓိ ပညာဖြစ်အောင် ကျင့်ရမည့် သစ္စာ သုံးပါးဖြစ်တယ်။ ပရမတ္ထသစ္စာနယ်မှာ သဘာဝသစ္စာ၊ ပရမတ္ထ သစ္စာ၊ အရိယာသစ္စာတို့ကို ပညာ သီလ သမာဓိ ဖြစ်အောင် သိရမည့် တရားများဖြစ်တယ်။ ဒါမှလဲ ပညာ ပရိဘာ ဝိတာ စိတ္တံ သမ္မာ အာသဝေဟိ ဝိမုစ္စတိ။ ပညာခြံရံသော စိတ်သည် အာသဝေါတရားတို့မှ ကင်းလွတ် နိုင်သည် ဆိုတဲ့ ဒေသနာ နည်းနှင့် ကိုက်ညီမယ်။

## သဘာဝယုတ္တိ

ပဋိပဒါနယ် ပညတ်နယ်–သီလ သမာဓိ ပညာ။

အသိဉာဏ်နယ် ပရမတ္ထသစ္စာနယ်—ပညာ သီလ သမာဓိ။

ဒါကြောင့် ပဋိပဒါနယ်မှာ တကယ်ပညာ သိ သိလာယင် ပရမတ္ထသစ္စာနယ်ထဲ ကူးပြောင်းသွားပြီလို့ မှတ်ကြရမယ်။

## သမထမှ ဝိပဿနာသို့ ရှုပွားနည်း

သမထမှ ဝိပဿနာသို့ဆိုတာ သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ တဆင့်ကူးပြောင်းပြီး ကျင့်ဒါကို ဆိုတယ်။ သမထဘာဝနာအကျင့်ဟာ သမ္မုတိရုပ်နာမ်သိမှုသာဖြစ်တဲ့အကြောင်း ဖော်ပြခဲ့ပြီးဖြစ်တယ်။ ဒီ သမထဘာဝနာ အပေါ်မှာ ပရမတ္ထ ရုပ်နာမ်သိ ဖြစ်တဲ့ ဝိပဿနာ ဘာဝနာဉာဏ် ပေါ်လာအောင် ရှုပွားပုံကို ရှင်းလင်းပါဦးမယ်။ တွန်းတယ် ထိတယ် ချုပ်သွားတယ်လို့ သတိထားပြီး လိုက်မှတ်နေတဲ့ အလုပ်ကို သမထဘာဝနာလို့ ခေါ်တယ်။ ယင်း တွန်းတဲ့သဘော ထိတဲ့ သဘော ချုပ်သွားတဲ့သဘောတို့ကို ဉာဏ်မြင်အောင် စူးစိုက်ပြီး ကြည့်စမ်းပါ။ ဒီသဘောတရားသုံးခုဟာ ဒြပ် သဏ္ဍာန်မှ ဆိတ်သုဉ်းနေသော ပရမတ္ထ ရုပ်သဘာဝ တရားပါလားလို့ ဉာဏ် အမြင်သဘောပေါက် လာလိမ့်မယ်။

(၁) တွန်းနေဒါ ထိဒါ ချုပ်သွားဒါဟာ ငါ သူ တပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လုံးဝ မရှိတဲ့ ပရမတ္ထ ရုပ်ဘဲဆိုဒါကို ဉာဏ်အမြင် ရှင်း ဉာဏ်အမြင်လင်းအောင် သိလာပါလိမ့်မယ်။

(၂) တွန်းရင် တွန်းတယ်လို့ အာရုံ စူးစိုက်မှု၊ ထိရင် ထိထယ်လို့ အာရုံစူးစိုက်မှု၊ ချုပ်သွားယင် ချုပ်သွားတယ်လို့ အာရုံစူးစိုက်မှုတို့ဟာ စေတသိက်တရားဖြစ်တယ်။

(၃) တွန်းရင် တွန်းတယ်လို့ သိတယ်၊ ထိရင် ထိတယ်လို့ သိတယ်၊ ချုပ်သွားယင်လဲ ချုပ် သွားတယ်လို့ သိတယ် အဲသလိုလိုက်ပြီးသိတဲ့ အသိကစိတ်တရား ဖြစ်တယ်။ စိတ်နာမ်လို့ ခေါ်တယ်။

ဒါဖြင့် ဒီတရားအားလုံးကို ခြုံပြီး ကြည့်ရင် ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ စိတ် စေတသိက် ရုပ် ဆိုတဲ့ ပရမတ္ထတို့ပါသားလို့ ဉာဏ်အမြင် ပေါက်လာနိုင်ပါတယ်။ ဒီ တရားသုံးပါးကို တူရာပေါင်းပြီး ယူလျှင် စိတ်နှင့်စေတသိက်က နာမ်တရား၊ ရုပ်တရား ကတော့ ရုပ်တရားဖြစ်တယ်။ ဒါကြောင့် ပရမတ္ထရုပ် နာမ်တရားတို့ပါလားလို့ ထင်မြင်နိုင်တဲ့ဉာဏ် ဖြစ်အောင် ရှုပေးရမယ်။

ဒီ စိတ် စေတသိက် ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဝိပဿနာအာရုံ ပရမတ္ထရုပ်နာမ် တရားတို့ဖြစ်တယ်။ ရုပ်ခန္ဓာက တပါး နာမ်ခန္ဓာ လေးပါးဖြစ်တယ်။ တွန်းတာ ထိတာ ချုပ်သွားတာက ရုပ်တရား၊ ရူပက္ခန္ဓာ။ တွန်း ထိ ချုပ် လို့ လိုက်မှတ်နေတာက သညာ၊ သညာက္ခန္ဓာ ဖြစ်တယ်။ တွန်း ထိ ချုပ် သဘောကို အာရုံစူးစိုက်ခံစား နေတာက ဝေဒနာ၊ ဝေဒနာက္ခန္ဓာဖြစ်တယ်။ စိတ်အာရုံထဲမှာ ပြုပြင် ပြောင်းလဲ နေတဲ့သဘောက သင်္ခါရ သင်္ခါရက္ခန္ဓာဖြစ်တယ်။ တွန်းတယ် ထိတယ် ချုပ်တယ်လို့ သိတာက ဝိညာဏ် ဝိညာဏက္ခန္ဓာ။ ခန္ဓာငါးပါးဖြစ်တယ်။ ဒါဖြင့်ယင် တွန်း ထိ ချုပ် ဆိုတဲ့ သမထ ဘာဝနာ အပေါ်မှာ ဝိပဿနာ ဖြစ်အောင် ရှုမှတ်နေတဲ့ အခါမယ် စိတ်စေတသိက် ဆိုတဲ့ တရား၊ ရုပ်နာမ်ဆိုတဲ့တရား၊ ခန္ဓာငါးပါးဆိုတဲ့ တရား

တို့ဟာ အရှိအတိုင်း ပေါ်ထွက်လာနေတယ်ဆိုတာ ထင်ရှား နေတယ်။

စိတ် စေတသိတ် ရုပ်ဆိုတဲ့ တရား သုံးပါးကလဲ ငါ သူတ ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး၊ ရုပ်နာမ် နှစ်ပါးကလဲ ငါ သူတပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး။ ခန္ဓာငါးပါးကို ကြည့်ပြန်ရင်လဲ အတ္တဇီဝမှ ကင်း ဆိတ်နေတဲ့တရား ငါ သူတပါး ယောကျ်ား မိန်းမဆိုတာ မပါ၊ မရှိ၊ မဟုတ်ဘူး။ ဒါကြောင့် မရှိပညတ် ရှိ ပရမတ်လို့ အဆိုပြုကြတယ်။ ဒါကြောင့်လဲ ဝိပဿနာ ဉာဏ်ဖြစ်အောင် ပွားများသုံးသပ်တဲ့အခါ အရှိ ပရမတ္ထ တရားတို့သည် အရှိ အတိုင်းပေါ်ထွက်လာတယ်။ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ဆိုတဲ့ ပညတ်တရားတို့က မရှိအတိုင်း ပျောက်ကွယ် သွားတယ်။

ဒါဖြင့် ငါ သူတပါး ယောကျ်ား မိန်းမ၊ ဦးဖြူ ဦးလှ လို့ စွဲယူထားဒါ ဘယ်အပေါ် မှာလဲလို့ စဉ်းစား ကြည့်တော့ လူတို့၏ အခေါ်အဝေါ် အသုံးအနှုန်း အားဖြင့် ခန္ဓာငါးပါး အပေါ်မှာ စွဲယူထားတယ် ဆိုတဲ့အဖြေ ပေါ်ထွက်လာတယ်၊ ဒါဟာ မရှိကို အရှိလုပ်ပြီး စွဲယူထားတဲ့သဘော သက်သက်သာ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓက ပုတုဇဉ်များကိုအရူးနှင့် တူတယ် လို့ ဟောတော်မူခြင်းဖြစ်တယ်။

## သဘောသဘာဝလက္ခဏာ

ဒီခန္ဓာငါးပါး တရားကို သဘောသဘာဝ လက္ခဏာဆိုတဲ့ တရား သုံးပါးနှင့် ဟတ်ပြီး ကြည့်မယ်ဆိုရင် ဝိညာဏ်ခေါ်တဲ့

စိတ်အာရုံ ဖောက်ပြန်တိုင်း ရုပ်တရားလဲ ဖောက်ပြန်တယ်၊ စိတ်က ဖြေးညှင်း ရှုရှိုက်မည်လို့ အာရုံကျလျှင် တွန်း ထိ ချုပ်ဆိုတဲ့ ရုပ်တရားကလဲ ဖြေးညှင်းသာယာသွားတယ်။ ကြမ်းကြမ်းရှုရှိုက်မယ်လို့ အာရုံကျတဲ့ အခါမှာလဲ ကြမ်းသွားတယ်။ ရှည်ရှည်တိုတိုလို့ စိတ်အာရုံကျတဲ့အခါမှာလဲ အတိုအရှည်ဖြစ်လာတယ်။

ဝေဒနာဆိုတဲ့ ခံစားမှုဟာလဲ စိတ်အာရုံ ကျလျှင် ကျသလို ခံစားတယ်။ မြန်တယ် ထင်ယင် မြန်တဲ့ အာရုံကို ခံစါးတယ်။ နှေးတယ်ထင်ယင် နှေးတဲ့ အာရုံကို ခံစာတယ်။ သညာဆိုတဲ့ တရားကလဲ ဒီအတိုင်း လိုက်မှတ်နေတာဘဲ၊ သင်္ခါရဆိုတဲ့တရားကလဲ ဒီအတိုင်းလိုက်ပြီး ပြုပြင်ပေးနေတယ်။ ဒါဖြင့် ဒီခန္ဓာငါးပါးလုံးဟာ ဝိပရိဏာမ ဖောက်ပြန်တဲ့ သဘော။ လက္ခဏာအားဖြင့် မမြဲတဲ့ အနိစ္စလက္ခဏာ ရှိတယ်။ ဆင်းရဲတယ် ဆိုတာဟာလဲ မမြဲလို့ ဆင်းရဲရတယ်။ ဒါကြောင့် သဘောအားဖြင့် ဒုက္ခလက္ခဏာ ရှိတယ်။

ဒီဆင်းရဲခြင်းဆိုတဲ ဒုက္ခလက္ခဏာ တရားဟာလဲ ယောကျ်ားကဘဲ ဆင်းရဲတယ်၊ မိန်းမကဘဲ ဆင်းရဲတယ်လို့ ပြောဘွယ်ဆိုဘွယ်မရှိ အတ္တဇီဝမှ ဆိတ်သုံးနေတယ်။ နိမိတ်သဏ္ဍာန်မှကင်းလွတ်နေတယ်။ ဒါကြောင့် သဘာဝအနေနှင့် အဘာဝအဗျာကတ အနတ္တ လက္ခဏာဖြစ်တယ်။ ဒီလို သမထအလုပ်တရားပေါ်မှာ ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်လာအောင်ရှုမှတ်ပေးရမယ်။

ဒါကြောင့် ခန္ဓာဆိုတာဟာ တကယ်တော့ အရည့် အဖတ်

ရှာမတွေ့တဲ့ တရားဖြစ်တယ်။ ဒါကြောင့်လဲ-ခံတုစ္ဆံ ခါရေနိူတိ ခန္ဓာ လို့၊ ဝိဂ္ဂဟပြုကြတယ်။ ခံတုစ္ဆံ၊ အချည်းနှည်းကို၊ ခါ ရေန္တိ၊ ဆောင်ဘတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ ။ဒါကြောင့် ခန္ဓာဆိုတဲ့သဘောဟာအချည်း နှည်းသော တရားဖြစ်ပါလျက် မမြဲဘူး၊ ဆင်းရဲတယ်ဆိုတာဟာ ဘယ် သဘောလဲလို့ စဉ်းစားစရာ ဖြစ်နေတယ်။ အမှန်က ဒြပ်သဏ္ဌာန်မှ ဆိတ်သုဉ်းနေတာကို ဆိုလိုတယ်။ကြိယာအမူအရာ သဘောကတော့ရှိနေမှာဘဲ။ ဥပမာဘာနဲ့တူသလဲဆိုရင် လဟာ ပြင်ကောင်းကင်မှာ မြေဖြူခဲနှင့် ဝလုံးရေးတာနှင့် တူတယ်။

မြင်တွေ့သူတို့အဖို့ကတော့ ဝလုံး ရေးသည်ဆိုတဲ့ သညာ အမှတ်အသားတော့ ပေါ်တယ်။ သို့သော် ထိုသညာ အမှတ် အသားကား ဝလုံးတည်းဟူသော ဒြပ်ကို တကယ် တွေ့မြင်ရ တဲ့အတွက် ပေါ်လာတဲ့ သညာ အမှတ်အသားတော့ မဟုတ် ဘူး။ အပြုအမူကြိယာ သဘောကို အမြင် အားဖြင့် စွဲပြီး ပေါ်ပေါက်လာတဲ့ သညာ အမှတ် အသား သာ ဖြစ်တယ်။ ဒီသညာအမှတ်ဟာလဲ မှတ်ကြောင်း ကြိယာ အမူအယာ ကြိယာ သဘောမျှသာ ဖြစ်တယ်။ ဒါဖြင့်ရင် ဒီသဘောတရားတို့ကို ပိုင်နိုင်စွာ မသိယင် ယောင်လည်လည်ဖြစ်နေအုံးမှာဘဲ။ ။

ဝလုံးရေးတဲ့ ကြိယာအမူအယာသဘောကရုပ်၊ မှတ်သားမှု အမူအယာကြိယာသဘောက နာမ်တရားဖြစ်တယ်။ ဒီမှာ ရုပ် နာမ်တစုံ ပေါ်လာတယ်။ အဲဒါကိုသာ သဘာဝမိအောင် စဉ်း စားကြည့်ပေတော့။ ရုပ်နာမ်ဆိုတဲ့ အရိပ်တော့ ထင်နေတယ်။ ဘာတွေ့ရသလဲ အထင်အရှား တွေ့နိုင်မြင်နိုင်တဲ့ ဒြပ်ဝတ္ထုဆိုရင်

ဘာမှ မရှိဘူး။ အဲဒီ မရှိတဲ့တရားဟာ မမြဲဘူး။ ဆင်းရဲတယ်။ ရုပ်တရားဖြစ်တဲ့ ပြုလုပ်မှု အမှုအယာ သဘောက မြဲသလား။ မမြဲဘူး။ အမှုအယာသဘောအားဖြင့် ဖေါက်ပြန်နေတယ် ဒါ ကြောင့် အနိစ္စလက္ခဏာဖြစ်တယ်။ နာမ်တရားဆိုတဲ့ မှတ်သားမှု သညာကတော့ မြဲရဲ့လား။ မမြဲဘူး။ အခြင်းအရာအားဖြင့် ဖောက်ပြန်တယ်။ ဒါကြောင့် အနိစ္စလက္ခဏာရှိတယ်။ ။

ဒါဖြင့် ရုပ်နာမ်ဆိုတဲ့ တရား အမှုအယာသဘောမှလွဲပြီး ဘာမှမရှိတဲ့တရား၊ ယင်းမရှိတရားက မမြဲဘူး။ ဆင်းရဲတယ် ဆိုတာဟာလဲ မမြဲလို့ ဆင်းရဲတယ်။ ဒါကြောင့် မမြဲဒါဟာလဲ မရှိတဲ့တရားက မမြဲဒါ။ ဆင်းရဲတယ် ဆိုတာဟာလဲ မရှိတဲ့ တရားက ဆင်းရဲနေဒါပါလား ဆိုတာကို ဉာဏ်ဖြစ်အောင် ရှုပေးရမယ်။ မရှိဒါကတော့ အနတ္တလက္ခဏာဖြစ်တယ်။ ကျန် ဝေဒနာသင်္ခါရ ဝိဉာဏ်တို့ဟာလဲ ဒီအတိုင်း အတူတူဘဲဆိုဒါကို ပုဒ်ပြတ်သာ မှတ်ကြတော့။ ။

တတ္ထ အနိစ္စန္တိ ခန္ဓာပဉ္စကံ၊ ကသ္မာ ဥပ္ပါဒဝယညထတ္တာ ဘာဝါ ဟုတွာ အဘာဝတောဝါ ဥပ္ပါဒဝယညထတ္တံ အနိစ္စလက္ခဏံ ဟုတွာ အဘာဝသင်္ခါတောဝါ အာကာရ ဝိကာရော။

တတ္ထ၊ ထိုပါဠိ၌၊ အနိစ္စန္တိ၊ အနိစ္စံ ဟူသည်ကား။ ခန္ဓာပဉ္စကံ ခန္ဓာငါးပါးတည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဥပ္ပါဒဝယညထတ္တာဘာဝါ၊ အဖြစ်အပျက်မှတပါး တခြားမရှိခြင်းကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဝါ၊ တနည်းကား။ ဟုတွာ ဖြစ်ပြီး၍။ အဘာဝတော၊ မရှိခြင်းကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။

ဥပါဒဝယညထတ္တံ၊ ဖြစ်ခြင်းပျက်ခြင်းမှ တပါးသောအဖြစ်သည်။ အနိစ္စလက္ခဏံ အနိစ္စလက္ခဏာမည်၏။ ဝါ၊ တနည်းကား ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝသင်္ခါတော၊ မရှိခြင်းဟု ဆိုအပ်သော။ အာကာရဝိကာရော၊ အခြင်းအရာ၏ ဖေါက်ပြန်ခြင်းသည်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာမည်၏။

ဒီဒေသနာ၌တော် အလိုအားဖြင့် အနိစ္စနှင့်လက္ခဏာသဘောတို့ကို ကွဲအောင်သိရမည်၊ ခန္ဓာငါးပါးဖြစ်ပျက်ပြီး ဘာမှမရှိတာက အနိစ္စ၊ အာကာရဝိကာရအခြင်းအရာအားဖြင့် ဖေါက်ပြန်တာက လက္ခဏာ။ ပေါင်းလိုက်တော့ အနိစ္စလက္ခဏာ ဖြစ်တယ်။ ဒါကြောင့် အခြင်းအရာအားဖြင့် ဖေါက်ပြန်နေသည်မှ တပါး အခြားဘာမှမရှိဘူး၊ မရှိတဲ့တရားက အနိစ္စလက္ခဏာ ပေါ်နေတာကို ဉာဏ်အမြင်ပေါက်ရမည်။

နောက်ပြီးတော့ ဒုက္ခလက္ခဏာ ဆိုတာကလဲ ဒီအတိုင်းဘဲ ဆင်းရဲတဲ့ခန္ဓာငါးပါးသဘောက ဒုက္ခ၊ ဆင်းရဲအောင် အခြင်းအရာအားဖြင့် အကြိမ်ကြိမ် ကပ်ပြီး နှိပ်စက်နေတဲ့ သဘောက လက္ခဏာ ပေါင်းလိုက်တော့ ဒုက္ခလက္ခဏာဖြစ်တယ်။ ယင်းဒုက္ခလက္ခဏာသဘောကိုပိုင်နိုင်စွာဉာဏ်အမြင်ရှိရမယ်။ဒါကြောင့်....

တဒေဝ ခန္ဓာပဉ္စကံ၊ ဒုက္ခံ၊ကသ္မာ၊ အဘိဏှသမ္ပဋိ ပီဠနတော၊ အဘိဏှသမ္ပဋိပီဠနာကာရော ဒုက္ခလက္ခဏံ။ (ဝိသုဒ္ဓိမဂ်)

တဒေဝခန္ဓာ ပဉ္စကံ၊ ထိုခန္ဓာငါးပါးသည်လျှင်။ ဒုက္ခံ၊ ဒုက္ခသာမည်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ အဘိဏှသမ္ပဋိပီဠနတော၊ အထပ်ထပ် နှိပ်စက်နေသောကြောင့်တည်း။ အဘိဏှ

သမ္ပဋိပီဠနာကာရော၊ မပြတ်မလပ် အထပ်ထပ်နှိပ်စက်တတ်သော အခြင်းအရာသည်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာမည်၏။

ဒါဖြင့် ရုပ်နာမ်ဖြစ်ပျက်၊ ဒီရုပ်နာမ်ဖြစ်ပျက်ဟာဘယ်အပေါ်မှာ အခြေစိုက်နေသလဲဆိုရင် ဒုက္ခသစ္စာတရားပေါ်မှာ အခြေစိုက်ပြီးဖြစ်ပြီး ပျက်နေတယ်။ ဒါကြောင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ နတ်သားတဦးက၊ ဘုရားရှင်ထံမှာ ဒီလိုလျှောက်ထားတယ်၊ ကိသ္မိံလောကော ပတိဋ္ဌိတော။ လောကော၊ ဖြစ်တတ်ပျက်တတ်သော ရုပ်နာမ်ဟူသော လောကသည်။ ကိသ္မိံ၊ အဘယ်အရာ၌။ ပတိဋ္ဌိတော၊ တည်နေပါသလဲ မြတ်စွာဘုရား။

ဒီတော့ မြတ်စွာဘုရားက။ ဒုက္ခေ လောကောပတိဋ္ဌိတော တိ။ လောကော၊ ဖြစ်တတ်ပျက်တတ်သော ရုပ်နာမ်ဟူသော လောကသည်။ ဒုက္ခေ၊ ဒုက္ခသစ္စာတရား၌။ ပတိဋ္ဌိတော တိ၊ တည်၏ဟူ၍ မှတ်ရမည်လို့ ဟောတော်မူတယ်။

ဒါဖြင့် ဒီဒုက္ခသစ္စာတရားဟာ ဘယ်သဘောကြောင့်ဖြစ်ရသလဲဆိုတော့ ပြုပြင်မှုသင်္ခါရ မကင်းလို့ဖြစ်ရတယ်လို့ ဟောတော်မူတယ်။

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ သင်္ခါရပစ္စယာ။ ယံကိဉ္စိ၊ တစုံတခုသော။ ဒုက္ခံ၊ ဒုက္ခသစ္စာတရားသည်။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ သဗ္ဗံ၊ အလုံးစုံသော ဒုက္ခသစ္စာတရားသည်။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။ လို့ ဟောတော်မူတယ်။ သို့သော် ဒီဒုက္ခသစ္စာ ဖြစ်ပေါ်ရပုံကို ဘုရားရှင်ဟာ ဒေသနာနည်းအမျိုးမျိုးဖြင့် သူ့နေရာနှင့်သူ ဟောတော်မူတယ်ဆိုတာ သတိထားရမယ်။

ဒါဖြင့် ဒီသင်္ခါရတရားဟာ ဘာဖြစ်လို့ဖြစ်ရသလဲလို့ တဆင့်တိုးပြီး စဉ်းစားတဲ့အခါ အဝိဇ္ဇာကြောင့်ဆိုတဲ့ အဖြေပေါ်ထွက်လာတယ်။ ဒါကြောင့် အဂုတ္တိုရ်ပါဠိ၊ တိကနိပါတ်မှာ၊ ကတမဥ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ဘိက္ခဝေ၊ ရဟန်းတို့။ အရိယသစ္စာ၊ အရိယသစ္စာတရား ဖြစ်သော။ ဒုက္ခသမုဒယံ၊ ဒုက္ခဖြစ်ကြောင်းသည်။ ကတမဥ္စ၊ အဘယ်နည်း။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံစသည်ဖြင့် ဟောတော်မူတယ်။ ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်နေရတယ်။ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော အဝိဇ္ဇာချုပ်မှ သင်္ခါရချုပ်မယ်။ ဒါကြောင့် အဝိဇ္ဇာမှာအဓိကို ဖြုတ်ပစ်ရမယ်။ အဓိပြုတ်သွားဖို့အရေးကြီးတယ်။ အဓိပြုတ်သွားမှ ဝိဇ္ဇာဥဒပါဒိ ဖြစ်မယ်၊ ဘယ်နည်းနှင့်ပြုတ်မလဲ။

ပညာမဂ္ဂင်၊ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်သုံးပါးတို့အနက် ပညာမဂ္ဂင်နှင့် ဖြုတ်ရလိမ့်မည်၊ သီလမဂ္ဂင် သမာဓိမဂ္ဂင်နှင့် ဖြုတ်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပရမတ္ထသစ္စာတရား ဖြစ်နေတဲ့ အတွက်ဖြစ်တယ်၊ ဒါကြောင့် ပရမတ္ထသစ္စာနယ်မှာ ပညာဦးစီးနိုင်မှ အဝိဇ္ဇာမှာ အဓိပြုတ်နိုင်မည်ဖြစ်သည့်အတွက်၊ မဂ္ဂင်ရှစ်ပါးထဲက ပညာမဂ္ဂင်ကို အစအဦးထားပြီး ဟောတော်မူခြင်းဖြစ်တယ်။

ဥပမာ၊ လူသည်သွားသည်ဆိုကြပါစို့။ လူက ကတ္တား သွားဒါက ကြိယာဖြစ်တယ်၊ ကြိယာဆိုဒါ လှုပ်ရှားမှု အမူအရာသဘောမျှသာဖြစ်တယ်၊ ယင်းလှုပ်ရှားမှု အမူအရာသဘောကို သွားတယ်လို့ သိတဲ့သဘောကလဲ သိမှုကြိယာသဘောဘဲရှိတယ် ဒါကြောင့် သွားခြင်းကြိယာကရုပ်၊ သိတဲ့ကြိယာက နာမ်ဖြစ်

တယ်၊ ပေါင်းလိုက်တော့ ရုပ်နာမ်ဖြစ်လာတယ်၊ ယောကျ်ား မိန်းမဆိုတဲ့သဏ္ဍာန် ဒြပ်ရှိရဲ့လား၊ မရှိဘူး။ အဲဒါကို ပရမတ္ထ သစ္စာတရားလို့ခေါ်တယ်။ အာရုံအားဖြင့် ဝိပဿနာအာရုံဖြစ် တယ်။

ထို့အတူပါဘဲ သမထအလုပ်မှာ တွန်း ထိ ချုပ် သဘော ဟာလဲ ကြိယာလုပ်ရှားမှု အမူအရာ သဘောဘဲ မဟုတ်သလား၊ ယောကျ်ားမိန်းမဆိုတဲ့ အဆောင်အယောင် သဘောတွေ ပါရဲ့ လား၊ ပါလဲမပါဘူး။ ရှိလဲမရှိဘူး။ ဒါဖြင့် တွန်း ထိ ချုပ်ဆို တဲ့သဘောကို တွန်းရင်တွန်းတယ်၊ ထိရင်ထိတယ်၊ ချုပ်ရင်ချုပ် တယ်လို့ သိတဲ့ သဘောကကော သိမှုကြိယာအမူအရာ သဘော ဘဲမဟုတ်လား၊ သူကကော ယောကျ်ားမိန်းမ ဟုတ်ရဲ့လား၊ မဟုတ်ဘူး။

တွန်း ထိ ချုပ် သဘောက ရုပ်တရား၊ သိတဲ့သဘောကနာမ် တရား၊ ပေါင်းလိုက်တော့ ရုပ်နာမ်ဖြစ်လာတယ်။ ဒီရုပ်နာမ်ဆိုတဲ့ သဘောက မမြဲတဲ့တရားဖြစ်တယ်။ ပျက်တတ်တဲ့ တရားဖြစ် တယ်။ ဒါကြောင့် အနိစ္စလက္ခဏာရှိတယ်။ ဖြစ်ပြီး ပျက်တဲ့ သဘောကြောင့် ဒုက္ခလက္ခဏာ ရှိတယ်။ ရုပ်နာမ် တရားလို့ အခေါ်သာရှိ၍ အရည်အဖတ် ရှာမတွေ့ မရှိတာ အနတ္တလက္ခဏာ ဖြစ်တယ်။ ဒါကြောင့် န အတ္တာ အနတ္တာ။ အတ္တာ၊ အတ္တသည်။ ဝါ၊ ကိုယ်သည်။ အတုံး အတစ်သည်။ န၊ မဟုတ်။ ဣတိ၊ ထို့ကြောင့်။ အနတ္တာ၊ အနတ္တမည်၏၊ နတ္ထိ တေသံ အတ္တာ ဝါ အနတ္တာ။ ဝါ၊ တနည်းကား။ တေသံ၊ ဤရုပ်နာမ်နှစ်ပါး၌။ အတ္တာ၊ အတ္တ

သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနတ္တာ၊၏။ အနတ္တ ရုပ်နာမ်နှစ်ပါးမှာ အတ္တမရှိပါဘူး။ ရုပ်နာမ်နှစ်ပါးမှာ အတ္တ မရှိရင် ဘာရှိသလဲဆိုတော့ အနတ္တလက္ခဏာ တရားသာ ရှိတယ်။

ဒါဖြင့်ရုပ်နာမ်ဆိုတဲ့သဘောဟာအနိစ္စလက္ခဏာ၊ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဆိုတဲ့ တရားသုံးပါးတိုင်း မရှိတရား၊ အနတ္တ လက္ခဏာမှာလမ်းဆုံနေတယ်။ ဘာဖြစ်လို့ ဆိုတော့အခြင်းအရာ အားဖြင့်ဖောက်ပြန်နေတဲ့မမြဲတဲ့ အနိစ္စလက္ခဏာသဘောကိုသစ္စာ ဖွဲ့လျှင် အနိစ္စလက္ခဏာ ဒုက္ခသစ္စာဖြစ်တယ်။ အခြင်းအရာအား ဖြင့် မပြတ်နှိပ်စက်တတ်သောကြောင့် ဆင်းရဲခြင်း ဒုက္ခလက္ခဏာ ကို သစ္စာဖွဲ့လျှင် ဒုက္ခလက္ခဏာ ဒုက္ခသစ္စာပင် ဖြစ်တယ်။ ဒါ ဖြင့် ဒီလက္ခဏာနှစ်ပါးတို့ဟာ ဒုက္ခသစ္စာမှာ လမ်းဆုံနေတယ်၊ အဲဒီဒုက္ခသစ္စာတရားကို တဖန် သစ္စာဖွဲ့မည်ဆိုရင် ဒုက္ခသစ္စာ အနတ္တလက္ခဏာဖြစ်တယ်။ တဖန် အနတ္တလက္ခဏာကို သစ္စာဖွဲ့ ပြန်လျှင် အနတ္တလက္ခဏာ နိရောဓသစ္စာ ဖြစ်တယ်။ ရှင်းရဲ့ လား....

ဘာဖြစ်လို့ နိရောဓ သစ္စာဖွဲ့ရသလဲဆိုရင်၊ နိသဒ္ဒါက ကင်း လွတ်တဲ့ အနက်ရှိတယ်။ ရောဓသဒ္ဒါက နှောင်ဖွဲ့တဲ့ အနက်ရှိ တယ်။ ဒါကြောင့် အနှောင် အဖွဲ့တို့မှ ကင်းလွတ်နေတဲ့ အတွက် နိရောဓ သစ္စာဖွဲ့ရတယ်။ ဘယ်လို အနှောင်အဖွဲ့တရား တို့မှ ကင်းလွတ်သလဲဆိုရင်။ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူသော အနှောင်အဖွဲ့၊ အတ္တဇီဝ ဟူသော အနှောင်အဖွဲ့ ၊ အဖြူအနီအကြောင် အကြား ဟူသော အနှောင် အဖွဲ့တို့မှ ကင်းလွတ်နေခြင်းကြောင့်ဖြစ်တယ်။

## သစ္စာလေးပါး

တရားမှန်ရင် သစ္စာလေးပါးမှ မလွတ်ဘူး။ လွတ်တဲ့တရား ရယ်လို့လဲ မရှိဘူး။ ဒါကြောင့် ဘယ်တရားဘဲဖြစ်ဖြစ် သစ္စာလေးပါး အကျက်ဝင်တဲ့ တရားဘဲလို့မှတ်။ ကုသိုလ်မှာလဲ သစ္စာလေးပါးရှိတယ်။ အကုသိုလ်မှာလဲ သစ္စာလေပါးရှိတယ်၊ သမထမှာလဲ သစ္စာလေးပါး ရှိတယ်။ ဝိပဿနာမှာလဲ သစ္စာလေးပါးရှိတယ်။ ။

ဒါကြောင့် စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။ ။

စတုသစ္စ၊ သစ္စာလေးပါးမှ။ ဝိနိမုတ္တော၊ လွတ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိတဲ့။ ဒီလို ဘုရားရှင် ဟောတော်မူတယ်။ ဒါကြောင့် သမထ အလုပ်မှာလဲ သစ္စာလေးပါး ရှိနေကြောင်း ထင်ရှားနေတယ်။ သို့သော် ဤသစ္စာလေးပါးကို သမထပညာနှင့် မသိနိုင်။ ဝိပဿနာ ပညာနှင့်သာ သိနိုင် မြင်နိုင်သော တရားဖြစ်တယ်။ ဒါကြောင့် တွန်း ထိ ချုပ်ဆိုတဲ့ သမထအလုပ်မှာ တွန်းရင် တွန်းတဲ့ နေရာသို့ အာရုံညွှတ်ကိုင်းမှု ပေါ်လာတယ်၊ ထိပြန်လျှင်လဲ ထိတဲ့နေရာသို့ အာရုံညွှတ်ကိုင်းမှု ပေါ်လာတယ်။ ချုပ်သွားပြန်လျှင်လဲ ချုပ်သွားတဲ့နေရာသို့ အာရုံညွှတ်ကိုင်းမှုပေါ်လာတယ်။ ဒီပေါ်လာတဲ့ အာရုံညွှတ်ကိုင်းမှုဟာ သမုဒယသစ္စာဖြစ်ဘယ်။

တွန်းရင် တွန်းတယ်၊ ထိရင်ထိတယ်၊ ချုပ်သွားရင် ချုပ်သွားတယ်လို့မှတ်ပြီး နေတဲ့ သညာအမှတ်က ဒုက္ခသစ္စာဖြစ်တယ်။ ယင်း ဒုက္ခသစ္စာဆိုသော တရားဟာလဲ အတ္တဇီဝစတဲ့ အနှောင်အဖွဲ့တရားမှ လွတ်ကင်းနေတဲ့ အနတ္တလက္ခဏာပါလား

လို့ သိတဲ့ အချိန်မှာ သမုဒယသစ္စာချုပ်ငြိမ်းနေပြီး နိရောဓ သစ္စာဖြစ်တယ်။ ဒီလိုတကယ် ယထာဘူတဉာဏ် ဆိုက်အောင် သိမြင်နိုင်ခြင်းကိုအရိယသစ္စာသိလို့ခေါ်တယ်။ သို့သော် လောကီ သစ္စာဖြစ်တဲ့ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာနှစ်ပါးတို့အနက်၊ ဒုက္ခ သစ္စာကို သိတ်လန့်မှုသံဝေဂဉာဏ် ငြီးငွေ့မှု နိဗ္ဗိန္ဒဉာဏ် ဖြစ် အောင် သိရမယ်။

ဒါမှလဲ နိဗ္ဗိန္ဒ ဝိရဇ္ဇတိဆိုတဲ့ ပါဠိတော်စကားနှင့်ကိုက်ညီမှာ ဖြစ်တယ်။ နိဗ္ဗိန္ဒံ၊ ဒုက္ခသစ္စာတရား၌ ငြီးငွေ့သည် ရှိသော်။ ဝိရဇ္ဇတိ၊ စွဲမက်မှုဆိုတဲ့ သမုဒယသစ္စာ ကင်းနိုင်မည်ဖြစ်၏။ ဒါ ကြောင့် သာမန်အသိမျိုး လောက်နှင့်တော့ သမုဒယသစ္စာကို မပယ်နိုင်ဘူး၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားဟာ ဥယျာဉ်သို့ထွက်တော်မူရာမှာ၊ သူအို၊ သူနာ၊ သူသေဆိုတဲ့နိမိတ် တို့ကိုမြင်တော်မူခဲ့၊ တကယ်ထိတ်လန့်မှု သံဝေဂဉာဏ်နှင့် တကယ် ငြီးငွေ့မှု နိဗ္ဗိန္ဒဉာဏ်ဖြစ်ကာ သမုဒယသစ္စာဖြစ်တဲ့ မင်း စည်းစိမ်ကိုစွန့်လွှတ်နိုင်တာကိုသာဓကပြုပါ။ ဒါကြောင့်ဝိရာဂါ ဝိမုစ္စတိ၊ ဝိရာဂါ၊ တပ်မက်မှုရာဂ ကင်းခြင်းကြောင့်၊ ဝိမုစ္စတိ၊ ကိလေသာမှ လွှတ်မြောက်၏။ လို့ ဟောတော်မူတယ်။

ဒီအခါမှာ ကိလေသာမှ လွှတ်လပ်ပြီဆိုတဲ့ ဉာဏ်ပေါ်လာ တယ်။ ဒါကြောင့် ဝိမုတ္တသ္မိံ၊ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ ဝိမုတ္တသ္မိံ၊ ကိလေသာမှ လွှတ်မြောက်သော်။ ဝိမုတ္တမိတိ၊ ကိလေ သာမှ လွှတ်မြောက်ပြီဟု။ ဉာဏံ၊ သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ လို့ ဟောတော်မူတယ်။

ကိုလေသာမှလွတ်ရင် ကမ္မဘဝပစ္စယာ ဇာတိဆိုတဲ့ ကုသိုလ် အကုသိုလ်ဟူသော အကြောင်း သမုဒယသစ္စာကြောင့် ဖြစ်တဲ့ ဇာတိပဋိသန္ဓေနေရခြင်းအကျိုး ဇာတိဒုက္ခမရှိတော့ဘူး။ ဘဝ နိရောဓာ ဇာတိနိရောဓောလို့ မှတ်ပါ။ ဒါကြောင့် ခီဏာဇာတိ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ခီဏာ၊ကုန်ပြီ။ လို့ဟောတော် မူတယ်။

ဒီပဋိသန္ဓေနေရခြင်း ကိစ္စမရှိခြင်းသည်ပင် မြတ်သောအကျင့် ကိုကျင့်ခြင်း ပြုဘွယ်ကိစ္စကိုပြုခြင်းဆိုတဲ့ ကိစ္စများ ပြီးပြီဆိုတဲ့ သဘောများရှိနေတယ်။ ဒါကြောင့် ဝုသိတံ ဗြဟ္မာစရိယံ၊ကတံ ကရဏီယံ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို ဝုသိတံ၊ ကျင့်အပ် ပြီ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို၊ ကတံ၊ ပြုအပ်ပြီ။ နောက်မှက် ကိစ္စအကျိုးအလို့ငှါ ပြုလုပ်ကျင့်ကြံ အားထုတ်စရာမရှိတော့ဘူး လို့လဲ ပညာသိ သိတယ်။ ဒါကြောင့် နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ဣတ္ထတ္တ ၊ ဤမဂ်ကိစ္စအလို့ငှါ။ အပရံ၊ တပါး သောပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ပဇာ နာတိ၊ အပြားအားဖြင့်သိ၏။

ဤကဲ့သို့ အရိယာသစ္စာတရားတို့ကို ဟုတ်တိုင်းမှန်စွာယထာ ဘူတဉာဏ်ဖြင့် သိလိုက်တော့ အမှားကိုအမှန်လုပ်ပြီး သိထား တဲ့ အဝိဇ္ဇာမှာ အပြုတ်သွားတယ်။ ဒါကြောင့် ဝိဇ္ဇာဉာဏ် အလင်းရောက်လာတယ်။ စက္ခုံဥဒပါဒိ-ပညာဉာဏ် မျက်စိပေါ် လာတယ်။ ဉာဏံ ဥဒပါဒိ-ဉာဏ်အမြင်ရှင်း ဉာဏ်အမြင် လင်း သွားတယ်။ အာလောကော ဥဒပါဒိ၊ ဉာဏ်အလင်းရောင်လော

ကကြီး ပေါ်ထွက်လာတာပါဘဲ။ ဒီအသိဉာဏ်တွေနှင့် ပြည့်စုံလာတဲ့အတွက် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တွေနှင့်လဲ ပြည့်စုံသွားတယ်။

နောက်ပြီးတော့ ကောင်းစွာကျင့်တတ် ကြံတတ်တဲ့ သုပ္ပဋိပန္နဂုဏ်၊ ဖြောင့်မတ်စွာ ကျင့်တတ်တဲ့ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာဏ်အမြင် မဖောက်မပြန်အောင် ကျင့်တတ်ခြင်းဆိုတဲ့ သာမိစိပ္ပဋိပန္နဂုဏ်ဆိုတဲ့ ဂုဏ်တို့နှင့်လဲ ပြည့်စုံနေတယ်။ ဒီလိုဂုဏ်တွေနှင့် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ လောကမှာ အနေလဲမြတ် အသေလဲမြတ်တဲ့ ပုဂ္ဂိုလ်မျိုးဘဲဆိုတာကို ပုဒ်ပြတ်သာ မှတ်ပေတော့။

## သတိပဋ္ဌာန်တရားလေးပါး

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်။
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်။
(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်။
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်။ လို့သတိပဋ္ဌာန်တရားလေးပါးရှိတယ်။

ဒီသတိပဋ္ဌာန်လေးပါးကို အားထုတ်ရမှာသူ့အမည်အလိုက်တခုစီတခုစီ အားထုတ်မှ ဖြစ်နိုင်တယ်။ တပေါင်းတည်းအားထုတ်လို့ မဖြစ်နိုင်စသည်ဖြင့် ယူဆကြသူများလဲ ရှိတယ်။ ဒါကြောင့်လဲ ငါက ကာယာနုပဿနာ သတိပဋ္ဌာန် အားထုတ်တယ်၊ သူက ဝေဒနာနုပဿနာသတိပဋ္ဌာန်အားထုတ်တယ် စသည်ဖြင့် ပြောဆိုတတ်ကြတယ်။ မှန်ပါတယ်၊ သတိပဋ္ဌာန် တရားကို အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ မိမိအားထုတ်တဲ့ အမည်အလိုက်

ပြောဆိုကြခြင်းသာဖြစ်တယ်။ အမှန်တော့ သတိပဋ္ဌာန်လေးပါးတို့အနက် ကြိုက်ရာ တပါးပါးကို အားထုတ်ခြင်းအားဖြင့် လေးပါးစလုံးနှင့် ဖြည့်စုံနိုင်ပါတယ်။ လေးပါးစလုံးကို အားထုတ်သလိုဘဲ။

ဒေသနာနည်းဆိုတာဟာ ဒီလို အမည်နာမပေးပြီး တခုစီ ဟောရတဲ့ နည်းဖြစ်တယ်။ ဒီလို အမည်ပေးပြီး မဟောဘူး ဆိုရင် တရားအားထုတ်တဲ့ နေရာမှာ သဘာဝနည်းကို ပိုင်နိုင်စွာ သိမြင်သဘောပေါက်ဘို့ရန် အလွန် ခဲယဉ်းတယ်။ အဲသလို သူ့ အမည်နှင့်သူ တခုစီ ဟောထားလို့သာ သဘာဝနည်းကို လွယ်လွယ်ကူကူနှင့် သဘောပေါက် နားလည်နိုင်ကြခြင်းဖြစ်တယ်။

## ကာယနုပဿနာ သတိပဋ္ဌာန်

ကာယနုပဿနာ သတိပဋ္ဌာန်ဆိုတာက ကရဇကာယ၊ နာမကာယ၊ ရူပကာယ၊ ဥတုဇကာယရယ်လို့ လေးမျိုးရှိတယ်။ ဒီလေးမျိုးတို့အနက် ထွက်သဘော ဝင်သဘောကို တွန်း ထိချုပ်လို့ သတိထားပြီး လိုက်မှတ်နေတဲ့ သဘောက ကရဇကာယလို့ခေါ်တယ်။

ရူပကာယဆိုတာက စိတ်အာရုံမှာ ကျရောက်ဖြစ်ပေါ်လာတဲ့ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဟာ စိတ်အာရုံ ပေါက်ပြန်တိုင်း လိုက်ပြီး ပေါက်ပြန်နေတဲ့ ပုံအမျိုးမျိုးကို ရူပကာယလို့ခေါ်တယ်။ လက်ပို့ရထားတဲ့ ခန္ဓာဟာလဲ ရူပကာယပင် ဖြစ်တယ်။

နာမကာယဆိုတာကတော့ မြင်ကြားနံစား တွေ့ ယုံကြည် သိ အမျိုးမျိုးမှာစိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ ပုံရိပ်တို့ကို ခံစား

မှုသဘော မှတ်သားမှုသဘော မြင်သိသဘော ကြံသိသဘော တို့ဖြစ်တယ်။

ဥတုဇကာယဆိုတာ သုံးဆယ့်နှစ် ကောဋ္ဌာသ အပေါင်း အစု ဖြစ်တယ်။ ၎င်း အပေါင်းအစုဖြစ်တဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို ပုတိကာယလို့ခေါ်တယ်။ ဒီကာယ လေးမျိုးတို့ကို ဉာဏ်ပရိညာ ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းကို ကာယာနုပဿနာသတိပဋ္ဌာန်ဉာဏ်ခေါ်တယ်။

## စိတ္တာနုပဿနာသတိပဋ္ဌာန်

စိတ္တာနုပဿနာ သတိပဋ္ဌာန် ဆိုတာကတော့ မြင်ခိုက် ကြားခိုက် စသည်တို့မှာ စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ ခန္ဓာ အာယတနဓာတ် ရုပ်နာမ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ခြင်း ဖြစ်တယ်။ ဒီလိုသိမြင်နိုင်တဲ့ ဉာဏ်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဉာဏ်လို့ခေါ်တယ်။

## ဝေဒနာနုပဿနာ သတိပဋ္ဌာန်

အတွင်းကမ္မဇ အကြည်ရုပ်နှင့် အပြင် ဗဟိဒ္ဓရုပ်ရိပ်တို့ တိုက်တဲ့အခါ စိတ်အာရုံမှာ ခံစားမှုတရားတွေ ပေါ်လာတယ်။ နှစ်သက်စွာ ချမ်းသာ ခံစားရမှုဆိုတဲ့ သုခဝေဒနာ ဆင်းရဲစွာ ခံစားရမှုဆိုတဲ့ ဒုက္ခဝေဒနာ။ အကြောင်းအကျိုး မသိဘဲလျစ်လျူရှု ခံစားမှုသဘောက ဥပေက္ခာ ဝေဒနာ။ မြင်သာအောင် ပြောရမည်ဆိုလျှင် စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ စိတ်ဆိုး

စိတ်ညစ် ဝမ်းသာ ဝမ်းနည်းမှု သဘောတို့ကို ခံစားခြင်းဖြစ်တယ်။ ဒီလို ခံစားမှုသဘောတို့ကို ပိုင်နိုင်စွာ သိသောဉာဏ်ကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဉာဏ်လို့ ခေါ်တယ်။

## ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုသည်မှာ မြင်ဆဲခဏ၊ ကြားဆဲခဏ၊ နံဆဲခဏ၊ စားဆဲခဏ စသည်တို့မှာ ခန္ဓာ အာယတန ဓာတ် ရုပ်ပရမတ် နာမ်ပရမတ်တရားတို့ကို စိတ်အာရုံမှာထင်လာစေတယ်။ ဤသည်ကားခန္ဓာ၊ ဤသည်ကား အာယတန၊ ဤသည်ကားဓာတ်၊ ဤသည်ကား ရုပ်နာမ်ပရမတ်တရားတို့ဖြစ်တယ်၊ ဤကား အနိစ္စ ဒုက္ခ အနတ္တတရားတို့ဖြစ်တယ်၊ ဤကား ရုပ်နာမ်တို့၏ ခဏိကအနိစ္စ၊ ဤသည်ကား သမုဒယသန္တတိ အနိစ္စ၊ ဤသည်ကား စိတ္တဇရုပ် ကရဇကာယ သဥ္ဇာတအနိစ္စ၊ စသည်ဖြင့် ရှုမှတ်ခြင်းသဘောဖြစ်တယ်။ ဤသဘောတရားတို့ကို အသိဉာဏ် အမြင်သဘောပေါက်အောင် သိခြင်းကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဉာဏ်လို့ ခေါ်တယ်။

ဗီကာယနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဓမ္မာနုပဿနသတိပဋ္ဌာန် လေးပါးလုံးဟာ ကရဇကာယ၊နာမကာယ၊ ရူပကာယ၊ဥတုဇကာယ၊ ဆိုတဲ့ ကာယလေးပါးတို့ကလဲ တခုနှင့်တခု ဆက်စပ်လျက်ရှိနေကြတယ်။

ဒါကြောင့် ကာယလေးပါးထဲက တပါးပါးကို အားထုတ်တဲ့အခါမှာ ကျန်ကာယ သုံးပါးနှင့်တကွ သတိပဋ္ဌာန်တရား

လေးပါးလုံး ပါဝင်နေတယ်။ သတိပဋ္ဌာန် လေးပါးထဲက တပါးပါးကို အားထုတ်တဲ့အခါမှာလဲ ကျန် သုံးပါးနှင့်တကွ ကာယလေးပါလုံးလဲ ပါဝင်နေတယ်။ ဒါကြောင့် သတိပဋ္ဌာန် လေးပါးထဲက ကြိုက်ရာတရားကို အားထုတ်ခြင်းဖြင့် အားလုံး ကိစ္စပြီးနိုင်တယ်။

နောက်က ဖော်ပြခဲ့ပြီးဖြစ်တဲ့ သတိပဋ္ဌာန်လေးပါးနှင့် ကာယလေးမျိုးတို့ ဆက်စပ်နေပုံ သဘောတို့ကို သမထ လုပ်ငန်း ဝိပဿနာလုပ်ငန်းပေါ်မှာ မှီပြီး ပိုမို သဘောပေါက်အောင် ရှင်းလင်းပြပါဦးမည်။

ဉပမာ ယောဂီပုဂ္ဂိုလ် တယောက်ဟာ၊ သမထအလုပ်မှာ တွန်း ထိ ချုပ် ဆိုတဲ့ သဘောကို နှာခေါင်းမှ တွန်းထွက်လာတဲ့လေကို သတိထားပြီး မှတ်နေတယ် ဆိုကြပါစို့။ ဒီလို ထွက်သဘော ဝင်သဘောဖြစ်တဲ့ ရုပ်ကို စိတ္တဇရုပ် ကရဇကာယလို့ ခေါ်တယ်။ ဒီကရဇကာယဟာ ဥတုဇကာယကို အမှီပြုနေရတဲ့ တရားဖြစ်တဲ့အတွက် ဥတုဇကာယဟာ အလိုအလျောက် ပါဝင်ပြီးသားဖြစ်တယ်။ တွန်းရင်တွန်းတယ်လို့ သိတဲ့ သဘော၊ ထိရင်လဲ ထိတယ်လို့ သိတဲ့သဘော၊ ချုပ်သွားရင်လဲ ချုပ်သွားတယ်လို့ သိတဲ့ သဘောတို့က စိတ္တာနုပဿနာ နာမကာယ ဖြစ်တယ်။ တွန်း ထိ ချုပ်လို့ သတိထားရှုမှတ်နေရာမှာ စိတ်အာရုံခံစားမှုဟာ ဝေဒနာနုပဿနာ ဖြစ်တယ်။ ဒီတွန်း ထိ ချုပ် ဆိုတဲ့ သဘောက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်။ ယင်း သဘောတရား အားလုံးကိုပင် ကာယာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်။

တနည်းရှင်းပြပါဦးမည်။ ဂစ္ဆာမီတိစိတ္တံဥပ္ပဇ္ဇတိ၊ တံဝါယံ ဇနေတိ။ ဂစ္ဆာမီတိ၊ သွားအံ့ဟူ၍။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇာတိ၊ ဖြစ်၏။ တံ၊ ထိုသွားလိုသော စိတ်သည်။ ဝါယံ၊ လှုပ်ရှားတွန်းကန်မှုဆိုတဲ့ ဝါယောဓာတ်ကို။ ဇနေတိ၊ ဖြစ်ပေါ်လာစေ၏။ သွားလိုတဲ့စိတ် အာရုံမှာ ဖြစ်ပေါ်လာတယ်။ ဒီသွားလိုတဲ့ စိတ်က ဝါယောဓာတ်ကို ဖြစ်ပေါ်လာစေတယ်။ ထိုဖြစ်ပေါ်လာသော ဝါယောဓာတ်သည် ဒီ ဥတုဇ ရုပ်ခန္ဓာကြီးကို တနေရာမှ တနေရာသို့ ဆောင်ယူသွားတယ်။ ဒါကိုပင်လျှင် ယောကျ်ားသွားသည်၊ မိန်းမသွားသည်၊ ပုဂ္ဂိုလ် သတ္တဝါသွားသည်လို့ အယူရှိနေကြတယ်။ ဒီသဘောတရားကို သေသေချာချာ လေ့လာသုံးသပ် ကြည့်တယ်ဆိုရင်၊ သွားလိုတဲ့ စိတ်က နာမကာယ၊ လှုပ်ရှားသွားလာတာက ရူပကာယ၊ တနေရာမှ တနေရာသို့ ရွေ့နေဒါက ဥတုဇကာယ၊ ပုတိကာယ၊ ရူပကာယ။ ရူပကာယ ဟာ ကရဇကာယနှင့် သဘောချင်း တူတယ်။ သွားတယ်လို့ရှုနေတဲ့ စိတ်က စိတ္တာနုပဿနာ၊ ဒီလိုရှုမှတ်နေမှုမှာ စိတ်အာရုံ ခံစားနေမှုဟာ ဝေဒနာနုပဿနာ။ ဒါက ရူပကာယ၊ ဒါက နာမကာယ စတဲ့ သဘောတရားများက ဓမ္မာနုပဿနာ။ ဒီသဘောတရားအားလုံး ပေါင်းပြီး ကာယနုပဿနာ သတိပဋ္ဌာန်ဉာဏ်လို့ ခေါ်တယ်။

နောက်ထပ် တနည်းကတော့ မျက်စိနဲ့ အဆင်းတခု ခုကို မြင်တယ် ဆိုပါတော့၊ အမှန်ဆိုတော့ မြင်တယ် ဆိုတဲ့ သဘောဟာ ကမ္မဇရုပ်ရိုပ်၊ မျက်စိအကြည်မှာ ဥတုဇ ရုပ်ရိုပ် လာထင်တဲ့သဘောဖြစ်တယ်။ အဲဒီ အရိပ်နှစ်ပါးကို တိုက်လိုက်

တော့ စက္ခုဝိညာဏ်ဆိုတဲ့ စိတ်ရုပ်ထင်လာတယ်။ ဒါကြောင့် အရိပ်သုံးပါး ပြိုင်ပြီး ပေါ်လာတယ်။ တနည်း စက္ခုဓာတ်၊ ဝိညာဏ်ဓာတ်၊ အဆင်းဓာတ်ဆိုတဲ့ ဓာတ်သုံးလုံး ပြိုင်ပြီးပေါ်လာတယ်။

တနည်းပြောရရင် ရူပကာယနှင့် နာမကာယ နှစ်ပါးပေါ်လာတယ်။ မျက်စိပသာဒ အကြည်ရုပ်နှင့် အဆင်းရိပ်က ရူပကာယ။ ဝိညာဏ်ဓာတ်က နာမကာယဖြစ်တယ်။ ဒီရူပကာယနှင့် နာမကာယတို့ကို မှီပြီး ဖြစ်ပေါ်လာတဲ့ ဒီခန္ဓာကြီးက ဥတုဇ ယာယဖြစ်တယ်။ ဥတုဇကာယထဲမှာ ကရဇကာယအလိုလို ပါဝင်နေပြီးသား ဖြစ်တယ်။

မြင်ခဏ္ဍ ဖြစ်ပေါ်လာတဲ့သဘောတရား အားလုံးဟာ ငါ သူတပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ဆိုဒါမပါမရှိပါလား။ အတိတ်ကမ္မဇရုပ်အကြည်ရိပ်၊ ဥတုဇအဆင်းရိပ်၊ စိတ္တဇ ရုပ်တို့ ပြိုင်ပြီးဖြစ်ပေါ်လာတဲ့ ရုပ်တရား နာမ်တရားတို့ပါလား (သို့မဟုတ်)မျက်စိ အကြည်ဓာတ်၊ အဆင်းဓာတ်၊ ဝိညာဏ် ဓာတ်ဆိုတဲ့ ဓာတ်သုံးလုံးပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် တရားတို့ပါလားလို့ ရှုမှတ် နေတဲ့ သဘောက စိတ္တာနုပဿနာ သတိပဋ္ဌာန်ဉာဏ်လို့ခေါ်တယ်။ ဒီလို ရှုမှတ်နေရာမှာ စိတ်အာ ရုံမှာ ခံစားနေမှုသည် ဝေဒနာဖြစ်တယ်၊ ယင်းခံစားမှုသဘော ဟာ၊ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ဖြစ်ပြီးလျှင်ပျက်တတ်တဲ့ သဘောပါလား၊ ဖြစ်ပျက်မှု မကောင်းလို့ ဆင်းရဲရတဲ့သဘောပါလား။ ဆင်းရဲမှု ဆိုတာဟာလဲ အတ္တဇီဝ မဟုတ်တဲ့ အနတ္တလက္ခဏာတရားပါလားလို့ ဆင်ခြင် ပွားများ

နုလုံးသွင်းခြင်း၌ စိတ်အာရုံခံစားနေမှုသည် ဝေဒနာနုပဿနာ ဉာဏ် ဖြစ်တယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဉာဏ် ဖြစ်ပုံကတော့ ရူပကာယ နာမကာယ ဆိုတဲ့ ရုပ်နာမ် နှစ်ပါးတို့ကို၊ မမြဲခြင်း အနိစ္စလက္ခဏာသဘော၊ ဆင်းရဲခြင်း ဒုက္ခလက္ခဏာသဘော၊ အလိုသို့မလိုက်၊ အစိုးမရ အနတ္တလက္ခဏာသဘောတို့ပါလားလို့ ရှုမှတ်ပွားများခြင်းဖြစ်တယ်။ ဒီတရားအားလုံးကို ခြုံပြီး ကြည့်ရင် ကာယနုပဿနာသတိပဋ္ဌာန်တရားတွင် အားလုံး အကျုံးဝင်နေတယ်။ ဒီလို ရှုပွားနေတဲ့ ပုဂ္ဂိုလ်မှာ မဂ္ဂင်ရှစ်ပါး၊ သမ္ဗောဓိတရား လေးပါး၊ ဗြဟ္မစိုရ်တရား လေးပါး၊ ဝိသုဒ္ဓိတရား ခုနစ်ပါးတို့နှင့်လဲ ပြည့်စုံနေတယ်။

## မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံပုံ

သမ္မာဒိဋ္ဌိမဂ္ဂင်။ ။ဤကား ရုပ် ဤကား နာမ် ဤကား ရုပ်နာမ်တို့ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ ဖြစ်သည်ဟု အမှန်တကယ်သိသော ဉာဏ်။

သမ္မာသင်္ကပ္ပမဂ္ဂင်။ ။အထက်ပါသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရအောင် ကြံစည်တွေးတောသော ဉာဏ်။

သမ္မာဝါစာမဂ္ဂင်။ ။သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင် နှစ်ပါး ဦးဆောင်နေစဉ် ဝစီဒုစရိုက်လေးပါးတို့မှ စင်ကြယ်နေခြင်း။

သမ္မာကမ္မန္တမဂ္ဂင်။ ။ပညာမဂ္ဂင် ဦးဆောင်နေသည့်အချိန်မှာကာယ ဒုစရိုက်လေးပါးတို့မှ ကင်းစင်စေခြင်း။

သမ္မာအာဇီဝမဂ္ဂင်။ ။ဝစီဒုစရိုက်လေးပါး ကာယဒုစရိုက်သုံးပါးနှင့်တကွ ဒုစရိုက်ဒုရာဇီဝတရားများ ကင်းစင်ပြီး အသက်မွေးမှုစင်ကြယ်နေခြင်း။ ဒီ မဂ္ဂင် သုံးပါးဟာ သီလမဂ္ဂင်ဖြစ်တယ်။

သမ္မာဝါယာမမဂ္ဂင်။ ။အယူမှားအသိမှားအစွဲမှား တို့နှင့် အကုသိုလ်တရားတို့မှ ကင်းရှင်းအောင်ကြိုးစားခြင်း။

သမ္မာသတိမဂ္ဂင်။ ။ကောင်းသောအရာ၌ နှလုံးသွင်းခြင်း။

သမ္မာသမာဓိမဂ္ဂင်။ ။ကောင်းသော အာရုံ၌ ထည်ကြည်ခြင်း။ ဒီမဂ္ဂင်သုံးပါးဟာ သမာဓိမဂ္ဂင်ဖြစ်တယ်။

## သမ္ပဒါတရား လေးပါးနှင့် ပြည့်စုံခြင်း

အာရက္ခသမ္ပဒါ။ ။ရုပ်နာမ်တရားတို့၏လက္ခဏာရေး သုံးပါးတို့ကို တကယ် သိမြင်အောင် ရှုပွားနေခြင်း၌ အကုသိုလ်တရားတို့မဖြစ်အောင် စောင့်ရှောက်ခြင်းဟာ အာရက္ခ သမ္ပဒါဖြစ်တယ်။

ကလျာဏမိတ္တသမ္ပဒါ။ ။သူတော်ကောင်း တရားကို ပွားများနေခြင်း သည်ပင်လျှင် သူတော်ကောင်းတို့ကို ပေါင်းဖော်မှီဝဲနေသည်နှင့် ထပ်တူဖြစ်တဲ့အတွက်ကြောင့် ကလျာဏမိတ္တသမ္ပဒါနှင့် ပြည့်စုံနေတယ်။

သမဇီဝိတသမ္ပဒါ။ ။သူတော်ကောင်းတရားကို ပွားများခြင်းကြောင့် အကုသိုလ်တရားတို့မှကင်းစင်ပြီး အသက်မွေးဝမ်း

ကြောင်း စင်ကြယ်နေဒါ ကိုက သမဇီဝိတသမ္ပဒါနှင့် ပြည့်စုံနေတယ်။

ဥဋ္ဌာနသမ္ပဒါ။ ။အကုသိုလ် ဒုစရိုက်တရားတို့မှ ကင်းစင်ပြီး ကုသိုလ်ကောင်းမှုကို ရင့်ကျက် ပွားများ လာအောင် ကြိုးစား အားထုတ်တဲ့သဘောကို ဥဋ္ဌာနသမ္ပဒါလို့ခေါ်တယ်။

## ဗြဟ္မစိုရ်တရား လေးပါးနှင့် ပြည့်စုံပုံ

မေတ္တာ။ ။ပရမတ္ထ ရုပ်နာမ်တရားတို့ကို သိအောင် ကြိုးစားခြင်း။ ထို ရုပ်နာမ်တရားတို့ ဖြစ်မှုပျက်မှု စသည်တို့ကိုအားထုတ်ရှုပွားခြင်းဟာ မိမိဘဝ တိုးတက်မြင့်မားမှုကိုလိုလားသော အားထုတ်ခြင်းမျိုးဖြစ်၍ မေတ္တာတရားပင်ဖြစ်တယ်။

ကရုဏာ။ ။မိမိထက်နိမ့်ကျသော ငရဲ တိရစ္ဆာန် စသော ဘုံဘဝသို့ကျရောက်မှာကို ကြောက်လန့်စိုးရိမ်တဲ့အတွက်ထိုထို ဘုံဘဝတို့မှ လွတ်လိုသော စေတနာဟာ သနားခြင်းသက်ဝင်သောကြောင့် ကရုဏာမည်တယ်။

မုဒိတာ။ ။မိမိ၏ ဘဝ မနိမ့်ကျဘဲ မြင့်မားသော ဘဝ ဖြစ်လာအောင် သူတော်ကောင်းတရားတို့ကို ဝမ်းမြောက်ဝမ်းသာနှင့်အားထုတ်ခြင်းသည် မုဒိတာဖြစ်တယ်။

ဥပေက္ခာ။ ။မိမိ၏ဘဝ မြင့်မားလာနိုင်စေရန် သူတော်ကောင်းတရားကို ပွားများ ခြင်းသည်၊ အကုသိုလ် တရားတို့ကိုလျစ်လျူရှုထားခြင်းဆိုတဲ့ ဥပေက္ခာပင်ဖြစ်တယ်။ ဒီဗြဟ္မဝိဟာရတရားလေးပါးနှင့်လဲ ပြည့်စုံနေတယ်။

## ဝိသုဒ္ဓိခုနစ်ပါးနှင့် ပြည့်စုံပုံ

ပညာမဂ္ဂင်။ ။ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိ။

သီလမဂ္ဂင်။ ။သီလ ဝိသုဒ္ဓိ။

သမာဓိမဂ္ဂင်။ ။စိတ္တဝိသုဒ္ဓိ။ ဤဝိသုဒ္ဓိ ခုနစ်ပါးတို့နှင့်လဲ ပြည့်စုံသည်။

(ရှင်းလင်းချက်) ပညာမဂ္ဂင်သည် အကြောင်း အကျိုးနှင့် စစ်၍သိသော ဉာဏ်ဖြစ်တယ်။ ဒီလိုသိလို့ အယူအမြင် စင်ကြယ်သွားတယ်။ ယင်းစင်ကြယ်ခြင်းသည်ပင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။ အမှန်ကို အမှန်အတိုင်းသိလို့ ယုံမှားခြင်း မရှိခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ။ အမှားတိုပယ်၍ အမှန်ကိုသိခြင်းသည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။ အမှန်ကို အမှန်အတိုင်း ဆင်ခြင်ပွားများခြင်းသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ။ ဉာဏ်အမြင်မှန်ကန်မှုကို ရခြင်းသည် ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်တယ်။

## ပုညကြိယာ

ပုည၊ ကုသိုလ်ကောင်းမှု။ ကြိယာ၊ ပြုလုပ်ခြင်း။ ဒါကြောင့် ပုညကြိယာဆိုတာ ကုသိုလ်ကောင်းမှု ပြုလုပ်တာကို ခေါ်တယ်။ ပုညကြိယာတရား ဆယ်ပါးရှိတယ်။ ဒီဆယ်ပါးတို့အနက် ဒါန ဟာ အစအဦးတရားဖြစ်တယ်။ အရိယာ သူတော်ကောင်းတို့

ဟာ ဒီဒါနကိုပင် အစအဦးထားပြီး ဒါနပါရမီကို ဖြည့်ကျင့်သွားကြတယ်။ ဒါကြောင့် ထိုထို အရိယာပုဂ္ဂိုလ်တို့ကို အတုယူသောအားဖြင့် ဒါနကို ပါရမီကုသိုလ်ဖြစ်အောင် ဖြည့်ကျင့်ရမည်။

ဒါနဟာ သံသရာလည်ကြောင်းတရားသာဖြစ်တယ်။ ဒါနပြုလုပ်ခြင်းကြောင့် ဘုံသုံးပါးတို့မှာ ဘုံနန်းပြဿဒ်တွေကို ဖြစ်စေပြီး၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့ကိုသာ အကျိုးပေးတတ်တယ်။ အနုဝိဇ္ဇ အပြစ်မကင်းသော တရားဖြစ်တယ်လို့ တချို့သူတို့က ပြောကြတယ်။ တချို့ကလဲ ထိုစကားကို ကာကွယ်သော သဘောဖြင့် ဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတဒါနတို့ကို အစားထိုးကာ လူ့ဘဝ နတ်ဘဝတို့ကို တောင်းတပြီး လှူသော ဒါနဟာ ဝဋ္ဋနိဿိတဒါန သံသရာ လည်သောဒါနဖြစ်တယ်။ နိဗ္ဗာန်ကိုတောင်းတ၍လှူတဲ့ဒါနက ဝိဝဋ္ဋနိဿိတဒါနဖြစ်ပြီး သံသရာမလည်နိုင်ဘူးဆိုပြီး သာမညဟောကြ ပြောကြပြန်တယ်။ ဒါန၏ သဘောသွားကို တိုကျ ပြတ်သားစွာ ဟောပြောကြဘာကို မတွေ့ရဘူး။

ဒါကြောင့် ပေးလှူတဲ့အခါ တကာအတွက်ရော ဆရာအတွက်ပါ နှစ်ဦးအတွက် အရေးကြီးတယ်။ ဆရာကလဲမခံယူတတ်ရင် အပြစ်ဖြစ်တယ်။ တကာကလဲ မလှူတတ်ရင် အကုသိုလ် ဖြစ်တယ်။ ဒါကြောင့် ပဋ္ဌာန်း ပါဠိတော်မှာ၊ ကုသလော ဓမ္မော ကုသလဿဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော လို့ ဟောတော်မူတယ်။

ကုသလောဓမ္မော၊ ကုသိုလ် တရားသည်။ အကုသလဿ ဓမ္မဿ၊ အကုသိုလ်တရားအား။ အာရမ္မဏပစ္စယေန၊ အာရုံအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကုသိုလ်လုပ်ရင်းနှင့် အကုသိုလ်ဖြစ်သွား နိုင်ကြောင်း ဖော်ပြထားတယ်။ အလွဲလွဲ အချော်ချော် ပြုလုပ် လှူဒါန်း ကြခြင်းဟာ မင်္ဂလာမကျွင်းဆိုတဲ့ စာတန်းကို သဘောမပေါက်လို့ ဖြစ်တယ်။ အမှန်တော့ မင်္ဂလာဆိုတဲ့ စကားဟာ အလွန်လေးနက်တဲ့ စကား ဖြစ်တယ်။ မင်္ဂလဆိုတာ ပါဠိပျက်စကား ဝေါဟာရတမျိုး ဖြစ်တယ်၊ ပါဠိဘာသာပုဒ်ရင်းကတော့ မင်္ဂလ သဒ္ဒါဖြစ်တယ်၊ ဒီမင်္ဂလသဒ္ဒါဟာလဲ ပုဒ်နှစ်ပုဒ် ပေါင်းစပ်ထားတာ ဖြစ်တယ်။ ပုဒ်ခွဲလိုက်ရင် မင်္ဂ-တပုဒ်၊ လ-တပုဒ်ဖြစ်လာတယ်။ မင်္ဂသဒ္ဒါက မကောင်းမှုအနက်ကိုဟောတယ်။ လ-သဒ္ဒါကတော့ ရိတ်ဖြတ်ခြင်းအနက်ကို ဟောတယ်။ ဒါဖြင့် မင်္ဂလသဒ္ဒါဟာမကောင်းမှုကို ရိတ်ဖြတ်တတ်တဲ့ အနက်အဓိပ္ပါယ်ကို ရရှိတယ်။ မကောင်းမှု ရိတ်ဖြတ်ရင် ကောင်းမှုကုသိုလ်ကို ရင့်ကျက်ပွားများစေတဲ့ သဘောလို့ အဓိပ္ပါယ်ရရှိတယ်။ ဒါကြောင့်လဲ မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံလို့ ဝိဂြိုဟ်ပြုကြတယ်။

မင်္ဂံ ပါပံ၊ မကောင်းမှုအကုသိုလ်ကို။ လုနာတိ ဆိန္ဒတိ၊ ဖြတ်ရိတ်တတ်၏။ ဝါ၊ ရိတ်ဖြတ်၍ ကောင်းမှုကုသိုလ်ကို ရင့်ကျက်ပွါးများစေအပ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့် မင်္ဂလံ၊ မင်္ဂလာမည်၏။ ဒါကြောင့် မင်္ဂလာဆိုတာမကောင်းမှု အကုသိုလ်တရားတို့ကို ဖြတ်တောက်ပြီး ကုသိုလ်ကောင်းမှုများ တိုးတက်ပွါးများလာအောင် ကြိုးစားအားထုတ်တာကိုသာ မင်္ဂလာလို့ခေါ်

တယ်။ ဒါဖြင့် ဒီမင်္ဂလာဆိုတဲ့ မဏ္ဍပ်မှာ ဘယ်လိုတရားတွေနှင့် ပြည့်နေရမလဲ ကုသိုလ်တရားတွေနှင့်ပြည့်နေရမလား အကုသိုလ် တရားတွေနှင့် ပြည့်နေရမှာလားဆိုတာကိုအလှူရှင်များစဉ်းစား ကြရမယ်။

မြန်မာပြည်မှာ ဒုလ္လဘရဟန်းခံဆိုဒါဟာလဲ အလွန်ခေတ် စားနေတယ်၊ ဒုလ္လဘရဟန်းခံရင် ကုသိုလ်ရတယ်။ ပါရမီ ပြည့် တယ်လို့ ဒီလိုယူဆထားကြတယ်။ အမှန်တော့ ကုသိုလ်ဆိုဒါ ကုသိုလ်ဖြစ်အောင်လုပ်မှ ကုသိုလ်ရမှာဖြစ်တယ်။ ပါရမီဆိုဒါ လဲ ဖြည့်တတ်မှပြည့်မှာ။ ပါရ–ဆိုဒါနိဗ္ဗာန်တည်းဟူသောကမ်း တဘက်။ မီ–ဆိုဒါက (ဂမန၊ ဂမုဓာတ်)သွားတတ်တဲ့အနက်ကို ဟောတယ်။ ပါရမီဆိုတာ နိဗ္ဗာန်သို့ရောက်စေတတ်တဲ့ ကုသိုလ် မျိုးကိုခေါ်တယ်။

ယခုခေတ် အချို့သော ဒုလ္လဘရဟန်းတွေဟာ သစ်သား ကိုယ်ရင် အရုပ်ဖြစ်တဲ့ သဘောမျိုးလောက်ဘဲ ရှိတယ်။ ရဟန်း ဆိုတာ၊ ပဗ္ဗာဇယ မတ္တနော မလံ၊ တသ္မာ ပဗ္ဗဇိတောတိ ဝုစ္စတိ။ အတ္တနော၊ မိမိ၏။ မလံ၊ ကိလေသာ တည်းဟူသော အညစ် အကြေးကို။ပဗ္ဗာဇယံ၊ နှင်ထုတ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ ပဗ္ဗဇိတောတိ၊ ပဗ္ဗဇိတ ဟူ၍။ ဝါ၊ ရဟန်းဟူ၍။ ဝုစ္စတိ၊ဆိုအပ် ၏။ ဒါကြောင့် ဒုလ္လဘရဟန်းများဟာ သာသနာတွင်းသို့ရောက် လာလျှင် ဘာလုပ်ရမလဲဆိုဒါကို အထူးစဉ်းစားကြရမယ်။

သာသနာဆိုဒါ ဘုရားရှင်၏ အဆုံးအမစကားဖြစ်တယ်။ ဒီ အဆုံးအမစကားတွေကို ဘာတခုမှလိုက်နာကျင့်သုံးခြင်း မရှိဘဲ

နှင့် သာသနာ့ဝန်ထမ်းဆိုတဲ့ အမည်များကိုပင် ခေါ်နိုင်ဘွယ် မရှိဘူး။

## ဒါန

ပုညကြိယာတရား ဆယ်ပါးတို့အနက်၊ ဒါနဟာ အစအဦး တရားဖြစ်တယ်။ ဒီဒါနဆိုတဲ့စကားဟာ မြန်မာစကား မဟုတ် ဘူး။ ပါဠိဘာသာစကားဖြစ်တယ်။ ဒါပေမဲ့ ဒါနဆိုယင် ဗုဒ္ဓ ဘာသာ အယူရှိသူတိုင်း ပေးကမ်းစွန့်ကြဲခြင်းလို့ သိနှင့်ထား ကြတယ်။ ပေးကမ်းစွန့်ကြဲခြင်းဆိုဒါ ဟုတ်တော့ဟုတ်တယ်။သို့ သော်မှမှန်သေးဘူးလို့တော့ ပြောရလိမ့်မည်။ ဒီလိုပြောလိုက် တော့လက်ခံနိုင်ကြမှာမဟုတ်ဘူး။ ဒါပေမဲ့ ခဏတော့မှတ်ထား ကြပါဦး။ နောက်တော့ သူ့သဘောနှင့်သူ သရုပ်ပေါ်လာ ပါလိမ့်မယ်။

ဒါနနှင့် ပတ်သက်ပြီး အမျိုးမျိုး ငြင်းခုံကြ ဝိဝါဒများ ကြတယ်။ အမှန်တော့ သတိမမူ ဂူမမြင်ဆိုတဲ့အတိုင်း သတိထား လေ့လာခြင်းမရှိလို့သာ ဖြစ်တယ်။ ဗုဒ္ဓဟာ ဒါနနှင့်ပတ်သက် ပြီး အယူတ်အမြတ်ကို ခွဲခြားဟောပြီးသားဖြစ်ပါတယ်။

## ဒါနနှစ်မျိုး

ဒါနဟာ နှစ်မျိုးရှိတယ်။ ဒါနနှစ်မျိုးဆိုဒါ ဝတ္ထုဒါနနှင့် စေတနာ ဒါနတို့ဖြစ်ကြသည်။ ဝတ္ထုဒါနဟာ အဆင်း အသံ အနံ့ အရသာ ဩဇာနှင့် အတိတ်ကံကြောင့်ဖြစ်တဲ့ ရုပ်ဝတ္ထုတို့ ဖြစ်ကြတယ်။

စေတနာဒါန ဆိုတာကတော့ စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ ပေးကမ်းစွန့်ကြဲလိုတဲ့ အလောဘစေတနာဖြစ်တယ်။ ဒါကြောင့် စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ ပေးကမ်းစွန့်ကြဲလိုတဲ့ စေတနာဟာ ကုသိုလ်လို့မှတ်ပါ။

ဒီကုသိုလ် ကမ္မပထမြောက်ရန် စေတနာရှယ် ဝတ္ထုရှယ် အလှူခံပုဂ္ဂိုလ်ရယ်သုံးပါးညီမှ ဖြစ်နိုင်တယ်၊ ဒါနနှစ်မျိုးတို့ အနက် ဝတ္ထုဒါနဟာအလှူခံပုဂ္ဂိုလ်ကို အကျိုးပြုတယ်။ စေတနာဒါနဟာ အလှူရှင်အတွက် အကျိုးပြုတယ်။

ဒါန ပြုလုပ်တဲ့အခါ ပညတ်အာရုံနှင့် ပြုလုပ် လှူဒါန်းကြတာများတယ်။ ပရမတ်အာရုံ အသိမျိုးသို့ မရောက်နိုင်ကြဘူး။ အမှန်က ဒါနပြုလုပ်တယ်ဆိုတာ ပရမတ္ထဝတ္ထုဒါန် ရုပ်ကို လှူဒါန်းခြင်းသာဖြစ်တယ်။ ဒါကြောင့် အဆင်း အသံ အနံ့ အရသာ ဩဇာလို့ ဝတ္ထုဒါနအရာမှာ ဖော်ပြရခြင်းဖြစ်တယ်။ အဝတ်ပုဆိုးကို လှူခြင်းဟာ အဆင်းကို လှူဒါန်းသည် မည်တယ်။ ကြေးစည် ခေါင်းလောင်းကို လှူခြင်းဟာ အသံကို လှူသည် မည်တယ်။ ခဲဘွယ် ဘောဇဉ်တို့ကို လှူခြင်းဟာ အရသာဩဇာကို လှူသည် မည်တယ်။ ဒါတွေဟာ ပရမတ္ထ ရုပ်ဝတ္ထုများသာ ဖြစ်ကြတယ်။

ဒါကြောင့် အလှူရှင်တို့ဟာ စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ လှူဒါန်းလိုတဲ့ စေတနာက နာမ်တရား၊ အဆင်းအနံ့ အရသာ ဆိုတဲ့သဘောတရားတို့က ပရမတ္ထ ရုပ်တရား၊ ဒါကြောင့် ရုပ် နာမ် နှစ်ပါးသာဖြစ်တယ်။ ငါ သူတပါး ယောကျ်ား မိန်းမ

ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါလားလို့ ဉာဏ်ဖြစ်အောင် ရှုပွား ပြီးသာ လှူသင့်တယ်။

## သိရမည့်တရား သုံးမျိုး

ဒါန ပြုလုပ်တဲ့အခါမှာ သိသင့် သိထိုက်တဲ့ တရားသုံးပါး ရှိတယ်။ ဒီတရားသုံးပါးတို့ကို ပိုင်နိုင်စွာ သဘောပေါက် နား လည်ထားရမယ်။ ပိုင်နိုင်စွာ သိထားမှ ပေးကမ်း လှူဒါန်း ခြင်းဆိုတဲ့ ဒါနပြုလုပ်တဲ့အခါမှာ ဓမ္မသဘာဝအပေါ် မှန်ကန်တဲ့ အသိဉာဏ်ကိုရရှိပြီး ကောင်းမွန်စွာ သရုပ်ပေါ်လာနိုင်မှာ ဖြစ် တယ်။ သိထားရမည့် တရား သုံးမျိုးကတော့ သံသရာတရား၊ ဘာသာတရား၊ သာသနာတရားဆိုတဲ့ တရားသုံးမျိုးဖြစ်တယ်။

သံသရာတရား ဆိုတာကတော့ အဝိဇ္ဇာနှင့် တဏှာတရားနှစ် ပါးဖြစ်ကြတယ်။ ဘာသာတရားကတော့ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မဆိုတဲ့ ပုညကြိယာတရား ဆယ်ပါး ဖြစ်တယ်။သာသနာတရားဆိုတာဟာ ပညာသိက္ခာ၊သီလသိက္ခာ၊ သမာဓိသိက္ခာ ဆိုတဲ့ မဂ္ဂင်တရား ရှစ်ပါးဖြစ်တယ်။

သံသရာတရားမှာ အဝိဇ္ဇာရဲ့အရည်အသွေးဟာ မိုက်တဲ့တရား မှောင်တဲ့တရား အမှန်လေးပါးကို မသိတဲ့တရား၊ အမှန်ကို အမှားသိ အမှားကိုအမှန်သိတဲ့တရားဖြစ်တယ်။ တဏှာဆိုတာက သာယာတဲ့တရား၊ နှစ်သက်တဲ့တရား လိုချင်တဲ့ တရား တောင်း တ မျှော်လင့်တတ်တဲ့ တရားဖြစ်တယ်။ ဒီ အဝိဇ္ဇာနှင့် တဏှာ တရား နှစ်ပါးဟာ သုံးဆယ့်တဘုံအတွင်းမှာ ဘုံနန်းပြသာဒ်

တွေကို ဖြစ်စေပြီး ခန္ဓာအိမ် အမျိုးမျိုးကိုဖြစ်စေတတ်တဲ့တရား ဖြစ်တယ်။ ဒါကြောင့် ဒီ အဝိဇ္ဇာတဏှာဆိုတဲ့ သံသရာတရား နှစ်ပါးဟာ ပယ်သတ်ရမဲ့ တရားနှစ်ပါးဖြစ်တယ်။

ဘာသာတရားမှာ ဒီ ဒါနဆိုတဲ့ တရားဟာ လူမျိုးမရွေး ဘာသာမရွေး ပြုလုပ်ရတဲ့ တရား ဖြစ်တယ်။ မည်သူတဦး တယောက်မှ ရှောင်လို့ တိမ်းလို့ လွတ်တဲ့တရား မဟုတ်ဘူး။ စေတနာရှိရင်လဲ လုပ်ရမှာဘဲ၊ စေတနာမရှိရင်လဲ လုပ်ရမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်း လူဘိုင်းမှာ မိဘနှစ်ပါးရှိတယ်။ ညီအကိုမောင်နှမ လင်မယား သားသမီး၊ ဆွေမျိုးဉာတကာ၊ မိတ်ဆွေသင်္ဂဟဆိုတာ ရှိကြတယ်။ ဒီလိုရှိနေတဲ့အတွက် ဒါနကို ရှောင်တိမ်းလို့ မလွတ်ဘူး။ ဒါကြောင့် ပြုလုပ်ရမဲ့တရား အမှန် ဖြစ်တယ်။

သာသနာတရားဖြစ်တဲ့ ပညာ သီလ သမာဓိ မဂ္ဂင် တရား ကတော့ ဝိဇ္ဇာစရဏ တရားဖြစ်တဲ့အတွက် ကျင့်ရမည့် တရား၊ ကျင့်တတ်တဲ့တရား၊ ပြုတတ်တဲ့ တရား ဖြစ်တယ်။ ဒါကြောင့် ဒါနပြုတဲ့အခါ ပြုတတ်တဲ့တရားနဲ့ ပြုရမယ်။

## အပေါင်း အနုတ်

သံသရာတရား • ဘာသာတရား သာသနာတရား
အဝိဇ္ဇာတဏှာ ပုညကြိယာ (၁၀)ပါး ပညာ၊သီလ၊သမာဓိ

ဝဋ္ဋနိဿိတဒါနသည် သုံးဆယ့်တဘုံလမ်း ကံကုသိုလ်။
ဝိဝဋ္ဋနိဿိတဒါန သည် နိဗ္ဗာန်လမ်း ဉာဏ်ကုသိုလ်။

ဒါဖြင့် ဒီနေရာမှာ ဘာသာတရားဖြစ်တဲ့ ဒါနဆိုတဲ့တရားနှင့် စပ်၍ အထူးစဉ်းစားစရာ ပေါ်လာတယ်။ ဒီ ဘာသာတရားကို သံသရာတရားနှင့် တွဲတဲ့အခါ မူတမျိုးပြောင်းပြီး အကျိုးပေးတယ်။ ဘယ်သဘောကြောင့် ဒီလိုမူပြောင်းပြီး အကျိုးပေးရသလဲလို့ စဉ်းစားရမယ်။

ဒီဒါနဆိုတဲ့ တရားဟာ အဝိဇ္ဇာတဏှာနှင့် ပေါင်းတဲ့အခါ တမျိုး အကျိုးပေးတယ်။ ပညာ သီလ သမာဓိတို့နှင့်ပေါင်းတဲ့ အခါတမျိုးအကျိုးပေးတယ်။ ဒီလိုဆိုတော့သူ့ရဲ့ ပင်ကို သတ္တိဟာ ဘာလဲလို့ စဉ်းစားလိုက်တော့ ဥပမာ နောက်တဲ့ ရေခွက်က တခွက် ကြည်တဲ့ ရေခွက်ကတခွက် ဆိုကြပါစို့။ ကြည်တဲ့ ရေကိုနောက်တဲ့ ရေခွက်ထဲ လောင်း ထည့် လိုက် ရင် ကြည် တဲ့ရေဟာ နောက်တဲ့အသွင်သို့ ပြောင်းသွားတယ်။ ကြည်နေ တဲ့ရေခွက်ကို ကြည်နေတဲ့ ရေခွက်ထဲသို့လောင်းထည့်လိုက်တဲ့ အခါ မူမပြောင်းဘူး။ သဘောချင်း တူနေတဲ့ အတွက် ကြည် မြဲတိုင်းကြည်နေတယ်။

ဒါဖြင့် အဝိဇ္ဇာတဏှာကို ရေနောက်ခွက်၊ ဒါနနှင့် ပညာ သီလသမာဓိတို့ကို ရေကြည်ခွက်နှစ်ခွက်လို့စိတ်သညာ အမှတ်အ သားပြုပြီး၊ စိတ်အာရုံမှာ အသိပေါ်လာအောင်လောင်းထည့် ကြည့်စမ်းပါ။ အဝိဇ္ဇာတဏှာရေခွက်နှင့် ဒါနရေခွက်ကို ရော လိုက်ရင် နောက်တယ်။ တဖန် ဒါန ရေခွက်နှင့် ပညာ သီလ သမာဓိရေခွက်ပေါင်းလိုက်တော့ မနောက်ဘူး။ ကြည်မြဲတိုင်း ကြည်နေတယ်။ ဒါကြောင့် ဒါနသည် ပင်ကိုဖြူစင်တဲ့ သဘောကို

ဆောင်ပြီး၊ အနှောင်အဖွဲ့ အားလုံးတို့မှ လွတ်နေတဲ့ တရား ဖြစ်တယ်။ ဒါကြောင့်ဘုရားရှင်က ကုသလာဓမ္မာ အနဝဇ္ဇသုခ ဝိပါကလက္ခဏာ၊ ကုသိုလ်ဆိုတဲ့ တရားသည် အပြစ်မရှိ ကောင်း သောအကျိုးကို ပေးတတ်တယ်လို့ ဟောတော်မူတယ်။

ဒါကြောင့် အဝိဇ္ဇာတဏှာက သံသရာလည်တာလား ဒါန က သံသရာလည်တာလား၊ ဒါနက ပယ်သတ်ရမည့်တရားလား၊ အဝိဇ္ဇာတဏှာသည်သာ ပယ်သတ်ရမည့် တရားလား ဆိုတာကို လေးလေးနက်နက် စဉ်းစားပါ။ စဉ်စားတာက သမ္မာသင်္ကပ္ပ ဉာဏ်၊ အမှန်သိတာက သမ္မာဒိဋ္ဌိဉာဏ် ဖြစ်တယ်။ နိဗ္ဗာန် လမ်း ဖြစ်တယ်မှတ်။

## စေတနာဒါန နိရောဓ

စိတ်အာရုံမှာ ပေးကမ်း စွန့်ကြဲလိုတဲ့ စေတနာ ပေါ်လာ တယ်၊ ဒီပေါ်လာတဲ့စေတနာကို သေသေချာချာဉာဏ်နှင့် စူးစူး စိုက်စိုက်ကြည့်စမ်းပါ။ ပုဂ္ဂိုလ်ငွဲ ဂိုဏ်း ဂဏစွဲပါသလား။ လော ဘ ဒေါသ မောဟ ဆိုတဲ့ တရားများ ပါသလား၊ (သို့မဟုတ်) အဝိဇ္ဇာတဏှာ(သို့မဟုတ်) သံသရာနယ်ချဲ့တရားဖြစ်တဲ့ တဏှာ မာနဒိဋ္ဌိ ဆိုတဲ့သံသာရလက္ခဏာတရား အနှောင်အဖွဲ့တရားတွေ ပါသလား။ ဘာအနှောင်အဖွဲ့ တရားမှ မပါလာဘူး။ နိရောဓ အနှောင်အဖွဲ့တရားတို့မှ လွတ်ကင်းပြီး၊ အလောဘ အဒေါသ အမောဟ ဆိုတဲ့ ဟိတ်သုံးပါး အကြောင်းခံပြီး စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ စေတနာဟာ နိရောဓဖြစ်နေတယ်။ ဒါကြောင့်

ဒါနတရားဟာ စေတနာဒါန နိရောဓ ဖြစ်နေတယ်။ လို့ပုဒ်ပြတ်မှတ်ထားကြရမယ်။

## ကုသိုလ်သုံးမျိုး

ကုသိုလ်သုံးမျိုးရှိတယ်၊ တိဟိတ် ဥက္ကဋ္ဌကုသိုလ်၊ တိဟိတ် ဩမကကုသိုလ်၊ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ဒွိဟိတ်ဩမကကုသိုလ် ဆိုပြီး ဒေသနာ အလိုအားဖြင့် လေးမျိုးရှိပေမဲ့၊ တိဟိတ် ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်နှစ်ပါးတို့ဟာ အကျိုးပေးတူကြတဲ့အတွက် တခုတည်း ပေါင်းပြီး ယူလိုက်တော့သုံးမျိုးဖြစ်သွားတယ်။

တိဟိတ်ကုသိုလ်ဆိုတာ ဉာဏ်ယှဉ်ပြီး လှူတဲ့ကုသိုလ်ကို ခေါ်တယ်။လှူဆဲအခါမှာ လောဘ ဒေါသ မောဟတရားတို့မှလွတ်ကင်းနေတဲ့ ကုသိုလ်ကို တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ခေါ်တယ်။ ဉာဏ်ယှဉ်သော်လဲ လှူဆဲအခါမှာ လောဘ ဒေါသ မောဟ တို့ခြံရံလျှင် တိဟိတ်ဩမက (သို့မဟုတ်)ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ် ဖြစ်သွားတယ်။ ဉာဏ်လဲမယှဉ်ဘူး လောဘ ဒေါသ မောဟတရားများကလဲ ခြံရံတယ်ဆိုရင် ဒွိဟိတ်ဩမကကုသိုလ် ဖြစ်သွားတယ်။

ဉာဏ် ယှဉ်တယ်ဆိုတာက – ဒါနဆိုတာ ရှေးရှေး အရိယာသူတော်ကောင်းတို့လဲ ပြုလုပ်သွားကြတယ်၊ ထိုအရိယာသူတော်ကောင်းတို့ကို အမှီပြုပြီး ငါတို့လဲ ပြုလုပ်ရမယ်။ ဒီ စေတနာဆိုတဲ့ တရားဟာလဲ အနှောင်အဖွဲ့တရားတို့မှ ကင်းလွှက်နေတဲ့

အတွက် အလွန် စင်ကြယ်နေတဲ့ တရားပါလားလို့ နှလုံးသွင်းဆင်ခြင်ခြင်းဖြစ်တယ်။

တိဟိတ် ဉက္ကဋ္ဌကုသိုလ်ဖြစ်အောင် နှလုံးသွင်းရမှာ ကတော့ စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ စေတနာဟာ ဖြစ်ပြီးရင် ပျက်တဲ့ အနိစ္စလက္ခဏာသဘောပါလား၊ ဖြစ်ပျက်မှု မကောင်းတဲ့ အတွက် ဆင်းရဲခြင်း ဒုက္ခလက္ခဏာသဘောပါလား၊ ထိုဆင်းရဲမှု သဘောဟာလဲ အတ္တဇီဝမဟုတ်သော အနတ္တလက္ခဏာတရားပါလားလို့ ရှုပွားရမယ်။ ဒီလို ရှုပွားနေဆဲမှာ လောဘ ဒေါသ မောဟ တရားတို့ ကင်းစင်နေတဲ့အတွက် မြင့်မြတ်တဲ့ တိဟိတ်ဉက္ကဋ္ဌ ကုသိုလ်ဖြစ်သွားတယ်။ ဒီကုသိုလ်မျိုးဟာ အလွန် အကျိုးပေး ထက်မြက်တယ်။ မြတ်စွာဘုရား သာသနာနှင့် ကြုံကြိုက်တဲ့ အခါမှာလဲတမဂ်တဖိုလ်ကို ရစေနိုင်တဲ့ကုသိုလ်ဖြစ်တယ် ဒါကြောင့် ပဋ္ဌာန်း ပါဠိတော်မှာ–

သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ။

သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည် မူလည်း ကောင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မူလည်းကောင်း။ကုသလံ၊ ကုသိုလ်ကို။ အနိစ္စတော၊ မမြဲသော အားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသော အားဖြင့်။ အနတ္တတော၊ အတ္တဇီဝမှ ကင်းဆိတ်သောအားဖြင့်။ ဝိပဿန္တိ၊ ရှုပွားကြရမယ်။

ကုသိုလ်ဆိုတာ စိတ်အာရုံမှာ ပေါ်လာတဲ့ လျှုဒါန်း ပေးကမ်းလိုတဲ့ စေတနာဟာ ကုသိုလ်ပါဘဲ။ ဒီ ကုသိုလ်စေတနာကို

ဖြစ်ပျက်ဉာဏ်မြင်အောင် မရှုနိုင်လျှင် ငါကောင် သူကောင် ယောကျ်ားကောင် မိန်းမကောင် ထင်ပြီး၊ လောဘ ဒေါသ မောဟ အခြံအရံတရားတွေ ဖြစ်လာနိုင်တယ်။ အဲသလို ဖြစ်လာရင် တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်မျိုး ဖြစ်သွားတယ်။ ဒီ ကုသိုလ်မျိုးက အကျိုးပေး ညံ့ဖျင်းတယ်။ ဒွိဟိတ် ဩမက ကုသိုလ်ဆိုရင် ပိုပြီး ညံ့ဖျင်းသွားတယ်။ လူဖြစ်တာတောင် လူစဉ်မမီတဲ့ ဘဝမျိုးမှာဖြစ်တယ်။ ငရဲ တိရိစ္ဆာန်စတဲ့ ဘုံဌာန ထိအောင် ကျဆင်းသွား နိုင်တယ်။

ဒါကြောင့် ကုသိုလ်ပြုတဲ့အခါ ယုတ်နိမ့်တဲ့ ကုသိုလ် မဖြစ်စေဖို့အတွက် သတိထားရမယ်။ ဒီလို ယုတ်နိမ့်တဲ့ ကုသိုလ်ဖြစ်သွားတယ်ဆိုတာဟာလဲ ဘာမှမဟုတ်တဲ့ လောကီဂုဏ်ပကာသနဖြစ်တဲ့ အဆောင်အယောင် တွေကို လောဘမူစိတ္တုပ္ပါဒ်ဖြင့် သာယာနှစ်သက်ပြီး ပြုလုပ်တဲ့ အတွက်ကြောင့် ဖြစ်တယ်။ ဒါကြောင့် ပဋ္ဌာန်းပါဠိတော်မှာ—

ကုသလောဓမ္မော ကုသလဿဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ (အာရမ္မဏာဓိပတိ)။ ။

ကုသလောဓမ္မော၊ ကုသိုလ်တရားသည်။ ကုသလဿဓမ္မဿ၊ ကုသိုလ်တရားအား။ အဓိပတိပစ္စယေန၊ အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ အာရမ္မဏာဓိပတိ၊ အာရုံအားဖြင့် အကုသိုလ်စိတ္တုပ္ပါဒ်တွေ လွှမ်းမိုးသွားတယ်။

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ။

ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးပြီးသော်။ သီလံ၊ သီလကို။ သမာဒိယိတွာ၊ ဆောက်တည် ပြီးသော်။ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။ ကတွာ၊ ပြုပြီးသော်။ တံ၊ ထိုဒါနသီလစတဲ့ ကုသိုလ်ကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။

တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

တံ၊ ထိုသာယာနှစ်သက်မှုကို။ ဂရုံကတွာ၊ အလေးအမြတ် ပြု၍။ ရာဂေါ၊ မခွါနိုင်အား ရာဂခေါ်တဲ့တရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ အယူမှားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဒါကြောင့်ဒါနပြုတဲ့အခါရှောင်တတ် တိမ်းတတ်ဘို့လိုတယ်။ အလွန်အရေးကြီးတယ်၊ရှောင်တိမ်းတတ်တဲ့ အသိမရှိရင် ကုသိုလ် လုပ်တဲ့နည်းဖြင့် အကုသိုလ်ကိုရှာယူသလို ဖြစ်နေတယ်၊ ကုသိုလ် လုပ်တဲ့အခါ လောဘ ဒေါသ မောဟ ခြံရံတယ် ဆိုတာဟာလဲ အဝိဇ္ဇာတဏှာဦးစီးသွားတဲ့သဘောပါဘဲ။ ဘာဖြစ်လို့လဲဆိုရင် လောဘဆိုတာက တဏှာဖြစ်တယ်၊ မောဟဆိုတာက အဝိဇ္ဇာ ဖြစ်တယ်။ ဒေါသက ယှဉ်ဖော်ယှဉ်ဘက် တရားဖြစ်တဲ့အတွက် လောဘ မောဟဆိုလျှင် ဒေါသကအလိုလိုပါပြီးသားဖြစ်တယ်။

ဒါကြောင့် ကုသိုလ်ကောင်းမှုပြုတဲ့အခါအဝိဇ္ဇာတဏှာမပါဘို့ အရေးကြီးတယ် ဘုရားရှင်ရှုတ်ချတော်မူသည်မှာလဲ ဒါန ကို မရှုတ်ချဘဲ အဝိဇ္ဇာတဏှာကိုသာ ရှုတ်ချတော်မူပုံကတော့။

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိပုနပ္ပုနံ။ ။

ဂဟကာရက ဒိဋ္ဌေသိ၊ ပုန ဂေဟံ နကာဟသိ။
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာ နံခယမဇ္ဈဂါ။ ။

ယသ္မာ၊ အကြင်ကြောင့်။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ ညစ်ကြေး သောင်းပြောင်း မစင်အပေါင်းတို့ ခိုအောင်း ကျိုက်ကျိုက် မိဝမ်းတိုက်၌ ပဋိသန္ဓေ တည်နေရခြင်းသည်။ ဒုက္ခာ၊ ပြောပြလို့ မကုန် လောကခေတ်ထိုထိုဘုံတွင် အဖုံဖုံ အစုံစုံ ညှဉ်းဆဲလှသဖြင့် အလွန်ပင် ဆင်းရဲလှပေ၏။ တသ္မာ၊ ထိုသို့ညှဉ်းဆဲအလွန်ပင် ဆင်းရဲလှလေသောကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာတဲ့ တဏှာ ယောကျ်ား သင်လက်သမားကို။ ဂဝေသန္တော၊ ဉာဏ်ဖြင့် မြှော်ရှု၍ စူးစမ်းရှာဖွေ လာခဲ့ရသော ငါဘုရားသည်။ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော - အဝိန္ဒန္တော- သင့်ကိုမြင်နိုင်ဉာဏ် မဏ္ဍိုင်ကို မပိုင်ရသေးသောကြောင့် သာလျှင်။ အနေက ဇာတိသံသာရံ၊ ဘဝများစွာသံသရာကာလပတ်လုံး။ သန္ဓာဝိဿံ သံသရိံ၊ ကျင်လည်ပြေးသွားခဲ့ရလေပြီ။ ။ဂဟကာရက၊ တဏှာယောကျ်ား လက်သမား။ တံ၊ တဏှာယောကျ်ား သင် လက်သမားကို။ ဒိဋ္ဌော၊ ပညာစက္ခုသဗ္ဗညုဖြင့် ယခုငါမြင်အပ် ပြီးသော သင်သည်။ အသိ၊ ဖြစ်ချေပြီ။ ဂေဟံ၊ အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို။ နကာဟသိ၊ သင်ဘယ်လိုစီမံဘယ် လိုဖန်လို့မှ ကြံစည်ကာ ဆောက်လုပ်နိုင်တော့မည် မဟုတ်ပေ။ တေ၊ သင်၏။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဖာသုကာ၊ ကိလေသာတည်းဟူသော ဒိုင်းများအခြင်တို့ကို။ ဘဂ္ဂါ၊ ဉာဏ်လက်နက်

ဝရဇိန်ဖြင့် ချိန်ရွယ်ကာ ပစ်ခွင်း၍ ချိုးဖဲ့ဖျက်ဆီးအပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို။ ဝိသင်္ခတံ၊ ဖျက်ဆီးအပ်ကုန်ပြီ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါရံ၊ ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့။ ဂတံ၊ အာရုံပြုသော အားဖြင့် ရောက်ရှိတော်မူလေပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာ ကုန်ကြောင်း ဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ၊ ရောက်ရှိ တော်မူလေပြီ။

ဒီဥဒါန်းဒေသနာတော် အလိုအားဖြင့် သံသရာတရား၊ ဘာ သာတရား၊ သာသနာတရား သုံးပါးအနက် သံသရာတရားဖြစ် တဲ့ အဝိဇ္ဇာတဏှာကိုသာ ဘသီးတခြား ဖော်ထုတ်ပြီး ရှုတ်ချ တော်မူတယ်။ ဘာသာတရား ဖြစ်တဲ့ ဒါနကို ရှုံ့ချတော် မမူဘူး၊ ဘုရားရှင်ဟာ မင်္ဂလာတရားတော် ထဲမှာ ချီးမွမ်း ထားတာကိုသာ တွေ့ရတယ်။ ဒါနဉ္စ မင်္ဂလာ တရားတော်မှာ အနဝဇ္ဇာနိ ကမ္မာနိ ဧတံမင်္ဂလမုတ္တမံ။ ဟူသော ဒေသနာအလို အားဖြင့် ချီးမွမ်းထားတယ်။ ဒါနဆိုတာ အနဝဇ္ဇာကမ္မ အပြစ် မရှိဘူးတဲ့။ ဧတံ၊ ထိုအပြစ်မရှိသော ဒါနသည်။ ဥတ္တမံ၊ မြတ် သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။ လို့ ဆိုထားပါတယ်။

နောက်ပြီးတော့ ကုသလာအနဝဇ္ဇ သုခဝိပါကာ လက္ခဏာ ဆိုတဲ့ ဒေသနာအလိုအားဖြင့်လဲ ကုသိုလ်သည် အပြစ်မရှိဘူး၊ ကောင်းသောအကျိုးကိုသာ ပေးတယ်လို့ ချီးမွမ်းထားတယ်။ ဒါကြောင့် ဒါနဆိုတာ သံသရာလည်တဲ့ တရား၊ သံသရာ လည်ကြောင်း တရားဆိုသောစကားဟာ လုံးဝမဖြစ်နိုင်ပါဘူး အဝိဇ္ဇာတဏှာသည်သာ သံသရာလည်ကြောင်း တရားဆိုတာ

အထက်က ဖော်ပြခဲ့တဲ့ ဒေသနာအလိုအားဖြင့် အလွန်ထင်ရှား ပါတယ်။

ဒါကြောင့် ဒါနသံသရာလည်တယ်ဆိုတာကို လုံးဝလက်ခံနိုင်စရာမရှိပါဘူး။ ဒါဖြင့် ဒီနေရာမှာအထူးစဉ်းစားရမှာကတော့၊ ဒါနပင်ဖြစ်တယ်။ ဒါနပေးကမ်းစွန့်ကြဲခြင်းသဘောမှာ အဝိဇ္ဇာတဏှာဆိုတဲ့ တရားနှစ်ပါး ပါမပါဆိုတဲ့ အချက်ပင်ဖြစ်တယ်။ စိတ်အာရုံမှာ ပေးကမ်းစွန့်ကြဲလိုတဲ့ စေတနာကစပြီး ပေါ် ပေါက်လာတဲ့ အချိန်မှာ အဝိဇ္ဇာတဏှာဆိုတဲ့ အနှောင်အဖွဲ့ တရားတွေ လုံးဝမပါဘဲ၊ ဝိဝဋ္ဋနိဿိတဒါန သဘောမျိုးနဲ့ပေါ် လာတဲ့ သဘောသာ ဖြစ်တယ်။ ဒါကြောင့် ဒါန ပေးကမ်းစွန့်ကြဲခြင်းဆိုတဲ့ အသိဟာ ဟုတ်တော့ဟုတ်တယ် မမှန်သေးဘူးလို့ ပြောရမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ တကယ်သစ္စာထိုက်အောင် မမှန်သေးလို့ ဖြစ်တယ်။ အမှန်ဆိုတော့ ဒါနဆိုတာ မြတ်စွာဘုရား သာသနာ အတွင်းမှာ ပြုလုပ်တဲ့ ဒါနသည် အနှောင်အဖွဲ့မရှိတဲ့ ဝိဝဋ္ဋနိဿိတဒါန ဖြစ်နိုင်ရမယ်။ သာသနာပအခါမှာ ပြုလုပ်တဲ့ ဒါနသည် အဝိဇ္ဇာတဏှာ အနှောင်အဖွဲ့ မကင်းလွတ်နိုင်သည့် အတွက် ဝဋ္ဋနိဿိတဒါနသာ အဖြစ်များတယ်။ ဒါကြောင့် ဒါန အနှောင်အဖွဲ့တို့မှ လွတ်ကင်းသော ပေးကမ်းစွန့်ကြဲလို့ သိတဲ့ အသိသည်သာ သစ္စာထိုက်သော အသိဖြစ်ဘဲ့အတွက် မှန်ကန်တယ်လို့ မှတ်ယူရမယ်။

ဒါကြောင့် ဥပရိပဏ္ဏာသပါဠိတော်မှာ ဒီလို အနှောင်အဖွဲ့မှ ကင်းလွတ်နေတဲ့ ဒါနမျိုးကို ပြုလုပ်ရမှာကို မကြောက် ဘို့

အတွက်။ ။ မာ တုမှေ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ၊ ယဒိဒံ ပုညာနိ။ ။လို့ ဟောတော်မူတယ်။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ တုမှေ၊ သင်တို့သည်။ ပုညာနံ၊ ပုညာကြိယာမှုပြုလုပ်ရမှာကို။ မာဘာယိတ္ထ၊မကြောက်ကြကုန်လင့်။ ယဒိဒံ၊ယာနိပုညာနိ၊အကြင်ပုညကြိယာမှုတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတံ၊ ဤပုညကြိယာဟူသော အမည်သည်။ သုခဿ၊ ချမ်းသာခြင်း၏။ အဓိဝစနံ၊ အမည်တည်း။

ဒီဒေသနာတော်ကို ထောက်ဆခြင်းအားဖြင့်လဲအနှောင်အဖွဲ့တို့မှကင်းတဲ့ဒါနမျိုးကို ပြုလုပ်ရမည်ကို မကြောက်ရဘူးလို့ညွှန်းပြသွားတော်မူတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ဗုဒ္ဓသည် အနှောင်အဖွဲ့တရားမျိုးကို လုံးဝအလိုမရှိ၊သတ္တဝါတို့အနှောင်အဖွဲ့မှလွတ်မြောက်ရန်ကိုသာ အမြဲဟောတော်မူတယ်။ အထူးထင်ရှားသောသာဓကကိုပြရမယ်ဆိုလျှင်-

ဘုရားရှင်အပေါ်မှာ အလွန်ကျေးဇူးများတဲ့ သူဟာမိထွေးတော်ဂေါတမီပင် ဖြစ်တယ်။ ဂေါတမီဟာ ဘုရားရှင်ကိုအလွန်ကြည်ညိုသူဖြစ်တယ်။ ဒါနဲ့ဘုရားရှင်ကိုရည်သန်ပြီး မိမိကိုယ်တိုင်သင်္ကန်းများကို ယက်လုပ်တယ်။ ပြီးတဲ့ အခါ ဘုရားရှင်ကိုလှူတယ်။ ထိုအခါ ဘုရားရှင်ကမိထွေးတော်ဂေါတမီ အနှောင်အဖွဲ့မှ မလွတ်တာကိုသိတဲ့အတွက် အနှောင်အဖွဲ့မှ ကင်းလွတ်စေရန်....

သံဃေတုံ ဂေါတမိဒေဟိ၊ သံဃေတေဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿတိ၊ သံဃော စ။ ။ဟု ဟောတော်မူတယ်။

ဂေါတမီ၊ မိထွေးတော်ဂေါတမီ။ တံ့၊ သင်ဂေါတမီသည်။
ဣဒံ၊ ဤသင်္ကန်း တစုံကို။ သံဃေ၊ သံဃာကို။ ဝါ၊ သံဃာ
အား။ ဒေဟိ၊ပေးလှူပါလော့။ တေတယာ၊ သင်ဂေါတမီသည်။
သံဃေ၊ သံဃာ၌။ ဝါ၊ သံဃာအား။ ဒိန္နေ၊ ပေးလှူအပ်သည့်
ရှိသော်၊ အဟဥ္စေဝ၊ ငါဘုရားကို လည်းကောင်း။ သံဃောစ၊
သံဃာအားလည်းကောင်း။ ပူဇိတော၊ ပူဇော်ရာ ရောက်သည်။
ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ။

ဤဒေသနာတော် အလိုအားဖြင့်အနှောင်အဖွဲ့နှင့် ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုမျိုးကို ဗုဒ္ဓ အလိုမရှိသည်မှာ အလွန်ထင်ရှား တယ်။ နောက်ပြီးတော့ သံဃေဒိန္နံ မဟာဖလံဆိုတဲ့ ဤဒေသနာ တော်ကလဲထောက်ခံနေပြန်တယ်။ ဒါကြောင့်မာ တုမှေ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထဆိုသော ဒေသနာတော်မှာ အနှောင်အဖွဲ့တန်း လန်းနှင့်ပြုလုပ်တဲ့ ကုသိုလ်မျိုးကို ရည်သန်၍ ဟောတော်မူဒါ မဟုတ်ဘူး။ ကင်းရှင်းသော ကုသိုလ်မျိုးကိုရည်ပြီး ဟော တော်မူဒါ ထင်ရှားလှတယ်။ ဒါကြောင့် ဘုရားရှင်ပွင့်တော်မူမှ သာသူ့ရဲ့ သာသနာတော်အတွင်းမှာ ပြုလုပ်လှူဒါန်းခြင်းဟာ ဝိဝဋ္ဋနိဿိတဒါနလို့ ယူထိုက်တယ်။

သာသနာပ အခါမျိုးမှာ ဝိဝဋ္ဋနိဿိတဒါနမျိုး မရှိ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီခေတ်အခါရှိတဲ့ သရဘင်္ဂရသေ့စ သည်တို့ဟာ သံသရာမှထွက်မြောက်နိုင်တဲ့ ဒေသနာတော်များ ကိုဟောပြောခြင်းငှာ မစွမ်းနိုင်ကြဘူး။ နိဗ္ဗာန်ဆိုတဲ့ဝေါဟာရ လဲဖြစ်ပေါ်နေဟန် မရှိသေးဘူး။ ဒါကြောင့် သူတို့ဟောပြော

တဲ့တရားဒေသနာတော်တို့မှာ၊ အပါယ်လေးပါးမှလွတ်မြောက်ပြီး လူဘဝနတ်ဘဝတို့ကိုသာ အကျိုးပေးနိုင်တယ်။

အသိတရားဆိုတာဟာလဲ ဒါထက်ပေါ်ပြီး အကျိုးပေးအောင် ပြုလုပ်နိုင်တဲ့ အသိမျိုးမရှိဘူး။ ဒါကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါမှာ အနှောင်အဖွဲ့တရားတွေ မလွတ်ကြဘူး၊ ဘယ်လို အနှောင်အဖွဲ့လဲဆိုတော့လူဘဝ နတ်ဘဝတို့ကိုလိုချင်တောင်းတတဲ့ဘဝသမ္ပတ္တိ၊ စည်းစိမ်ချမ်းသာကိုလိုသားတဲ့ဘောဂသမ္ပတ္တိ၊ ပုဂ္ဂိုလ်စွဲ ကျောင်းစွဲ ဂိုဏ်းစွဲဆိုတဲ့ အနှောင်အဖွဲ့တို့ ဖြစ်တယ်။

ဒီလိုအနှောင်အဖွဲ့တရားတွေနှင့်ပြုလုပ်တဲ့ကုသိုလ်ကောင်းမှုမျိုးကို ဘုရားရှင်က ရှုတ်ချတော်မူတယ်။ ဘယ်လို ရှုတ်ချတော်မူသလဲဆိုတော့။ ။ တဏှာဝသေန ဘဝဘောဂတ္ထာယ ပဝတ္တိတံ ဟီနံ။ ။တဏှာဝသေန၊ တဏှာအလိုနှင့် တကွ။ ဘဝဘောဂတ္ထာယ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ အကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော ကုသိုလ်သည်။ ဟီနံ၊ ယုတ်၏။ ဝါ၊ အယုတ်ကုသိုလ် ဖြစ်၏။ ။ ဒီလို ဗုဒ္ဓက ရှုတ်ချတော်မူတယ်။ နောက်ပြီးတော့ သောကီဂုဏ် ပကာသနတွေကို လိုလားတောင်းတပြီး ပြုလုပ်တဲ့ ကုသိုလ်မျိုးကိုလဲ အယုတ်ကုသိုလ်အဖြစ် ဗုဒ္ဓက ရှုတ်ချတော်မူတယ်။

ယသကာမတာယ ပဝတ္တိတံဟီနံ။ ။ယသကာမတာယ၊ အကျော်အစောကိုလိုလားတောင်းတသောစိတ်ဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သည်ရှိသော်။ ဟီနံ၊ အယုတ်တည်း။ ဤကဲ့သို့ ဗုဒ္ဓက

ရှုတ်ချတော်မူတယ်။ဘာဖြစ်လို့လဲဆိုတော့သာသနာပအခါမျိုး မှာသာပြုလုပ်တဲ့ အနှောင်အဖွဲ့မကင်းတဲ့ ဝဋ္ဋနိဿိတဒါနကုသိုလ် မျိုးဖြစ်နေတဲ့အတွက် ဖြစ်တယ်။

ဒီသဘောတရားတွေကို ခြုံ့ပြီးကြည့်မည်ဆိုလျှင် သာသနာ အတွင်းမှာ ပြုလုပ်တဲ့ ကုသိုလ်ကို ဝိဝဋ္ဋနိဿိတဒါနလို့ ခေါ် တယ်။ သာသနာပအခါ ပြုလုပ်တဲ့ကုသိုလ်မျိုးကို ဝဋ္ဋနိဿိတ ဒါနလို့ ခေါ်တယ်။ ဒါကြောင့် ယခုခေတ် ပြုလုပ်နေကြတဲ့ ဒါနဟာ သာသနာတွင်းမှာ ပြုလုပ်တဲ့ဒါနလား၊ သို့မဟုတ် သာသနာပမှာပြုလုပ်တဲ့ ဒါနမျိုးလားဆိုတာကို၊ ပြုလုပ်ထား ကြတဲ့ အလှူရှင်များကသာ ဆုံးဖြတ်ကြပေတော့။

## ဝဋ္ဋနိဿိတဒါနနှင့်ဝိဝဋ္ဋနိဿိဒါန အကျိုးပေးကွာခြားပုံ

ရှေးတုံးက မာဃဆိုတဲ့ လုလင်ဟာ သာသနာပ အခါမှာ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်ဘယ်။ သူဟာ အသက် တိုင်းနေပြီး၊သေတဲ့အခါမှာ တာဝတိံသာနတ်ပြည်မှာသိကြား မင်းကြီး သွားဖြစ်တယ်။ စူဠရထနတ်သား၊ အနေကဝဏ္ဏ နတ်သားတို့က ဘုရားရှင် သာသနာတွင်းမှာ ဝိဝဋ္ဋနိဿိတဒါန မျိုးပြုလို့ သာဝတိံနတ်ပြည်မှာ နတ်သားဖြစ်တယ်။ သူတို့ဟာ တန်ခိုးအာဏာ ကြီးမားကြတယ်။ အရောင်အဝါလဲ အလွန် တောက်ပကြတယ်။ သိကြားမင်းကြီးဟာ အဲဒီ နတ်တွေနှင့်

တန်ခိုးမှာလဲ ယှဉ်လို့မရဘူး။ အရောင်အဝါမှာလဲယှဉ်လို့မရဘူး။ဒါကြောင့်သိကြားမင်းကြီးဟာ လမ်းသွားလမ်းလာမှာ ဒီနတ်သားတွေနှင့် တွေ့တဲ့အခါ လျှို့ဝှက် ရှောင်တိမ်းပြီး သွားရတယ်။

ဒါဘာဖြစ်လို့လဲ ဆိုတော့ သိကြားမင်းကြီး ကုသိုလ်က သာသနာပ အခါပြုလုပ်တဲ့ အနှောင်အဖွဲ့ မကင်းတဲ့ဝဋ္ဋနိဿိတဒါန ဖြစ်တယ်။ ဒါကြောင့် အကျိုးပေးခြင်း မတူဘူး။ ဝိဝဋ္ဋနိဿိတဒါနဟာ သံသရာက မထွက်မြောက် သေးသော်လဲ။ အကျိုးပေးတဲ့အခါ ထက်မြက်စွာ အကျိုးပေး တတ်တယ်။ ဒါကြောင့် သာသနာတွင်းမှာ ဉာဏ်ကုသိုလ်မျိုး ဖြစ်အောင် ပြုလုပ်တတ်ရမယ်။

## ဉာဏ်ကုသိုလ်

စိတ်အာရုံမှာ ဖြစ်ပေါ်လာတဲ့ ထီးလှူချင်တယ်၊ ဘိနပ်လှူချင်တယ်၊ သင်္ကန်းလှူချင်တယ် ဆိုတဲ့ စေတနာကုသိုလ် ပေါ်လာတယ်။ ဒီလိုပေါ်လာတဲ့ စေတနာကို ပုဗ္ဗစေတနာလို့ ခေါ်တယ်။ ဒီ ပုဗ္ဗစေတနာဟာလဲ ဖြစ်ပြီး ပျက်သွားတယ်။ ထီးလှူလိုတဲ့ ပုဂ္ဂိုလ်ဟာလဲ ထီး သွားဝယ်လိုတဲ့ စေတနာပေါ်လာတယ်။ ဘိနပ် သင်္ကန်း လှူလိုတဲ့ ပုဂ္ဂိုလ်များမှာလဲ ဒီ အတိုင်း ပေါ်လာတယ်။ လှူလိုတဲ့ ပစ္စည်းဝတ္ထုတို့ မိမိလက်ထဲမှာ ရှိနေဆဲ အချိန်မှာ ဖြစ်ပေါ်နေတဲ့ စေတနာကို မုဉ္စ စေတနာလို့ ခေါ်တယ်။ သူကလဲ ဖြစ်ပြီး ပျက်သွားတဲ့ သဘောဘဲ ရှိတယ်။ ဝတ္ထုပစ္စည်းများကို အလှူခံ ပုဂ္ဂိုလ်တို့အား လှူလိုက် ပြီးလို့

ပေါ်လာတဲ့စေတနာကို အပရစေတနာလို့ခေါ်တယ်။ ဒီစေတနာလဲ ဖြစ်ပြီး ပျက်သွားတယ်။

အဲဒီ စေတနာဆိုတဲ့အပွင့်ဓာတ်တို့ကို မနောဝိညာဏ် ကုသိုလ်ခေါ်တယ်။ ခန္ဓာအားဖြင့် ဝိညာဏက္ခန္ဓာ ဖြစ်တယ်။ အာယတနအားဖြင့် မနာယတန ဖြစ်တယ်။ ဓာတ်အားဖြင့် မနောဝိညာဏဓာတ်ဖြစ်တယ်။ သစ္စာအားဖြင့် အရိယာ ဒုက္ခသစ္စာဖြစ်တယ်။ ဒါဖြင့် စိတ်အာရုံမှာ ပေါ်လာတဲ့လျှုလိုတဲ့စေတနာဟာ အမှန်တော့ ခန္ဓာအာယတနဓာတ် သစ္စာတရားတို့ ပါလားလို့ ဉာဏ်ဖြစ်အောင် ရှုပွားပေးရယ်။ ဒီလိုအမှန်ကို အမှန် အတိုင်းသိရာ၌ ဒိဋ္ဌိကင်းစင်တယ်။

ဒါဖြင့် ဒီ ခန္ဓာအာယတနဓာတ်တို့က အကျိုးတရား၊ ဒီ အကျိုးတရား ပေါ်လာရခြင်းဟာ ထီးဘိနပ်စသည်တို့ကို လှူလိုတဲ့ အာရုံကြောင့် ဖြစ်တယ်။ ဒါကြောင့် အာရုံဟာ အကြောင်းတရား။ခန္ဓာအာယတနဓာတ်တို့ဟာ အကျိုးတရားတို့ဖြစ်တယ်။ ဒီလို အကြောင်း အကျိုးသိရာမှာ ဝိစိကိစ္ဆာ ကင်းစင်တယ်။ အာရုံမှာ ပေါ်တဲ့ ခန္ဓာအာယတနဓာတ်တို့ဟာ ရုပ်တရား နာမ်တရားတို့ ပါလားလို့ သိရင်၊ ငါ သူတပါး ယောကျ်ားမိန်းမ ဆိုတဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အတ္တဒိဋ္ဌိ ကင်းစင်သွားတယ်။

ရုပ်နာမ်ဆိုရင် ဖြစ်ပျက်တရားဘဲ၊ ရုပ်နာမ်တို့ရဲ့ မမြဲမှု ဖြစ်ပျက် အနိစ္စလက္ခဏာကို ထင်မြင်ရာမှာ တဏှာ ကင်းစင်တယ်။ မမြဲတဲ့သဘောကြောင့် ဝိပရိဏာမ ဖောက်ပြန်မှု သဘောက ဒုက္ခလက္ခဏာဖြစ်တယ်။ဒုက္ခလက္ခဏာထင်ရာမှာ မာနကင်းစင်တယ်။

ဆင်းရဲမှုဆိုတဲ့တရားဟာလဲ အတ္တဇီဝမှ ကင်းဆိတ်နေတဲ့ အနတ္တလက္ခဏာသဘောကို သိမြင်ရာမှာ ဒိဋ္ဌိကင်းစင်တယ်။

ဒီလို အာရုံမှာ ကျရောက်ဖြစ်ပေါ် လာပုံအကြောင်းအကျိုး တရားနှင့် တကွ။ ခန္ဓာဒြာယတန ရုပ်နာမ်၊ ဒီရုပ်နာမ် တို့ရဲ့ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ သဘောတို့ကို သိပြီး လှူတဲ့ အလှူဟာ လှူဆဲအခါ၌ အခိုက်အတန့်အားဖြင့် အနှောင်အဖွဲ့ တရားတို့မှ ကင်းလွတ် စင်ကြယ်တဲ့ အလှူဖြစ်ပြီး မြတ်တဲ့ ဒက္ခိဏေယျအလှူ ဖြစ်တယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာအတွင်းမှာ ဒါန စတဲ့ ကုသိုလ် ကောင်းမှုကို ပြုလုပ်တဲ့အခါမှာ ဒီလို ဉာဏ်ယှဉ်ပြီး ပြုလုပ်ရမယ်။

## ပုညကြိယာတရား (၁၀) ၏အရည်အသွေး

ဒါန-အနှောင်အဖွဲ့ တရားတို့မှလွတ်သောစွန့်ကြဲခြင်း။သီလ-အကုသိုလ်တရားတို့မှ လွတ်အောင် အလေ့ အကျင့်လုပ်၍ မနောမှာ ပညာ၊ ဝစီမှာ သမာဓိ၊ ကာယမှာ သီလတို့ဖြင့် စောင့်ထိန်းသော တရား။ သို့သော် အနှောင်အဖွဲ့ တရားတို့မှ ကင်းလွတ်ပြီး ဖြစ်ပေါ်လာတဲ့၊ ပေးကမ်းစွန့်ကြဲလိုတဲ့ စေတနာဖြစ်ပေါ်ချိန် အလိုလို ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ကင်းရှင်းပြီး သီလဖြစ်နေတယ်လို့ သိနေဒါဟာ ဘာဝနာပွားများခြင်း ဖြစ်တယ်။ မိမိပြုလုပ်တော့မည့် ကုသိုလ်ကောင်းမှုကို အကြိမ်ကြိမ်အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ခြင်းသည် ဘာဝနာဖြစ်တယ်။

တယောက်နှင့်တယောက် တွေ့ဆုံကြတဲ့ အခါ လာပါ ကြွပါ ထိုင်ပါ စားပါ သောက်ပါ စသည်ဖြင့် ဖိတ်ခေါ်တဲ့

သဘောဟာ အပစာယနဖြစ်တယ်။ ဝေယျာဝစ္စဆိုတာက အမှုကိစ္စကြီးငယ်တို့မှာ ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်ပေးခြင်းဖြစ်တယ်။ ပတ္တိဒါနဆိုတာကတော့ မိမိအာရုံအပေါ်မှာ ကျရောက်နေတဲ့ စေတနာဒါနကို သူတပါးတို့ကို အမျှပေးဝေခြင်းဖြစ်တယ်။ ပတ္တာနုမောဒနဆိုတာ သူတပါး အမျှပေးဝေတဲ့ ကုသိုလ်အာရုံများ ကျရောက်လာတဲ့အခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းဖြစ်တယ်။

ဓမ္မသဝနဆိုသည်မှာ ခန္ဓာအာယတနဓာတ်သစ္စာစတဲ့တရားစကားကို နာကြားမှတ်သားခြင်း ဖြစ်တယ်။ ဓမ္မဒေသနာကတော့ ရုပ်နာမ်ခန္ဓာစတဲ့ တရားစကားကို ဟောပြောခြင်း။ ဒိဋ္ဌိဇုကမ္မဆိုသည်မှာ အမြင်မှန်သဘောဖြင့် အနှောင်အဖွဲ့တို့မှ လွတ်အောင် ပြုလုပ်ခြင်းဖြစ်တယ်။ ကုသိုလ်ကောင်းမှုကို ပြုတဲ့အခါ ဒိဋ္ဌိဇုကမ္မဖြစ်ဖို့ အလွန်အရေးကြီးတယ်။

ဒါမှမဟုတ် တယောက်နှင့်တယောက် ပလွှားတုံပြိုင် မာနတွေထောင်လွှားပြီး ပြုလုပ်လျှင် ပေတဝတ္ထုတော်မှာ ပါတဲ့ ကျောင်းတကာနှင့် ကျောင်းဘုန်းကြီးလို ဖြစ်သွားနိုင်တယ်။

ရှေးတုံးအခါက ကျောင်းဘုန်းကြီးနှင့် ကျောင်းတကာတို့ ရှိသတဲ့၊ ကျောင်းတကာကလဲ ကျောင်းဆောက်လှူဒါန်းတယ်၊ ဒိဋ္ဌိဇုကမ္မ မဖြစ်ဘူး။ တပါးသောသူကို မနာလို ဝန်တိုကောက်ကျစ်တဲ့ သဘောနှင့် ကဲ့ရဲ့ရှုတ်ချပြောဆို လွန်ကျူးတယ်။ ဆရာကျောင်းဘုန်းကြီးကလဲ သူ့တကာလုပ်တာကို သဘောတူ အားပေးသတဲ့။

တကာသရာ နှစ်ယောက်လုံး အသက်အတိုင်းနေပြီး ကွယ်လွန်သွားကြတဲ့အခါ မစင်ခေါင်းထဲမှာ လောက်ကောင်သွားပြီးဖြစ်ကြသတဲ့။ ဖြစ်တဲ့အခါကျောင်းတကာ လောက်ကောင်က အပေါ်က၊ကျောင်းဘုန်းကြီးလောက်ကောင်က အောက်က ဖြစ်သတဲ့။ ဒီတော့ တကာလောက်ကောင်က မစင်တွေကိုစားပြီး စွန့်ချလိုက်တဲ့အခါ၊ ကျောင်းဘုန်းကြီးဆရာ လောက်ကောင်ကစားရတယ်ဆိုဘဲ။ ဒါကြောင့် စရိုက်ခြောက်ပါးလုံးတွင်ရှောင်ရမည့်စရိုက်ကိုရှောင်ပြီး ဆောင်ရမည့်စရိုက်ကိုဆောင်ကာ ကုသိုလ်ကောင်းမှု ပြုလုပ်ကြရမယ်။

## စရိုက်ခြောက်ပါး

လောဘစရိုက်၊ ဒေါသစရိုက်၊ ရာဂစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ပညာစရိုက်တို့ဖြစ်ကြတယ်။ ဤစရိုက် ခြောက်ပါတို့အနက် လောဘစရိုက်၊ ဒေါသစရိုက် ရာဂစရိုက်သုံးပါးတို့ဟာ ရှောင်ကြည်ရမည့် စရိုက်သုံးပါဖြစ်တယ်။ ဒီစရိုက်သုံးပါးဟာ မျိုးရိုးအလိုက်၊ အရပ်ဒေသအလိုက်၊ ပတ်ဝန်းကျင် အလိုက် အသိုင်းအဝိုင်းတို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတတ်တယ်။

ဗုဒ္ဓိစရိုက် သဒ္ဓါစရိုက် ပညာစရိုက် ဒီသုံးပါသော စရိုက်တို့ဟာ လိုက်နာကျင့်သုံးရမဲ့ စရိုက်သုံးပါးဖြစ်တယ်။ ဒီစရိုက်သုံးပါးဟာ ပညာရှိ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရမှ ဖြစ်ပေါ်လာနိုင်သော စရိုက်ဖြစ်တယ်။

လောဘစရိုက်ဆိုတာ လိုချင်နှစ်သက်ခြင်း တောင်းတခြင်း ထူပြောသောသဘော ဖြစ်တယ်။ ဒေါသ စရိုက်ဆိုတာက ကိုယ်

အမှုအရာနူတ်အမူအရာ ကြမ်းကြုတ်ထူပြောသော သဘောဖြစ်တယ်။ ရာဂစရိုက်ဆိုတာက စိတ်အာရုံမှာ ပြင်းစွာကပ်ငြိသော သဘောဖြစ်တယ်။ ဒီဒုစရိုက်သုံးပါး ထူပြောသော သူတို့ကိုလဲ ရှောင်ရှားရမယ်။ မိမိအာ့ရုံမှာ ကပ်လာရင်လဲ ချိုးနှိမ်ပစ်ရမယ်။ ဒီစရိုက်သုံးပါးဟာ မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံစည်တွေးတောခိုက်တို့မှာ ဖြစ်ပေါ်လာတတ်တယ်။ အဲသလို ဖြစ်ပေါ်လာဒါဟာ မသိမှု အဝိဇ္ဇာကြောင့် ဖြစ်တယ်။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့ မသိလို့ သင်္ခါရက ထင်ရာပြုလိုက်တော့ သာယာမှုတဏှာ၊ စွဲသမ်းမှု ဥပါဒါန်ဘဝဖြစ်လာယ်။ ဒီတဏှာဥပါဒါန်အာရုံတွေဟာစိတ်အာရုံမှာ လောဘနှင့် ဖောက်ပြန်လိုက်၊ ဒေါသနှင့် ဖောက်ပြန်လိုက်၊ မောဟနှင့် ဖောက်ပြန်လိုက်နဲ့ အကုသိုလ်ကံ အမှုတွေဖြစ်လာတယ်။ ဒီလို အာရုံတွေဖြစ်လာရင် ချိုးနှိမ်ပစ်ရမယ်။ မချိုးနှိမ်နိုင်လျှင် ကုသိုလ်က အကုသိုလ်ဖြစ်သွားမှာ သေချာတယ်။

## လိုက်နာကျင့်သုံးရမည့် စရိုက်သုံးပါး

သဒ္ဓါစရိုက် ဗုဒ္ဓိစရိုက် ပညာစရိုက် သုံးပါးဟာ လိုက်နာကျင့်သုံးရမည့် တရားဖြစ်တယ်။ ဒီစရိုက် သုံးပါးတို့ အနက် သဒ္ဓါစရိုက်ဆိုတာက သူတော်ကောင်းတရားမှာ ယုံကြည်စိတ်ချနိုင်တဲ့ သဘောဖြစ်တယ်။ ဗုဒ္ဓိစရိုက်ဆိုတာက အမှန်လေးပါးကို သိလိုခြင်းဖြစ်တယ်။ ပညာစရိုက်ဆိုတာက ခန္ဓာအာယတနဓာတ် စသော တရားကို ဟုတ်မှန်စွာ သိတတ်သော သဘောဖြစ်တယ်။ ဒီစရိုက်သုံးမျိုးဟာ မဂ္ဂင်ရှစ်ပါးမှာ ယှဉ်တယ်။

ကုသလပဒဥ္စ။ ။ ပညိန္ဒြေစေတသိက်
ဝိတက်စေတသိက်
ဝိရတိစေတသိက်သုံးလုံး
သတိစေတသိက်
ဝီရိယစေတသိက်
ဧကဂ္ဂတာစေသိက်တို့။ ပါဝင်တယ်။

## ဥဒေ္ဒယျမဉ်တရားငါးပါး

သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်ဆိုတဲ့ တရားငါးမျိုးဖြစ်တယ်။ သင်္ခါရသည် သင်္ခါရ ခြောက်မျိုးရှိတယ်။ ဒီခြောက်မျိုးက ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္စာဘိသင်္ခါရတို့ ဖြစ်တယ်။

ကာယဆိုဒါ ရူပကာယ နာမကာယ ဥတုဇကာယ အာဟာရဇကာယလို့ ကာယလေးမျိုး ရှိတယ်။ ဒီကာယ လေးမျိုးအကြောင်းကို ရှေ့က ဖော်ပြခဲ့ပြီးဖြစ်လို့ အထူး ဖော်ပြရန်မလိုတော့ပြီ။ သင်္ခါရဆိုတဲ့ သဘောက စေတနာကိုလဲ သင်္ခါရအဖြစ် ကောက်ယူဒါ ရှိတယ်။ ကြိုးစားမှု ပြုပြင်မှု ရုပ်တရားနာမ်တရားဆိုတဲ့ သဘောမျိုးတို့ကိုလဲ ကောက်ယူဒါ ရှိတယ်။ ဒါကြောင့် ဒီနေရာမှာ ကာယသင်္ခါရဆိုရင် ကာယကံအမှုကိုကောက်ယူထားတယ်လို့ မှတ်သားပါ။

ဝစီသင်္ခါရ ဝစီကံမှုကိုယူ။ မနောသင်္ခါရ မနောကံမှုကိုယူ။ ပုညာဘိသင်္ခါရ ဆိုတာက ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်မျိုးကိုခေါ်တယ်။ ကုသိုလ်ကောင်းမှုပြုလုပ်တဲ့အခါ ကာမသုဂတိ

ဘုံကို လိုလားတဲ့စိတ်၊ ရူပဘုံကို လိုလားတဲ့စိတ်နှင့်ပြုလုပ်တာကို ဆိုလိုတယ်။ ဒါကြောင့် ဘုရားရှင်က နိဒ္ဒေသပါဠိတော်မှာ-

တတ္ထ ကတမော ပုညာဘိသင်္ခါရော ကုသလာ
စေတနာ ကာမာဝစရာ ရူပါဝစရာ ဒါနမယာ
သီလမယာ ဘာဝနာမယာ အယံ ဝုစ္စတိ
ပုညာဘိသင်္ခါရော။

တတ္ထ၊ ထိုနှစ်ပါး၌။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရသည်။ ကတမော၊ အဘယ်နည်း။ ကာမာဝစရာ၊ ကာမာဝစရကုသိုလ်ဖြစ်သော။ ရူပါဝစရာ၊ ရူပါဝစရကုသိုလ် ဖြစ်သော။ ဒါနမယာ၊ ဒါနဖြင့်ပြီးသော။ သီလမယာ၊ သီလဖြင့်ပြီးသော။ ဘာဝနာမယာ၊ ဘာဝနာဖြင့်ပြီးသော။ ကုသလာ စေတနာ၊ ကုသိုလ်စေတနာတည်း။ အယံ၊ ဤတရားအစုကို။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရူပဘုံသို့ရောက်နိုင်တဲ့ ကမ္မဋ္ဌာန်းကတော့ ကသိုဏ်း(၁၀)ပါး၊ အသုဘ (၁၀) ပါး၊ ဗြဟ္မဝိဟာရတရား (၄) ပါး၊ အာနာပါနဿတိ (၁) ပါး၊ ကာယဂတာသတိ (၁) ပါး၊ ပေါင်းလိုက်တော့ (၂၆) ပါး ဖြစ်တယ်။

အပုညာဘိသင်္ခါရဆိုတာကတော့အကုသိုလ်စေတနာ(၁၂)ခုကိုခေါ်ခြင်းဖြစ်တယ်။ အမှန်ကတော့ လောဘ ဒေါသ မောဟ တရားတွေဖြစ်တယ်။ ဒါကြောင့် ဒွါဒသာ အကုသလ ာစေတနာ အပုညာဘိသင်္ခါရော။ ဒွါဒသာ၊ ဆယ့်နှစ်ပါးကုန်သေ ာ။အကု

သလာဝစေတနာ၊အကုသိုလ်စေတနာသည်။ အပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရမည်၏။

ဒီတော့ ဒီနေရာမှာ အထူးသိရမှာက ဒါနစတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်နေဆဲ အခါမှာ လောဘ ဒေါသ မောဟတရားများ အခြံအရံပါလာလျှင် အကုသိုလ်ဘက်သို့ ယိုင်သွားပြီလို့သာ မှတ်ကြရမည်။

## အာနဉ္ဇာဘိသင်္ခါရ

ကုသိုလ်ကောင်းမှုပြုလုပ်တဲ့အခါအရူပဘုံသို့ရောက်လိုတဲ့စိတ်အာရုံဖြင့် ပြုလုပ်ခြင်းဖြစ်တယ်။ အာရုပ္ပ ကမ္မဋ္ဌာန်းလေးပါးကို ပွားများ အားထုတ်တယ်။ ဒီအာရုပ္ပ ကမ္မဋ္ဌာန်းဟာ စျာန်ကို ဖြစ်စေတတ်တယ်။ ဒါကြောင့် စတ္တာရော ပန အာရုပ္ပါ အရူပ စျာနိကာ။ ။ပန၊ ရူပါဝစရ စျာန်မှတပါး အရူပါဝစရ စျာန်၏ အာရုံကို ဆိုဦးအံ့။ စတ္တာရော၊ လေးပါးကုန်သော။ အာရုပ္ပါ၊ အာရုပ္ပကမ္မဋ္ဌာန်းတို့သည်။ အရူပစျာနိကာ၊ အရူပ စျာန်၏အာရုံ ဖြစ်ကုန်၏။

## အာရုပ္ပကမ္မဋ္ဌာန်းလေးပါး

အာကာသာနဉ္စာယတနတပါး။
ဝိညာဏဉ္စာယတန တပါး။
အာကိဉ္စညာယတနတပါး။
နေဝသညာနာသညာယတန တပါး။ ပေါင်းလေးပါး။

ကသိုဏ်း (၁၀) ပါးတို့တွင် အာကာသ ကသိုဏ်းကိုကြဉ်၍ ကသိုဏ်းတပါးပါးကို အားထုတ်ခြင်း၊ ကောင်းကင်ပညတ်ကို

အာကာသော အနန္တော၊ ကောင်းကင်ကြီး အဆုံးမရှိ- ဟု အားထုတ်ခြင်း။ ဝိညာဏံ အနန္တံ၊ အသက်ခေါ်သော ဝိညာဏ် သည် အဆုံးမရှိဟု အားထုတ်ခြင်း။ နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ။ ကိဉ္စိ၊ တစုံတခုသော ဝိညာဏ်သည်။ နတ္ထိ၊ မရှိဟု အားထုတ် ခြင်းတို့ ဖြစ်ကြသည်။

## သုံးဆယ့်တဘုံ

အရူပလေးဘုံ။ ။ အာကာသာနဉ္စာယတနဘုံ။
။ ဝိညာဏဉ္စာယတန ဘုံ။
။ အာကိဉ္စညာယတန ဘုံ။
။ နေဝသညာနာသညာယတနဘုံ။

## ရူပဆယ့်ခြောက်ဘုံ

ပထမစျာန်သုံးဘုံ။ ။ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊
။မဟာဗြဟ္မာဘုံ။
ဒုတိယစျာန်သုံးဘုံ။ ။ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊
။အာဘဿရာဘုံ။
တတိယစျာန်သုံးဘုံ။ ။ပရိတ္တာသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊
။သုဘကိဏှာဘုံ။
စတုတ္ထစျာန်(၇)ဘုံ။ ။ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊
။သုဒ္ဓါဝါသ ငါးဘုံ။
သုဒ္ဓါဝါသငါးဘုံ။ ။အဝိဟာဘုံ၊ အတပ္ပါဘုံ၊သုဒဿာဘုံ၊
။သုဒဿီဘုံ၊ အကနိဋ္ဌဘုံ။

## ကာမသုဂတိ (၇) ဘုံ

လူ့ဘုံ။
စတုမဟာရာဇ် ဘုံ။
တာဝတိံသာ ဘုံ။
ယာမာ ဘုံ။
တုသိတာ ဘုံ။
နိမ္မာနရတိ ဘုံ။
ပရနိမ္မိတ ဝသဝတ္တီ ဘုံ။

## အပါယ်လေးဘုံ

ငရဲ ဘုံ။
တိရစ္ဆာန် ဘုံ။
ပေတ္တာ ဘုံ။
အသူရကာယ် ဘုံ။

ဤကာမသုဂတိ ခုနစ်ဘုံနှင့် အပါယ်လေးဘုံကို ပေါင်းလျှင် ကာမဆယ့်တဘုံဟုခေါ်သည်။ ဗြဟ္မာဘုံနှစ်ဆယ်နှင့် ကာမဆယ့်တဘုံကိုထပ်၍ ပေါင်းလျှင် သုံးဆယ့်တဘုံ ဟု ခေါ်သည်။ ။

## ဘုံအလိုက်အကျိုးပေးပုံ

ပုညာဘိသင်္ခါရ ကုသိုလ်ထဲမှာ ကာမာဝစရ ကုသိုလ်နှင့် ရူပါဝစရ ကုသိုလ်နှစ်ပါး ပါဝင်တယ်။ ကာမာဝစရကုသိုလ်က ကာမသုဂတိ ခုနစ်ဘုံမှာ အကျိုးပေးတယ်။ ရူပါဝစရကုသိုလ်

က ရူပဘုံမှာ အကျိုးပေးတယ်။ အပုညာဘိသင်္ခါရ အကုသိုလ်ကံက အပါယ်လေးဘုံမှာ အကျိုးပေးတယ်။ သုဒ္ဓါဝါသငါးဘုံမှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ်များသာ ဖြစ်ကြတယ်။

## ဝိကာရ

ဝိကာရဆိုတာက ဝိပရိဏာမ ဖေါက်ပြန်ခြင်းသဘောပင်ဖြစ်တယ်။ ဘယ်လို ဖေါက်ပြန်သလဲဆိုရင် ပြုပြင်မှု အခြင်းအရာသဘောအားဖြင့် ဖောက်ပြန်တယ်။ ဥပမာ ပထဝီဓာတ်ဆိုကြပါစို့၊ ပထဝီဆိုတဲ့ သဘောက မာတဲ့သဘော ပျော့တဲ့သဘောကို ခေါ်တယ်။ မာတာလဲ အကျိုးတရား၊ ပျော့တာလဲအကျိုးတရားဖြစ်တယ်။ ဒီအကျိုးတရားနှစ်ပါး ဖြစ်လာအောင် ပြုပြင်ပေးနေတဲ့ သဘောကို အခြင်းအရာ အားဖြင့် ဖောက်ပြန်တဲ့ ဝိကာရလို့ခေါ်တယ်။ တနည်းအားဖြင့်မှာ တာကိုပျော့အောင် ပြုပြင်ခြင်းသဘော၊ ပျော့တာကို မာအောင် ပြုပြင်ခြင်းသဘောတို့ဖြစ်တယ်။

## လက္ခဏာ

လက္ခဏာဆိုတဲ့ သဘောကတော့ မှတ်သားကြောင်းသဘောဖြစ်တယ်။ မြင်တဲ့အခါမြင်တယ်လို့စိတ်အာရုံမှာ သညာအမှတ်ပေါ်လာတယ်။ ကြားတဲ့အခါ ကြားတယ်လို့ သညာပေါ်လာတယ်၊ ဒီသဘောပင် ဖြစ်တယ်။ ။ဥပမာ ထန်းလျက်ဆိုကြပါစို့ရဲ၊ ဒီထန်းလျက်ကို စားတဲ့အခါ ချိုတယ်ဆိုတဲ့အရသာ ပေါ်လာတယ်၊ ချိုတယ်လို့အရသာကိုသိတဲ့ သဘောဟာ သညာ သိမှတ်ကြောင်းလက္ခဏာ ဖြစ်တယ်။

## နိဗ္ဗာန်

နိဗ္ဗာန်ဆိုတဲ့ သဘောဟာ ဝါနကိုခေါ်တယ်။ တဏှာမှလွတ်ကင်းရာ ချုပ်ငြိမ်းရာ သဘောဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်ဟာ နိဝါနသဒ္ဒါမှ ဆင်းသက်လာတဲ့ ပုဒ်ဖြစ်သောကြောင့် ဖြစ်တယ်။

ဝါန။ နိဝါန။ နိဝါနကိုပုဒ်ခွဲသော်
နိ+ဝ+ါန လို့ဖြစ်လာတယ်။ (ါန = အာန)
နိ+ဗ+ါ န။ ဝ ကို ဗ ပြုသည်။
နိ ဗ္ဗ+ ါန။ ဗ ကို ဗ္ဗ နှစ်လုံး ဒွေးဘော်ပြုသည်။
နိဗ္ဗာန။ ဗ္ဗ နှစ်လုံးကို အာနှင့် ဆက်ထားသည်။

ဒါကြောင့် နိဗ္ဗာနသဒ္ဒါဟာ၊ နိဝါန သဒ္ဒါမှ ဆင်းသက်လာသည်။ နိသဒ္ဒါက ကင်းလွတ်ခြင်း အနက်ကိုဟောတယ်၊ ဝါနက နှစ်သက်သာယာ လိုချင်တောင်းတမှု တဏှာဖြစ်တယ်။ ဒါကြောင့် နိဗ္ဗာန်ဆိုတာ တဏှာ၏ ချုပ်ငြိမ်းရာဖြစ်တယ်။

## ပညတ်

ပညတ်ဆိုတာ လောက လူသားတို့ ဝေါဟာရ အခေါ်အဝေါ် အပြောအဆိုအားဖြင့် သုံးနှုန်းခေါ်ဝေါ်ပြောဆိုသော စကားဖြစ်တယ်။ ဒါ့ကြောင့် ခေါ်ဝေါ်ပြောဆို သုံးနှုန်းသော အမည် အားလုံးဟာ ပညတ် ဖြစ်တယ်။ တနည်း ပြောရလျှင် ပညတ်ဟာ ပရမတ္ထတရားမှ ထွက်လာသော အရိပ်ဖြစ်တယ်။ မာတဲ့သဘော ပရမတ်ရှိလို့ မာတယ်ဆိုတဲ့ ပညတ်အမည် ဖြစ်

လာတယ်။ ပူတယ်ဆိုတဲ့ ပညတ်အမည်ရှိလာရတယ်။ ဒါကြောင့် ပရမတ်ရှိလို့ ပညတ်ရှိလာရဒါ ဖြစ်တယ်။

## သိကောင်းစရာအချက်များ

### ပဥ္စာရုံ ဝိညာဏ် သမ္ပုတ် အမှန်လေးပါး

မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ငါးဌာန ပဥ္စာရုံမှာ ပေါ်လာတဲ့ ဝိဉာဏ်သမ္ပုတ်က ရုပ်ကိုနာမ်လိန်ပြီး ပေါ်လာတဲ့ ရုပ်နာမ်ဖြစ်တယ်။ ဒါကြောင့် ရုပ်အကြောင်း နာမ်အကျိုးဖြစ်တယ်။ ရုပ်သမုဒယသစ္စာ နာမ်ဒုက္ခသစ္စာ ဖြစ်တယ်။ ဒီရုပ်နာမ်တို့ဟာ ရုပ်ရိပ်နာမ်ရိပ် အနတ္တလက္ခဏာဖြစ်တဲ့ အတွက် နိရောဓသစ္စာဖြစ်တယ်။ ဒီလိုသစ္စာတရားတို့ကို ပိုင်းပိုင်း ခြားခြား သိဒါက မဂ္ဂသစ္စာဖြစ်တယ်။

### ဓမ္မာရုံ သညာသမ္ပုတ်ဥ အမှန်လေးပါး

ဓမ္မာရုံ သညာသမ္ပုတ်မှာ ပေါ်လာတဲ့ ရုပ်နာမ်ဟာ နာမ်က ရုပ်ကို လိန်လို့ ပေါ်လာတဲ့ အကြောင်းရုပ် အကျိုးနာမ်ဖြစ် တယ်။ နာမ်က သမုဒယသစ္စာဖြစ်တယ်။ ရုပ်က ဒုက္ခသစ္စာ ဖြစ် တယ်။ စိတ်အာရုံမှာ ပေါ်လာတဲ့ရုပ်နာမ်ဟာ အဘာဝအဗျာ ကတ ပရမတ္ထအရိပ်အနတ္တလက္ခဏာဖြစ်တယ်။ အနတ္တလက္ခဏာ ကို သစ္စာဖွဲ့လျှင် အနတ္တလက္ခဏာ နိရောဓသစ္စာ ဖြစ်ဘယ်။ ဒီသစ္စာသုံးပါးကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြားသိဒါက ပညာ သီလ သမာဓိ ဆိုတဲ့ မဂ္ဂသစ္စာဖြစ်တယ်။

## မိစ္ဆာမဂ္ဂင်၌ အမှန်လေးပါး

မိစ္ဆာဒိဋ္ဌိ။ အကုသိုလ်အလုပ်ကို လုပ်ရာ၌ ကောင်းသည်ဟု အယူရှိခြင်း။

မိစ္ဆာသင်္ကပ္ပ။ သူ့အသက်ကို သတ်ခြင်းစတဲ့ မကောင်းမှုနှင့် အသက်မွေးရန် ကြံစည်တွေးတောခြင်း။

မိစ္ဆာဝါစာ။ မကောင်းမှုအလုပ်ကိုသာ ပြောဆိုခြင်း။

မိစ္ဆာကမ္မန္တ။ မကောင်းမှု အကုသိုလ်အလုပ်ကိုလုပ်ခြင်း။

မိစ္ဆာအာဇီဝ။ မကောင်းမှု အကုသိုလ်အလုပ်နှင့် အသက်မွေးခြင်း။

မိစ္ဆာဝါယမ။ မကောင်းမှုကိုလုပ်ရန် ကြိုးစားခြင်း။

မိစ္ဆာသတိ။ မကောင်းမှုအကုသိုလ် အလုပ်ကိုသာ အမှတ်ရခြင်း။

မိစ္ဆာသမာဓိ။ အကုသိုလ်အာရုံ၌သာ တည်ကြည်နေခြင်း။ဆိုတဲ့ မိစ္ဆာမဂ္ဂင်ရှစ်ပါးဖြစ်တယ်။

ဒုက္ခသစ္စာ။ အကုသိုလ်အမှုတို့ကို ကိုယ်စိတ်နှစ်ပါးဖြင့် ဆင်းရဲစွာပြုလုပ်ခြင်း။

သမုဒယသစ္စာ။ အကုသိုလ် အမှုတို့ဖြင့်သာ အသက်မွေးလိုတဲ့ တဏှာလောဘ။

နိရောဓသစ္စာ။ အကုသိုလ်အမှုတို့ကို ပြုလုပ်နေစဉ် ကာမာဝစရကုသိုလ်၊ရူပါဝစရကုသိုလ်၊အရူပါဝစရကုသိုလ်၊ ဝိပဿနာဉာဏ် ကုသိုလ်တို့ ချုပ်ငြိမ်းနေခြင်း။

မဂ္ဂသစ္စာ။ အကုသိုလ်အမှုကို ပြုလုပ်နေစဉ်၊ သမ္မာမဂ္ဂသစ္စာ ချုပ်ငြိမ်းနေ၍ အသက်ပါမိစ္ဆာ မဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်နေခြင်း။

## မူလနှစ်ပါး

မူလနှစ်ပါးကား အဝိဇ္ဇာ တဏှာ တို့ဖြစ်ကြတယ်။

အဝိဇ္ဇာသည်။ ။အမှန်လေးပါးကို မသိခြင်း ဖြစ်တယ်၊ ဒိဋ္ဌိစရိုက်အားကြီးခြင်းအားဖြင့် အဝိဇ္ဇာ မူလကို ဟောတယ်။

တဏှာ ။ ။နှစ်သက်သာယာခြင်း၊ တောင်းတခြင်း ဖြစ်တယ်။ တဏှာစရိုက် အားကြီးခြင်း အားဖြင့် တဏှာမူလကို ဟောတယ်။ [တနည်း] ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်သတ်နိုင်ရန် အတွက်အဝိဇ္ဇာမူလကိုဟောတယ်။ သဿတဒိဋ္ဌိကိုပယ်သတ်နိုင်ရန်အတွက် တဏှာမူလကို ဟောတယ်။

## ကာလသုံးပါး

အဝိဇ္ဇာနှင့် သင်္ခါရ အင်္ဂါနှစ်ပါးက အတိတ်ကာလ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ အင်္ဂါရှစ်ခုတို့က ပစ္စုပ္ပန်ကာလ။ ဇာတိဇရာ မရဏ နှစ်ပါးတို့က အနာဂါတ်ကာလ တို့ဖြစ်တယ်။

## အစပ်သုံးစပ်

(၁) သင်္ခါရနှင့် ပဋိသန္ဓေဝိညာဏ် အကြားရှိ တစပ်။ (အတိတ်အကြောင်းကာလနှင့် ပစ္စုပ္ပန် အကျိုးကိုယူ)
(၂) ဝေဒနာနှင့် တဏှာအကြားရှိ တစပ်။ (ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းကိုယူ)
(၃) ဘဝနှင့်ဇာတိ အကြားရှိ တစပ်။ (ပစ္စုပ္ပန်အကြောင်းနှင့် အနာဂါတ်အကျိုးကိုယူ။)

## အလွှာလေးလွှာ

အဝိဇ္ဇာနှင့်သင်္ခါရတို့က အတိတ်အကြောင်းတလွှာ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့က ပစ္စုပ္ပန် အကျိုး တလွှာ။ တဏှာ ဥပါဒါန်ဘဝတို့က ပစ္စုပ္ပန်အကြောင်းတလွှာ။ ဇာတိနှင့် ဇရာမရဏတို့က အနာဂါတ်အကျိုး တလွှာ။ ပေါင်း လေးလွှာ။

## အခြင်း အရာ (၂၀)

အဝိဇ္ဇာ။
သင်္ခါရ။
တဏှာ။
ဥပါဒါန်။
ကမ္မဘဝ။ အတိတ်အကြောင်း
အခြင်းအရာငါးပါး။

အကြောင်းထဲမှအကျိုးထွက်။ ဝိညာဏ်။
နာမ် ရုပ်။
သဠာယတန။
ဖဿ။
ဝေဒနာ။ ပစ္စုပ္ပန်အကျိုးအခြင်း
အရာ ငါးပါး။

---

အကျိုးထဲမှ အကြောင်းထွက်။တဏှာ။
ဥပါဒါန်။
ကမ္မဘဝ။
သင်္ခါရ။
အဝိဇ္ဇာ။ ပစ္စုပ္ပန်အကြောင်း
အခြင်းအရာငါးပါး။

---

အကြောင်းထဲမှအကျိုးထွက်။ဝိညာဏ်။
နာမ် ရုပ်။
သဠာယတန။
ဖဿ။
ဝေဒနာ။ အနာဂါတ်အကျိုး
အခြင်းအရာ ငါးပါး။
ပေါင်း အခြင်းအရာ (၂၀) ဖြစ်တယ်။

## ဝဋ်သုံးပါး

(၁) သင်္ခါရနှင့် ကမ္မဘဝတို့က ကမ္မဝဋ်။
(၂) အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့က ကိလေသဝဋ်။
(၃) ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတို့က ဝိပါကဝဋ်။

## ကာယိကဒုက္ခ

ဇာတိဒုက္ခ။
ဇရာဒုက္ခ။
ဗျာဓိဒုက္ခ။
မရဏဒုက္ခ။
ဒီကာယိကဒုက္ခဟာ ဒုက္ခသာမည်၏၊ အရိယာဒုက္ခသစ္စာ မထိုက်ဘူး သမ္မုတိလောကီသစ္စာမျှသာဖြစ်တယ်။

## စေတသိကဒုက္ခ

အပ္ပိယေဟိသမ္ပယောဂေါ ဒုက္ခော။ ။အပ္ပိယေဟိ၊ မချစ်မနှစ်သက်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူယှဉ်တွဲနေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ။ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော။ ပိယေဟိ၊ ချစ်ခင်နှစ်သက်သော သူတို့နှင့်။ ဝိပ္ပယောဂေါ၊ကွဲခွာနေထိုင်ရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ။ယမ္ပိစ္ဆံ န လဗ္ဘတိ။ တမ္ပိ ဒုက္ခံ ။ ။ယမ္ပိစ္ဆံ၊ အကြင်အလိုရှိအပ်သော အရာကို၊ နလဗ္ဘတိ၊ မရ။ တမ္ပိ၊ ထိုအလိုရှိသည်ကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ ။ဒီတရားသုံးပါးတို့ဟာ သမုဒယသစ္စာလဲ

ထိုက်တယ်၊ အရိယာ ဒုက္ခသစ္စာ ထိုက်သော တရားတို့လဲ ဖြစ်တယ်။

## ဝိရတီသုံးပါး

သမာဒါနဝိရတီ။
သမ္ပတ္တဝိရတီ။
သမုစ္ဆေဒဝိရတီ။ ဖြစ်တယ်။

ဒီသုံးပါးသော ဝိရတီတို့အနက်။ သမာဒါန ဝိရတီဆိုတာ ဘုရားရှင်၏ ရုပ်တု ဆင်းတုများ၌ငှင်း။ တစုံတယောက်သော ပုဂ္ဂိုလ်ထံ၌ငှင်း။ သီလကို ခံယူဆောက်တည်ခြင်းဖြစ်တယ်။

သမ္ပတ္တဝိရတီဆိုတာ မည်သည့်တဦးတယောက်ထံမှာမှ သီလကို ခံယူဆောက်တည်ခြင်း မရှိသော်လည်း၊ သီလပျက်စေနိုင်တဲ့ အခွင့်အခါတိုင်းနှင့် ကြုံကြိုက်တဲ့အခါ မလွန်ကျူးဘဲ ရှောင်ကြည်ခြင်းဖြစ်တယ်။

သမုစ္ဆေဒဝိရတီဆိုတာကတော့။ အကုသိုလ်အမှုတို့ကို ကျူးလွန်နိုင်ရန် အခွင့်အရေး ရှိသော်လည်း အကုသိုလ်အမှုတို့မှ အမြဲရှောင်ကြဉ်ခြင်းဖြစ်တယ်။ ဒီဝိရတီ သုံးပါးတို့အနက်သမာဒါန ဝိရတီနှင့် သမ္ပတ္တ ဝိရတီတို့ဟာ အကုသိုလ်တရားတို့မှ ဝေးစွာရှောင်ရှားတဲ့ အာရတီ သီလဖြစ်တယ်။ သမုစ္ဆေဒဝိရတီက အကုသိုလ်အမှုတို့မှ အထူးရှောင်ကြဉ်ခြင်းဆိုတဲ့ ဝိရတီ သီလ ဖြစ်တယ်။

# နိဂုံးချုပ်

ဤမျှသောစကားအစဉ်ဖြင့်။ နိဗ္ဗာန်ချမ်းသာကို လိုလားကြကုန်သော သူတော်ကောင်းအပေါင်းတို့ဟာ ဗုဒ္ဓရဲ့ဆိုလိုရင်းဖြစ်တဲ့ ရုပ်နာမ်းရဲ့ အနတ္တဓမ္မသဘာဝကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း သိမြင်ပြီးကာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်အမြင်ပေါက်လို့ နိဗ္ဗာန်သို့ ရောက်နိုင်ကြစေရန် ရည်သန်၍၊ ရေးစီရင်အပ်သော ဗုဒ္ဓပညာခေါ် (ဗုဒ္ဓအသိကျမ်း)သည် ဤတွင်ပြီးဆုံးပြီ။

## အာသီသ ပနတ္ထာဂါထာ

ဗုဒ္ဓဇာနန သင်္ခါတော၊ ဂန္ထောယံ ဟိ သုနိဋ္ဌိတော။
ဠမိနာ ပုညကမ္မေန၊ သဒါ ဟောန္တု ဟိတာဝဟာ။

ဟိ၊ နိဂုံချုပ်စကား စီရင် ရေးသားလိုက်ပါဦးအံ့။ ဗုဒ္ဓဇာနန သင်္ခါတော၊ သင်္ချေလေးရပ်တသိန်းကပ်မျှ ကာလမြင့်ရှေ ရှာဖွေခဲ့ရသော၊

အနုတ္တသဘာဝ ဗုဒ္ဓ၏ အသိပညာကို ထင်ရှား ပေါ်လွင်စွာ ဖေါ်ပြရာဖြစ်သောကြောင့် (ဗုဒ္ဓ အသိ)ဟု ခေါ်တွင် ပညတ် သမုတ်အပ်သော။ အယံဂန္ထော၊ ငါကဲ့သို့ပင် သူတော်စင်တို့ လွယ် လင့်တကူ သိမြင်သူအဖြစ်သို့ ရောက်စေတတ် သော ဤကျမ်းသည်။ သုနိဋ္ဌိတော၊ ခြောက်လ မျှတာ ကြိုးပမ်းကာဖြင့် ကောင်းစွာချီးမြှောက် အပြီး ရောက်ခဲ့လေပြီ။ ဣမိနာ ပုညကမ္မေန၊ နေ့စဉ်မှန်မှန် ကျမ်းဂန်ကိုပြု ဤကောင်းမှု ကြောင့်။ သဒါ၊ နေ့ရောညပါ ကာလမဆိုင်း အချိန်တိုင်းပင်။ သန္တော၊ တိဟိတ်ပဋိသန် ပင် ကိုဉာဏ် ရှိကြကုန်သော သူတော်ကောင်း အပေါင်းတို့သည်။ ဟိတာဝဟာ၊ သတ္တဝါတို့ အား နိဗ္ဗာန်တည်းဟူသော အကျိုးစီးပွါးကို ရွက်ဆောင်တတ်ကြကုန်သည်။ ဟောန္တု၊စင်စစ် မသွေ ဖြစ်ကြပါစေကုန်သတည်း။

ဗုဒ္ဓအသိကျမ်းပြီး၏။

ဒဂုဏ်အရှင်သုမန
(ပြင်ချောင်းကြီး ဆရာတော်)
အနုတ္တဝါဒီကျောင်း
သာကေတ။

# ပြင်ဆင်ချက်

| | အမှား | အမှန် | နှာ | ရေ |
|---|---|---|---|---|
| ၁။ | သတ္တောနမ | သတ္တောနာမ | ၁၅ | ၉ |
| ၂။ | မသောခင်ထုံးက | မသောခင်တုံးက | ၁၆ | ၈ |
| ၃။ | သမ္မဝါစာမဂ္ဂင် | သမ္မာဝါစာမဂ္ဂင် | ၁၈ | ၁၄ |
| ၄။ | တဏှာမာန ဒိဋ္ဌိ | တဏှာမာန ဒိဋ္ဌိ | ၂၂ | ၁၈ |
| ၅။ | သောဟဆိုရင် | သောတဆိုရင် | ၃၉ | ၂ |
| ၆။ | အကြည့်ရှင်တို့ | အကြည်ရှုပ်လို့ | ၃၉ | ၃ |
| ၇။ | စိစ္ဆရိယ | မစ္ဆရိယ | ၅၄ | ၁၉ |
| ၈။ | ဒုက္ခကြိစွာ | ဒုက္ခကြီးစွာ | ၅၂ | ၂ |
| ၉။ | ဒိဋ္ဌပါဒါန် | ဒိဋ္ဌု ပါဒါန် | ၆၄ | ၂၀ |
| ၁၀။ | စူဠသောတောပန် | စူဠသောတာပန် | ၅၂ | ၁၅ |
| ၁၁။ | ပဉ္စာဝိညာဏ် သမုတိ | ပဉ္စာရုံ ဝိညာဏ်သမုတိ | ၇၈ | ၂၀ |
| ၁၂။ | ဘာဝိဘာ | ဘာဝိတာ | ၈၇ | ၁၅ |
| ၁၃။ | ဝိဿနာတရား | ဝိပဿနာတရား | ၉၀ | ၂၁ |
| ၁၄။ | တမထ ကုသိုလ် | သမထ ကုသိုလ် | ၉၅ | ၂၁ |
| ၁၅။ | ဥကုဇ တာယ | ဥတုဇကာယ | ၁၀၇ | ၁၈ |
| ၁၆။ | မုဒိသာဖြစ်တယ် | မုဒိတာဖြစ်ဘယ် | ၁၂၃ | ၁၆ |
| ၁၇။ | သစ်သားကို ယရင် | သစ်သားကို ထုရင် | ၁၂၇ | ၁၄ |
| ၁၈။ | ရှုတ်ချတော်မူတယ် | ရှုတ်ချတော်မူတယ် | ၁၃၉ | ၁၀ |
| ၁၉။ | ဝဋ္ဋဿိနိဘဒါနနှင့် ဝိဝဋ္ဋနိဿိဒါန် | ဝဋ္ဋနိဿိတဒါနနှင့် ဝိဝဋ္ဋနိဿိတဒါ | ၁၄၄ | ၁၀ |

ဤစာအုပ်၌–

၁။ အတ္တ၊ အနတ္တကို ရှင်းလင်းထားသည်။
၂။ ရုပ်၊ နာမ်၊ သင်္ခါရ၊ တရားတို့ကို ရှင်းလင်းထားသည်။
၃။ သစ္စာလေးပါးကို ရှင်းလင်းထားသည်။
၄။ ခန္ဓာငါးပါးကို ရှင်းလင်းထားသည်။
၅။ ပညတ်ပရမတ် ခွဲပြထားသည်။
၆။ နိဗ္ဗာန်ကိုမြင်အောင် ပြထားသည်။
၇။ သမုတိသစ္စာ၊ ပရမတ္ထသစ္စာ ရှင်းလင်းထားသည်။
၈။ သံသရာနှင့် သတ္တဝါအကြောင်း နားလည်အောင် ရေးထားသည်။
၉။ စကားပြောဖြင့် ခေတ်မီအောင် တင်ပြထားသည်။
၁၀။ ဖတ်မိသည့် ဝါကျတိုင်း နားလည်သဘောပေါက် [illegible] ရမည်။

ဦးဝင်း(၀၀၁၂) ကာလာမောင်ဝင်းပုံနှိပ်တိုက် ၁၂၈–ဗိုလ်ချုပ်လမ်း ရန်ကုန်။